www.burmeseclassic.com

ဂမ္ဘီရ ဆန်းကြယ် လုံးချင်း ဝတ္ထု

အောင်မြင့်

# ကြိုခကွ (၂)

ပလ္လင်သုံးဆင့် မြှင့်လေလာ




www.burmeseclassic.com

www.burmeseclassic.com







**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် ၅၀၀၉၄၇၀၉၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၁၁၁၁၀၄၁၁၁၀





**ထုတ်ဝေသူ** ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

**ဖြန့်ချိရေး** အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ် နှင့် မျက်နှာဖုံးပုံနှိပ်** အောင်မြင်ပုံနှိပ်တိုက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်၊ (ဇန်နဝါရီလ)၊ အုပ်ရေ(၅၀၀)၊ တန်ဖိုး(၂၀၀၀)ကျပ်။

ရွှေ၈၃
တြိစကူ
ပလ္လင်သုံးဆင့်မြိုင်သောလာ / တြိစကူ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၀။
၂၄၀ - စာ၊ ၁၃-၅ x ၂၁ စင်တီ။
(၁) တြိစကူ


www.burmeseclassic.com

www.burmeseclassic.com

# အသယနုလက်ဆောင်

➢ ခြေထောက်နှစ်ဖက် ရှိနေသော်လည်း
ထိုခြေထောက်နှစ်ဖက်ကို
တပြိုက်နက် အသုံးပြု၍ မရပေ။
တစ်ဖက်က ရှေ့သို့ လှမ်းနေချိန်မှာ
ကျန်တစ်ဖက်က နောက်ဘက်ခြေပေါ်မှာ
ရပ်ပေးထားရသည်။
ဘဝလက်တွဲဖော်တို့၏ဟန်ချက်ဆိုသည်မှာ
လည်း ထိုအတိုင်းပင်ဖြစ်ပေသည်။

➢ တကယ်ချစ်ကြသူတွေကတော့
ချစ်တယ် ချစ်တယ် ပြောနေမည့်အစား
ချစ်သူအတွက် ကြိုးစားအားထုတ်မှုများဖြင့်
တကယ်ချစ်ကြောင်း သက်သေပြကြသည်။

➢ အခက်အခဲ အတားအဆီးက
သင်ကျော်ဖြတ်သွားသောအခါ
နောက်မှ လိုက်လာမည် မဟုတ်ပေ။
နောက်ရောက်လာမည့်သူကို တားဆီးရန်
အဆင်သင့် စောင့်နေရသောကြောင့်ဖြစ်သည်။

BURMESE CLASSIC .com

# အသယနုလက်ဆောင်

➢ သန့်စင်သောချစ်ခြင်းမေတ္တာကို
ငွေးသားဖြင့် လဲယူ၍မရနိုင်ပေ။
ငွေးသားဖြင့် ရသောမေတ္တာသည်လည်း
စစ်မှန်သော ချစ်ခြင်းမေတ္တာ မဖြစ်နိုင်တော့ပေ။

➢ ဝီရိယနှင့် အားထုတ်မှုကို
အနည်းငယ် ပြုလုပ်သူသည်
၎င်းနှင့် ထိုက်တန်သည့် အနည်းငယ်မျှသော
အကျိုးရလဒ်သာ ရပေလိမ့်မည်။
ထို့ထက်ပို၍အလိုရှိက ဝီသမနှင့်
ပေါင်းကြရသည်။

➢ အမျိုးသမီးတစ်ယောက်၏တန်ဖိုးမှာ
ကြွေနွပင်ဖြစ်ပေသည်။
ခေတ်မီသည်ဟု အကြောင်းပြပြီး
ကြွေနွပျက်လောက်အောင် ဝတ်ဆင်နေလျှင်
တော့...လူသိများလာသော်လည်း
တန်ဖိုးရှိတော့မည် မဟုတ်တော့ပေ။

www.burmeseclassic.com

# ဒဿနလက်ဆောင်

➤ အမျိုးသားများသည်
ဘဝတစ်သက်တာ လက်တွဲမည့်သူမှာ
အပျိုစင်ဘဝနှင့်ပင် ရှိစေချင်ပြီး တန်ဖိုးလည်း
ထားသည်။ တန်ဖိုးရှိသော အပျိုစင်ဘဝကို
တန်ဖိုးမထားသူအတွက် ဘဝကြင်ဖော်ကောင်း
ရရန် မလွယ်ပေ။

➤ ချစ်ခြင်းမေတ္တာသည်
တန်ဖိုးထားရမည့်အရာဖြစ်သည်။
ထို့ထက် ဘဝလက်တွဲဖော်ကို
ပို၍တန်ဖိုးထားရမည်။
ထို့ထက် မိမိဘဝကို
ပို၍ပို၍ တန်ဖိုးထားတတ်ကြရပေမည်။

➤ သင်သည် အလုပ်အားလုံးတို့ကို တတ်ကျွမ်းသူ
မဖြစ်နိုင်စေကာမူ...အလုပ်တစ်ခုကို တတ်ကျွမ်း
သူတော့ ဖြစ်သင့်ပေသည်။ ထိုအလုပ်သည်
လည်း သင့်ဘဝ၏တက်လမ်းကို အထောက်
အကူပြုနိုင်သော အလုပ်ဖြစ်သင့်ပါသည်။

# ဒဿနလက်ဆောင်

➤ သင်းပျံ့သောရနံ့ ရှိသည့်ပန်းသည်
တောနက်ထဲမှာ ရှိနေစေကာမူ
လေပြည်လေညင်းတို့က ပန်းရနံ့ကို သယ်ဆောင်
လျက် လူတို့ ရှိရာသို့ သတင်းပေးပို့တတ်သည်။
တောင်ထိပ်မှာ ပွင့်သောနှင်းကြာပန်းကို
လူတို့ မတွေ့မြင်နိုင်ကြစေကာမူ
၎င်း၏ထူးခြားသောရနံ့ကို လေပြည်လေညင်းမှ
တဆင့် လူတို့ထံ ရောက်အောင်
ပို့ပေးတတ်ကြပေသည်။

➤ လူနှစ်ယောက် တွေ့ဆုံသောအခါ တစ်ယောက်
က "ထမင်းစားပြီးပြီလား" ဟု မေးသည်။
ထိုအခါ ကျန်တစ်ယောက်က...မစားရသေး
သဖြင့် "ပိုက်ဆံချေးပါ" ဟု ပြန်ပြောသည်။
ထိုအခါ ပိုက်ဆံမရသည့်အပြင်
ထမင်းပါ မစားရတော့ပေ။

➤ မီးသည် မီးမွှေးနေသောလက်ကို အရင်လောင်
ပြီးမှ မီးတောက်အသွင် ရလေသည်။

www.burmeseclassic.com

## ဤဝတ္ထု၌ပါဝင်သောအခန်းများ


အခန်း(၁) ဇရဲခန်း သို့မဟုတ် ပထမဆုံးအကျဉ်းထောင်
အခန်း(၂) အင်းစိန်ထောင်မှ မင်းထင်ကျော်
အခန်း(၃) ရေမ်းခြံမှ အကျိုးတရွေ
အခန်း(၄) ပလ္လင်သုံးဆင့်မြို့င်သေလာ
အခန်း(၅) ကျိန်စာသင့်နေသော ဗီဝရုက္ခပတ္တာများ
အခန်း(၆) ဒေါက်တာမင်းထင်ကျော်တို့ ခရီးထွက်ရန် ပြင်ကြခြင်း
အခန်း(၇) သုသာန်မှ ပြန်ထလာသောသူ
အခန်း(၈) ဦးတံသာနှင့် အသက်ဝင်နေသော အလောင်း
အခန်း(၉) သုသာန်မြေမှ သဲလွန်စများ
အခန်း(၁၀) ပုပ္ပားရှင်မ စာမရိ၏ကျိန်စာ
အခန်း(၁၁) ကိုယ်ပွားမိစ္ဆာ
အခန်း(၁၂) ထောင်ချောက်မှားသောတျား
အခန်း(၁၃) ပလ္လင်သုံးဆင့်တောနက်ထဲမှ မိစ္ဆာများ
အခန်း(၁၄) သေမင်းထောင်ချောက်သို့ ဆင်းမိခြင်း
အခန်း(၁၅) လောက၏အလှဆုံးသောအရာ




အခန်း[ ၁ ]

# ဇရဲခန်း သို့မဟုတ် ပထမဆုံးအကျဉ်းထောင်

လောကတွင် အကြောင်းတိုက်ဆိုင်မှုများစွာတို့သည် နေရာအနှံ့အပြား၌ အဖြစ်အပျက်မျိုးစုံတို့နှင့် ရှိနေကြပေသည်။

ထိုအထဲတွင် ထူးဆန်းသောအကြောင်းအရာမျိုးစုံတို့လည်း ပါဝင်လေသည်။

ထူးဆန်းသောအကြောင်းအရာများဟု ဆိုရာမှာလည်း ထူးဆန်းသောတိုက်ဆိုင်မှုများစွာတို့လည်း များစွာပါဝင်နေပေသည်။

☺ အောင်မြင်စာပေ ☺

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လောကတွင် လူတူမရှား၊ နာမည်တူမရှား ဆိုသကဲ့သို့ ရုပ်ချင်း ခွဲမရအောင် တူသူများနှင့် နာမည်ချင်း ဆင်တူသူများလည်း ရှိကြပေသည်။

အချို့က နာမည်တူသော်လည်း ရုပ်မတူကြပေ။

အချို့မှာတော့ လူချင်း ခွဲမရအောင် တူသော်လည်း နာမည်မတူကြပေ။

လူရောနာမည်ပါ တိုက်တိုက်ဆိုင်ဆိုင် တူသည့်အဖြစ်မျိုးကတော့ အတော်ကလေး ရှားလှသည်။

အမြွှာညီအစ်ကို ညီအစ်မများပင် ရုပ်ချင်း ဆင်တူကြသော်လည်း နာမည်ချင်းတော့ မတူကြပေ။

ဒေါက်တာမင်းထင်ကျော် ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်တစ်ခုကတော့ အိပ်မက်တစ်ခုကဲ့သို့ များစွာဆန်းကြယ်လှပေသည်။

၎င်းမှာ လောကတွင် သူ့မျက်နှာနှင့် ရုပ်ချင်း ခွဲမရအောင် ချွတ်စွပ်တူနေသည့်အပြင် ပုံပန်းသဏ္ဌာန်ကလည်း တူလှပေသည်။

ထို့ပြင် နာမည်ချင်းပါ တူနေလေရာ များစွာအံ့ဩဖွယ်ရာ ကောင်းလှပေသည်။

ထိုလူ၏အမည်မှာလည်း 'မင်းထင်ကျော်' ပင်ဖြစ်သော်လည်း ဒေါက်တာမင်းထင်ကျော်တော့ မဟုတ်ပေ။ သို့စေကာမူ အသက်အရွယ်ချင်းကလည်း မတိမ်းမယိမ်း ရှိနေသဖြင့် အကြောင်းမသိသူဖြစ်ပါက ခွဲခြားနိုင်ရန် များစွာခက်ခဲလှပေသည်။





၎င်းကို စတင်တွေ့သူမှာ ဒေါက်တာမင်းထင်ကျော် မဟုတ်ပေ။ ၎င်း၏မိတ်ဆွေကြီး ဦးဗန်ကောင်းနှင့် တွေ့ကြခြင်း ဖြစ်ပေသည်။

အချိန်မှာ မြန်မာနိုင်ငံကို အင်္ဂလိပ်များ အုပ်စိုးသားသောကာလပင်ဖြစ်ပေသည်။

မှတ်မှတ်ရရ (၁၉၄၅)ခုနှစ် မေလ(၁၃၀၇ ခုနှစ် နယုန်လ)တွင်ဖြစ်သည်။

ထိုအချိန်က ဦးဗန်ကောင်းမှာ အကျဉ်းသားအဖြစ်ရောက်နေရသောအချိန်ဖြစ်သည်။

ဦးဗန်ကောင်းမှာ သာသာဝတီဇာတိဖြစ်ပြီး အင်္ဂလိပ်အစိုးရအပေါ် များစွာမနှစ်သက်ဘဲရှိရာ နည်းအမျိုးမျိုးဖြင့် ဆန့်ကျင်ခဲ့သူဖြစ်ပေသည်။

(၁၉၄၅)ခုနှစ် မတ်လတွင် ဖက်ဆစ်ဂျပန်များ မြန်မာမြေပေါ်မှ အပြီးတိုင် ထွက်သွားပြီးနောက် ဗြိတိသျှတို့ တစ်ကျော့ပြန်ဝင်လာသောအချိန်လည်းဖြစ်သည်။

နောက်တစ်ကြိမ် ပြန်ဝင်လာသော ဗြိတိသျှတို့မှာ တိုင်းရင်းသားတို့၏အကျိုးစီးပွားကို တစ်စုံတစ်ရာ တိုးပြောင်းလွဲပေးရန် ဆန္ဒမရှိကြဘဲ နိုင်ငံကို စစ်အုပ်ချုပ်ရေးနှင့်ပင် ဆက်လက်အုပ်ချုပ်ရန် ကြိုးပမ်းကြပြန်သည်။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်စဉ်က ဗြိတိသျှတို့သည် မြန်မာနိုင်ငံကို လက်လွှတ်ရမည်ဟု လုံးဝမမျှော်လင့်ခဲ့ချေ။ ထို့ကြောင့် မြန်မာပြည်ကို ပြန်လည်သိမ်းပိုက်မိသောအခါ အုပ်ချုပ်ရေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ခပ်လျှော့၍ ၎င်းတို့နှင့်အတူပါလာသော 'ဆင်းမလားစီမံကိန်း' ခေါ် စက္ကူဖြူစာတမ်းအရ မြန်မာနိုင်ငံအား ဆက်လက်စိုးမိုးရန် ကြိုးစားကြပြန်သည်။

ထိုစာတမ်းအရ မြန်မာနိုင်ငံကို ဗြိတိသျှတို့ သိမ်းပိုက်မိသောအခါ (၁၉၃၅)ခုနှစ် ဥပဒေမှ အပိုဒ်(၁၃၉)ကို အခြေခံထား၍ ဘုရင်ခံ၏သဘောကျ စီမံအုပ်ချုပ်သွားရန်ပင်ဖြစ်လေသည်။

ဤသို့သောရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံသို့ တကျော့ပြန်ဝင်လာသော ဗြိတိသျှတို့သည် မိမိတို့ မထွက်ခွာမီကထက် ပိုမိုစည်းလုံးနေကြသော တိုင်းရင်းသားတို့၏လွတ်လပ်ရေး လှုပ်ရှားမှုများကို တွေ့မြင်ရသောအခါ မရှုနိုင်မကယ်နိုင်ဖြစ်ကြရတော့သည်။

သို့ကြောင့်. . .

နယ်ချဲ့ဆန့်ကျင်ရေးနှင့် ပတ်သက်သူမှန်သမျှကို ဖမ်းဆီး၍နှိပ်စက်ခြင်း၊ အပြစ်ပေး အရေးယူခြင်းနှင့် ထောင်ချခြင်းများ ပြုလုပ်သောအခါ ဦးဗန်ကောင်းတို့လည်း ပါလေသည်။

၎င်းတို့သည် မသက်သာသူ မှန်သမျှကို အပြစ်အမျိုးမျိုးရှာ၍ဖမ်းဆီးခြင်း၊ နှိပ်စက်ခြင်း၊ ညှဉ်းပန်းခြင်းများအပြင် အတော်များများကို ထောင်ထဲသို့ ပို့ခဲ့ကြလေသည်။

ဦးဗန်ကောင်းကို ဖမ်းဆီးအပြစ်ပေးကာ သာယာဝတီထောင်မှာ ထားသည်။

သာယာဝတီထောင်အတွင်းမှာ အခြားသူများကို စည်းရုံး၍ သွေးထိုးလှုံ့ဆော်ပေးသည်ဟု ယူဆသောကြောင့် မထားဝံ့





တော့ဘဲ ရန်ကုန်အင်းစိန်သို့ ရောက်လာခဲ့လေသည်။

မြန်မာနိုင်ငံကို ဗြိတိသျှတို့ သိမ်းပိုက်ခဲ့ကြပြီးနောက်တွင် ဒိနိုင်အုပ်ချုပ်မှု ကိုရိယာတန်ဆာများအနေနှင့် အကျဉ်းထောင်များ တည်ဆောက်ခဲ့ကြလေသည်။

ကိုလိုနီခေတ်က ခရိုင်တစ်ခုလျှင် ထောင်တစ်ထောင်နှုန်းဖြင့် ထောင်ပေါင်း(၃၅)လုံး တည်ဆောက်အသုံးပြုခဲ့ကြသည်။

လွတ်လပ်ရေး ရပြီးနောက်တွင် နောက်ထပ်ထောင်(၃)လုံး ထပ်ဆောက်ခဲ့သေးသည်။

အကျဉ်းသားများကို အပြစ်ပေးရာ ထောင်ဆိုသောအရာမှာ ယခုမှ ပေါ်ပေါက်လာခြင်း မဟုတ်ဘဲ ရှေးကတည်းက ပေါ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း မှတ်တမ်းအချို့ရှိသည်။

သီရိဓမ္မာသောကမင်းကြီးလက်ထက်၌ ထူးခြားသော အဖြစ်အပျက်တစ်ခု ပေါ်ပေါက်ခဲ့သည်။

သီရိဓမ္မာသောကမင်းကြီးသည် မြတ်သောမင်းတစ်ပါးပင် ဖြစ်ပေသည်။

ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်သော သာသနာပြုမင်းတစ်ပါးလည်းဖြစ်သည်။

ဇာတ်ကြီးဆယ်ဘွဲ့လာ ဇာတ်တော်များတွင် နေမိမင်းကြီးမှာ ဒါနနှင့်သီလအကျိုးအားကြောင့် အသက်ထင်ရှားနှင့်ပင် နတ်ပြည်သို့ သွားရောက်ခွင့် ရခဲ့သည်။

ထိုသို့သွားရောက်ရင်းမှပင် ငရဲပြည်သို့လည်း သွား



www.burmeseclassic.com

www.burmeseclassic.com



နောက်ကြည့်မှန်ပြောင်း ရခဲ့ပေသည်။

သိရိမ္မာသောကမင်းကြီးကတော့ ဘုန်းကြီးသော သာသနာပြုမင်းတစ်ပါးဖြစ်သောကြောင့် မိမိပိုင်နက် နယ်မြေများကို လှည့်လည်ကြည့်ရှုတော်မူခိုက် တောင်တန်းကြီးနှစ်ခုကြားတွင် သံနရိုကြီးများဖြင့် ဝန်းရံထားသောတံတိုင်းကြီးများကို တွေ့မြင်ရသည်။

ထုထည်ကြီးမားသော သံနံရံတံတိုင်းကြီးများဖြင့် လေးဖက်လေးတန် ကာရံထားခြင်းဖြစ်ပေသည်။

ထိုအတွင်း၌ အပြစ်အားလျော်စွာ အပြစ်ခံနေကြရသော ငရဲသားတို့ကိုလည်း တွေ့ရလေသည်။

သိရိမ္မာသောကမင်းကြီး တွေ့မြင်နေရသာနေရာမှာ ယခုမျက်မှောက်ခေတ် တွေ့မြင်ရသောထောင်များကဲ့သို့ လေးထောင့်နံရံများ ကာရံထားခြင်းဖြစ်ပေသည်။

ထိုအရာကို မြင်သောအခါ မင်းကြီးက နောက်မှ ပါလာသော မှူးမတ်များကို မေးသည်။

"ဤအရာဌာနသည် မည်သည့်အရာဌာန ဖြစ်ပေသနည်း"

"မှန်လှပါ မြတ်သောမင်းကြီး ဤနေရာကား ငရဲသေဋ္ဌနင်း ယမမင်းကြီးသည် ဒုစရိုက်ပြုမှုကို ကျူးလွန်သောသူတို့အား အပြစ်ပေးသောနေရာ ငရဲခန်းဖြစ်ပါသည်ဘုရား"

နောက်ပါတို့၏ လျှောက်ထားချက်အရ သိရိမ္မာသောကမင်းကြီးသည် စိတ်လည်း ဝင်စားတော်မူ၏။





တစ်စုံတစ်ခုအတွက်လည်း အလေးအနက် စဉ်းစားတော်မူ၏။

"ပါဋ္ဌလိပုတ္တရာဇာဘုရင်သည်ပင်လျှင် အပြစ်ရှိသောသူများကို အပြစ်ပေးရန် နေရာဌာနကို ပြုစွမ်းနိုင်ပါလျှင် လူအများတို့၏အရှင် ငါရှင်ဘုရင်သည် တိုင်းပြည်အတွင်း၌ ယုတ်မာဆိုးသွမ်း ညစ်ညမ်းလှစွာသော ရာဇဝတ် အပြစ်ဒဏ်သင့်သောသူတို့အား အပြစ်ပေးရန် နေရာဌာနကို အဘယ်ကြောင့် မပြုနိုင်ဘဲ ရှိပါမည်နည်း"

သိရိမ္မာသောကမင်းကြီးအံနေနှင့် မိမိအုပ်စိုးတော်မူသော နိုင်ငံအတွမ်းမှ လူဆိုးလူသွမ်းများအတွက် အပြစ်ဒဏ်စခန်းတစ်နေရာ သတ်မှတ်ရန်အလို့ငှာ ယမမင်း၏ငရဲခန်းကို မြင်ရတော်ပြီးနောက် သဘောပေါက်လာသည်။ အားကျလာခဲ့သည်။

သို့ကြောင့် ဆိုးသွမ်းသောသူများကို သီးသန့်စခန်း (ထောင်)မှာ ထားပြီး အပြစ်ပေး စီရင်ရန် ဆုံးဖြတ်တော်မူသည်။

"အပြစ်ဒဏ် ရရှိသောသူများအတွက် နေရာ ထောင်ကို ပြုလုပ်ပြီးလျှင် ၎င်းထောင်ကို မည်သူတွေက အုပ်ချုပ်စီမံရန် စွမ်းနိုင်ပါမည်နည်း"

ဟု အမေးတော် ရှိသည်။

"ယုတ်ညံ့ကြမ်းတမ်း၍ အလွန်ဆိုးသွမ်းသော~~သူတို့~~သာလျှင် ဤကဲ့သို့သောအမှုကိစ္စမျိုးကို ပြုလုပ်ဆောင်ရွက်နိုင်ပါလိမ့်မည်ဘုရား"

ဟု တင်လျှောက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်မှာတော့ သိရိဓမ္မာသောကဘုရင်သည် မိမိတောင်တန်းကြီးနှစ်ခုကြားတွင် အထင်ကရ မြင်တွေ့ခဲ့ရသည့် ယမမင်း၏ငရဲခန်းပုံပမာအတိုင်း နိုင်ငံတော်၌ ဆိုးသွမ်းသော အပြစ်ရှိသူများကို အပြစ်ဒဏ်ခတ်ရန်အလို့ငှာ 'ထောင်' တည်းဟူသော လောကငရဲခန်းကို တည်ဆောက်စေလေသည်။

လောက၌ အပြစ်ရှိသောသူများအတွက် ထောင်တည်းဟူသော လောကငရဲခန်းကြီး တည်ဆောက်ရာမှာလည်း ယမမင်း၏ငရဲခန်းနှင့် တူသောပုံသဏ္ဌာန်အတိုင်း လေးဘက်လေးတန် အုတ်နံရံ အမြင့်ကြီးများ တည်ဆောက်ကာရံထားစေသည်။

ထောင်တည်ဆောက်မှု ပြီးသောအခါ လောကငရဲခန်းအား စီမံအုပ်ချုပ်မည့်သူ လိုပြန်ရာ မှူးမတ်တို့အား အရပ်လေးမျက်နှာ စေလွှတ်၍ ရှာဖွေရန် စေလွှတ်ခဲ့လေသည်။

ထိုသို့ရှာဖွေကြရာတွင် တစ်နေ့သ၌တွင် ချောက်ကမ်းပါးတစ်ခုတွင် မတ်တတ်ရပ်လျက် အရပ်က မြင့်မြင့်၊ ကိုယ်လုံးကိုယ်ဖန်က ကြီးကြီးမားမား၊

အသားက နက်မှောင်မှောင်၊ ဆံပင်အရောင်က ဝါကျင်ကျင်၊ မျက်စိအရောင်က စိမ်းရွှေရွှေ ရှိသော လူတစ်ယောက်ကို တွေ့ကြရသည်။

ထိုလူသည် ခြေထောက်ဖြင့် ငါးမြားတံ ချိတ်၍ ငါးများ ဒနေရင်းမှ ပါးစပ်မှ လေချွန်၍ ငှက်များကို ခေါ်ယူလေသည်။

သူ့ထံသို့ ရောက်လာသော သားငှက်တိရစ္ဆာန်များအား တစ်ကောင်မှ အလွတ်မပေးဘဲ ချက်ချင်းဖမ်းယူသတ်ဖြတ်ကာ





စားသောက်ပစ်သည်။

မှူးမတ်တို့လည်း ဘုရင်မင်းမြတ်၏ထောင်ကို စီမံအုပ်ချုပ်ရန်အတွက် ထိုလူနှင့် သင့်တော်မည်ဟု ယူဆကာ ဘုရင့်ရှေ့တော်မှောက်သို့ ခေါ်ဆောင်ခဲ့ကြသည်။

"သင်သည် မြင့်မားသော နံရံတံတိုင်းတို့ဖြင့် လေးထောင့် စတုရန်းမြေကွက်တစ်ခုကို ပြုပြင်၍ ရှုမြင်ကြသူ လူအပေါင်းတို့၏ စိတ်နှလုံး၌ နှစ်ခြိုက်ကြည်လင်ရွှင်မြူးဖွယ်ရာ အာသာဆန္ဒ ဖြစ်လာရအောင်လည်းကောင်း၊

မြေကွက်ပေါ်တွင် သန့်ရှင်းကြည်လင်ကောင်းဖွယ်သော ရေချိုးကန်နှင့်တကွ လှပတင့်တယ်ရှုချင်ဖွယ်ရာ ပန်းပင်များနှင့် အသီးအပွင့် ထွန်းကားသောသစ်ပင်များကို စိုက်ပျိုး၍ သန့်မာခိုင်ခံ့သော တံခါးများကို ပြုလုပ်ပြီးသောအခါ. . .

သင် အုပ်ချုပ်စီမံရမည်မှာ. . .

ထိုနေရာဌာနအတွင်းသို့ ကျော်နင်းဝင်ရောက်လာသောသူအား ချက်ချင်းဖမ်းဆီးပြီးလျှင် ၎င်းသူ ခံထိုက်သော အပြစ်အားလျော်စွာ အပြစ်ဒဏ်ပေးခြင်းကို စီမံရမည်၊

လွတ်လပ်ခွင့် မရှိစေရ. . .၊

အကယ်၍ ငါဘုရင်မင်းမြတ်သည်ပင် ဤနေရာတွင်းသို့ ဝင်ရောက်ခဲ့လျှင် ဤနည်းအတူ အပြစ်ဒဏ်များပေးရမည်၊

ဘုရင်ဖြစ်သော ငါ့ကိုသော်လည်း လွတ်လပ်ခွင့် မရှိစေရ၊ သင့်အား ယနေ့မှစ၍ ဤထောင်ကြီးကို အုပ်ချုပ်ရန် လူကြီးအဖြစ်နှင့် ငါဘုရင်မင်းမြတ် ခန့်အပ်တော်မူမည်"



www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ အမိန့်တော်ချမှတ်ပြီး ပထမဆုံး ငရဲခန်းဟု ဆိုရမည့် ပထမဆုံး အကျဉ်းထောင်ကြီးကို စတင်ဖွင့်လှစ်ခဲ့ပေသည်။

သီရိဓမ္မာသောကမင်းကြီး၏အကျဉ်းထောင်တွင် ပထမဆုံး အပြစ်ပေးခံရသူမှာ လူဆိုးလူသွမ်းလည်းမဟုတ်၊ သာမန်လူသားလည်း မဟုတ်သော ရဟန်းတော်တစ်ပါးပင်ဖြစ်ပေသည်။

တစ်နေ့၌ ထိုရဟန်းတော်သည် ခရီးစဉ်အတိုင်း ဆွမ်းခံကြွလာရာ ထောင်မှူး၏ထောင်တံခါးအတွင်းသို့ ချဉ်းနင်းခဲ့မိလေသည်။

ထောင်မှူးလည်း ဘုရင့်အမိန့်တော်ကို ရရှိထားပြီး ဖြစ်သောကြောင့် ရဟန်းတော်ကို မြင်သောအခါ ချက်ချင်းဖမ်းဆီးသည်။ ချက်ချင်းအပြစ်ပေးရန် စီစဉ်လေ၏။

ယင်းအဖြစ်အပျက်မျိုးကို တစ်ကြိမ်တစ်ခါမှ မကြုံဖူး မတွေ့ဖူးသော ရဟန်းတော်သည် များစွာတုန်လှုပ်ချောက်ခြားမိလေသည်။

"ငါ့အတွက် နေ့ဆွမ်းစားရန် အချိန်အနည်းငယ် ခွင့်ပြုပါလော့"

ရဟန်းတော်သည် အပြစ်အတွက် မတောင်းပန်ဘဲ ဆွမ်းအတွက် အချိန်အနည်းငယ် ပေးရန်သာ တောင်းပန်လေ၏။

ထိုအချိန်တွင် အပြစ်ဒဏ်သင့်သောလူတစ်ယောက်





ရောက်လာသဖြင့် ထောင်၏အစေအပါးတို့က အတင်းအဓမ္မ ဖမ်းဆီးချုပ်နှောင်၍ ဆုံအတွင်း ပစ်ထည့်ပြီး သွေးအမြှုပ်ထွက်အောင် ထုထောင်းကြလေသည်။

ရဟန်းတော်အရှင်မြတ်က ကြောက်မက်ဖွယ်ရာ အခြင်းအရာတို့ကို မြင့်ရလတ်သော် သတိသံဝေဂ ရတော်မူလျက်. . .

"ငါ၏ခန္ဓာကိုယ်သည် ဖြစ်ပြန်ပျက်ပြန် အတန်တန်သော ပျက်စီးမှုတို့ကြောင့် မမြဲသောအနိစ္စသဘော၊ ဘေးဒုက္ခအပေါင်းများစွာတို့၏ ပေါင်းဆုံ စုဝေးရာဖြစ်သောကြောင့် အမှန်ပင် ဆင်းရဲသော ဒုက္ခသဘော၊ ရေပေါ်တက်ကြွ တစ်ခဏမျှသာ တည်ရာမခိုင် ရေမြှုပ်ဆိုင်ပမာဏ အစိုးမရသော အနတ္တသဘောပါတကား"

ရဟန်းတော်မြတ်သည် လက္ခဏာရေးသုံးဖြာတို့နှင့် ရုပ်နာမ်ခန္ဓာတို့ကို ဆင်ခြင်သုံးသပ်တော်မူသောခဏ၌ပင် လေးဖြာအာသဝေါ ကုန်လျော ပျောက်ကွယ်၍ 'ခီဏာသဝရဟန္တာ' အဖြစ်သို့ ရောက်တော်မူလေသည်။

ထောင်မှူးနှင့်လက်ပါးစေတို့လည်း ရဟန္တာ အရှင်မြတ်ကို ဆူပွက်ဆူသော ရေပူအိုးကြီးအတွင်းသို့ ပစ်ထည့်လိုက်ကြလေသည်။

ထိုခဏ၌ပင် အရှင်မြတ်သည် စင်ကြယ်မြင့်မြတ်သော စိတ်နှလုံးဖြင့် ကြည်လင်ရွှင်ပျလျက်ရှိတော်မူ၏။

ပူလောင်ပြင်းထန်သော မီးတောက်မီးလျှံတို့သည် အငြိမ်းပျောက်ကုန်ကြ၍ ငြိမ်းအေးခြင်းသို့ ရောက်လျက် ပွက်



www.burmeseclassic.com

www.burmeseclassic.com



ပွက်ဆူသော ရေနွေးပူသည်လည်း အပူမါတ်ငြိမ်းကာ အလွန်အေးမြသော ရေစင်အဖြစ်သို့ ရောက်သွားလေ၏။

ထိုအိုးကြီးအလယ်တွင် အံ့ဖွယ်ဘနန်း တင့်တယ် ထူးဆန်းစွာ ပဒုမ္မကြာပန်းကြီးသည် ပွင့်လန်းလာပြီး ထိုကြာပန်းကြီးအပေါ်၌ ရဟန္တာအရှင်မြတ်သည် 'သာမဏသာရုပ္ပ' ကြည်ညိုဖွယ်ကောင်းလှသော 'ပသာဒနိယဂုဏ်' ကို ဆောင်တော်မူပြီးလျှင် တင့်တယ်စွာ ရွှင်ပြုံးလျက် သီတင်းသုံး နေထိုင်တော်မူလေသည်။

ထောင်မှူးနှင့်တကွ လက်ပါးစေတို့လည်း ထူးဆန်းလှစွာသောအဖြစ်အပျက်ကို ကိုယ်တော်တိုင် ကြည့်ရှုတော်မူရန် ဘုရင်မင်းမြတ်အား သွားရောက်လျှောက်ထားကြလေသည်။

ဘုရင်မင်းမြတ်အနေနှင့် မူလချမှတ်ထားသော အမိန့်တော် ရှိသည်အတွက် ကိုယ်တော်တိုင် ကြွရောက်ရန် မဝံ့မရဲဖြစ်နေလေသည်။

မှူးမတ်သေနာပတိများက တိုက်တွန်းသောအခါမှပင် မူလအမိန့်တော်ကို နုတ်သိမ်းပြီးနောက် ကြွရောက်တော်မူသည်။

ထောင်တွင်းသို့ ရောက်သောအခါ ဘုရင်မင်းမြတ်လည်း ရဟန္တာအရှင်မြတ်ကို ဖူးမြင်ရပြီးနောက် ရတနာသုံးပါး၌ တည်တော်မူလေသည်။

ထို့နောက်မှာတော့ ထောင်ကို တည်ထောင်စေသော ဒုစရိုက် အကုသိုလ်တရားတို့ကိုလည်း ပြန်လည်တွေးတောပြီး နောင်တရမိလေသောကြောင့် ထောင်ကြီးကို ဖြိုဖျက်စေသည်။





ဤသို့ဖြင့် တောင်တန်းကြီးနှစ်ခုကြားမှာ ရှိသော ယမင်း၏ငရဲခန်းကို ပုံစံယူ၍ တည်ဆောက်ခဲ့သည့် သီရိဓမ္မာသောကမင်းကြီး၏ 'ထောင်' တည်းဟူသော လောကငရဲစခန်းကြီးလည်း ကွယ်ပျောက်ခြင်းသို့ ရောက်ခဲ့ရပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း[ ၂ ]

# အင်းစိန်ထောင်မှ မင်းထင်ကျော်

မြန်မာနိုင်ငံကို အင်္ဂလိပ်နယ်ချဲ့များ သိမ်းပိုက်ပြီး ခရိုင်တစ်ခုလျှင် ထောင်တစ်လုံးကျစီနှင့် ထောင်ပေါင်း(၃၅)လုံး ဆောက်လုပ်အသုံးပြုခဲ့လေသည်။

လွတ်လပ်ရေး ရပြီး နောက်ထပ်(၃)လုံး ထပ်ဆောက်ပြန်ရာ မြန်မာတစ်ပြည်လုံး ထောင်ပေါင်း(၃၈)လုံးအထိ ရှိပေသည်။

ထိုအထဲတွင် ရန်ကုန်ထောင်နှင့် မန္တလေးထောင်တို့ ပါဝင်လေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



မူလတည်ဆောက်သော ရန်ကုန်ထောင်ကြီးမှာ ဘုန်းကြီးလမ်းနှင့် စိန့်ဂျွန်းလမ်းထောင့်မှာ ရှိလေသည်။

ရှေးအခါက ရန်ကုန်နှင့်ကြည့်မြင်တိုင်သို့ မြစ်အတွင်းမှ စုန်ဆန်သွားလာလျှင် ရန်ကုန်ထောင်ကြီး၏ထောင်ဗူးဝနှင့် ထောင်နံရံများကို အထင်းသား မြင်တွေ့ရသည်။

နောက်ပိုင်း တော်လှန်ရေးကောင်စီအစိုးရ တက်လာပြီးနောက် (၁၉၆၄)ခုနှစ်၊ ဇွန်လ(၄)ရက်နေ့တွင် ထောင်အဖြစ် အသုံးပြုခြင်းမှ စတင်ပိတ်သိမ်းခဲ့သည်။

(၁၉၈၄)ခုနှစ်ရောက်သော် အားလုံးဖြိုဖျက်ပစ်လိုက်ရာ ပျောက်ကွယ်သွားလေတော့သည်။

ရန်ကုန်ထောင်ကြီးအစား အင်းစိန်ထောင်ကို ဆက်လက်အသုံးပြုကြလေသည်။ အင်းစိန်ထောင်ကြီးမှာ (၁၈၈၉)ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပေသည်။

အင်းစိန်ထောင်ကြီးမှာ အရှေ့တောင်အာရှတွင် အကြီးဆုံးသောထောင်ကြီးဖြစ်သည်။ အင်းစိန်အကျဉ်းထောင်ကို (၁၈၈၉)ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး (၁၈၉၂)ခုနှစ်၊ ဇူလိုင်လတွင် စတင်ဖွင့်လှစ်ခဲ့သည်။

အင်းစိန်ထောင်တည်ဆောက်သောအချိန်တွင် ဗြိတိသျှတို့သည် ၎င်းတို့ သိမ်းပိုက်ထားသော မြန်မာပြည်အောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် ဆိပ်ကမ်းမြို့ကြီးများ ဖြစ်ကြသော စစ်တွေ၊ မော်လမြိုင်၊ မြိတ်၊ ပုသိမ်နှင့် ရန်ကုန်ထောင်များကို တည်ဆောက်ပြီးဖြစ်ရာ ရန်ကုန်မြို့နှင့် (၁၂)မိုင်မျှသာ ဝေးသော





အင်းစိန်ထောင်ကြီးကို (Reformation) အကျင့်စာရိတ္တ ပြုပြင်ရေးစခန်းကြီးအဖြစ် အသုံးပြုခဲ့သည်။

ထိုစဉ်က အင်းစိန်ထောင်တွင် ထားရှိသော အကျဉ်းသားများမှာ ရာဇဝတ်မှု တစ်ကြိမ်တစ်ခါ ကျူးလွန်သော အကျဉ်းသားများ(Casual Prisoners)၊ ရာဇဝတ်မှု တစ်ကြိမ်ထက်ပို၍ ကျူးလွန်သော အကျဉ်းသားများ(Habitual Prisoners)၊ တရားမမှု အကျဉ်းသားများ (Civil Prisoners) တို့ကို ထားလေသည်။

အင်းစိန်ထောင် စဖွင့်ကာစအချိန်တွင် အကျဉ်းဌာနသည် သီးခြားဌာနတစ်ခုအဖြစ် မရှိသေးဘဲ ဆေးရုံ၊ မြို့ရွာသန့်ရှင်းရေးနှင့်ကျောက်ဆေးထိုးဌာနမင်းကြီး၏လက်အောက်ခံဌာနတစ်ခုအဖြစ် တွဲဖက်ထားလေသည်။

(၁၈၉၉)ခုနှစ်ရောက်မှသာ သီးခြားဌာနအဖြစ် တည်ဆောက်၍ အကျဉ်းဌာနမင်းကြီးက သီးခြားအုပ်ချုပ်လေသည်။

အင်းစိန်ထောင်စတင်ဖွင့်လှစ်သောအချိန်တွင် အကျဉ်းဌာနမင်းကြီးအဖြစ် ဆောင်ရွက်ခဲ့သူမှာ. . .

(Curgen Licut Colonel Davicisno Lairmben)

ဖြစ်ပေသည်။

အင်္ဂလိပ်နယ်ချဲ့များသည် ဒုတိယအကြိမ် မြန်မာပြည်သို့ ပြန်ဝင်လာသောအချိန်မှာ မြန်မာပြည်သူပြည်သားတို့မှာ ယခင်ကထက် ပိုမိုစည်းရုံးမှု ရှိနေပြီး ၎င်းတို့အား ဆန့်ကျင်သောသူများကို ရှေးကထက် ပို၍လုပ်ဆောင်နေကြသည်ကို တွေ့



www.burmeseclassic.com

www.burmeseclassic.com



ကြရသည်။

ထို့ကြောင့် ၎င်းတို့အား ဆန့်ကျင်သူများကို ဖမ်းဆီးပြီး နောက် နည်းအမျိုးမျိုးနှင့် ညှဉ်းပန်းနှိပ်စက်မှုများ ပြုလေသည်။

ထိုအထဲတွင် ဦးဗန်ကောင်းလည်း ပါလေသည်။

ဦးဗန်ကောင်းကို ပထမ သာယာဝတီထောင်မှာ ထားပြီး နောက်ပိုင်း စိတ်မချသဖြင့် အင်းစိန်ထောင်သို့ ပြောင်းရွှေ့လိုက် ကြလေသည်။

ထောင်ထဲ ရောက်သောအခါမှာလည်း ကြီးကျယ်သော ရာဇဝတ်မှုမျိုး ကျူးလွန်ခဲ့သည် မဟုတ်သည်က တစ်ကြောင်း၊ ဦးဗန်ကောင်းမှာ မဟုတ်မခံစိတ်ရှိပြီး သဘောကောင်းသူ ဖြစ် သောကြောင့် ထောင်ထဲ ရောက်ပြီးနောက်ပိုင်းမှာ ဦးထုပ်ပြာ ဆောင်းရသော (၁၂)မှတ်ရ ဗာရာဖြစ်ခဲ့လေသည်။

ထောင်ထဲမှာ တစ်ခါတစ်ရံ ပြစ်မှုကျူးလွန်ပြီး ထောင် တွင်းသို့ ရောက်လာသူများကို 'ဝတ်ဖြူ' (အဝတ်ဖြူဟုလည်း ခေါ် သည်) ဟု ခေါ်ကြသည်။

ထိုဝတ်ဖြူ(၆၀)ကို (၈)မှတ်ရ ဦးထုပ်ဖြူဆောင်း ဗာရာ (၆)ယောက်က အုပ်ချုပ်ရသည်။

၎င်းတို့အပေါ်မှာမှ ဦးထုပ်ပြာဆောင်းသော (၁၂)မှတ်ရ ဗာရာ(၃)ယောက်က ထပ်မံအုပ်ချုပ်ရသည်။ ၎င်းတို့အပေါ်မှာမှ ထောင်ပိုင်ထောင်မှူးတို့၏ ယုံကြည်စိတ်ချမှုအရှိဆုံး 'တန္ဒေ' ဟု ခေါ်သော ထောင်မင်းသားများက ကြီးကြပ်အုပ်ချုပ်ရသည်။

၎င်းတန္ဒေနှင့်အတူ ကုလား ထောင်ပြာတာ(၈)ယောက်





လည်း အတူပါဝင်အုပ်ချုပ်ရလေသည်။

ဒုတိယတန်းပြာတာမှာ (C.O) စီ. အို ဟု ခေါ်၍ အရှည်အခိပ္ပာယ်မှာ (Convict Overseer) ဖြစ်ပေသည်။

ဦးထုပ်ဖြူမှာ တစ်လ လျှော့ရက်(၅)ရက် ရပြီးလျှင် ဦးထုပ်ပြာမှာ (၆)ရက်ရလေသည်။

တန္ဒေ၏အဓိပ္ပါယ်မှာ (C.W)ဖြစ်၍ အရှည်အဓိပ္ပါယ်မှာ (Convict Warder)ဖြစ်သည်။

တစ်လလျှင် လျှော့ရက်(၈)ရက်ရပြီး ထောင်မှူးထောင် ပိုင်တို့၏ ယုံကြည်စိတ်ချရသော လူယုံတော်များမှသာ ထိုရာထူး မျိုး ရနိုင်ပေသည်။

တန္ဒေရာထူး ရသူများမှာ ခရမ်းရောင်ခေါင်းပေါင်း၊ အင်္ကျီပြာ၊ ဘောင်းဘီတိုအပြာတို့ကို ဝတ်ဆင်ရသည်။ ဖိနပ်စီး ခွင့်ရသည်။

ကြေးဝါကို ဘဲဥပုံသဏ္ဌာန်ပြုလုပ်၍ သားရေခါးပတ်၌ တပ်ထားခွင့်ရသည်။ ထိုဘဲဥပုံကြေးဝါပြားပေါ်မှာ (C.W)ဟူ သော စာလုံးရေးထားသည်။

ဦးဗန်ကောင်းမှာ တစ်လလျှင် လျှော့ရက်(၆)ရက် ရ သော ဦးထုပ်ပြာဆောင်းရသည် စီ. အို ဟု ခေါ်သော ဗာရာ တစ်ယောက်ဖြစ်သည်။

တစ်နေ့သ၌ အင်းစိန်ထောင်အတွင်းသို့ အကျဉ်းသား အသင်းများ ရောက်လာပြီး အဆောင်ခွဲ၊ အတန်းခွဲရန်အတွက် သီးနေရာသို့ ရောက်သွားသောအခါ မိမိမျက်စိကိုပင် မယုံကြည်



www.burmeseclassic.com

www.burmeseclassic.com



နိုင်အောင်ဖြစ်ရလေသည်။

အဘယ့်ကြောင့်ဆိုသော်. . .

နောက်ထပ်ရောက်လာသော အကျဉ်းသားသစ်များထဲမှာ သူ၏မိတ်ဆွေ ဒေါက်တာမင်းထင်ကျော်ကို တွေ့ရသောကြောင့်ဖြစ်ပေသည်။

အကျဉ်းသားအသစ်များအတွက် နေထိုင်ရန်အတွက် အဆောင်များ ခွဲသောအခါ ထိုအကျဉ်းသားကို ၎င်းနေသော အဆောင်သို့ ခေါ်ဆောင်ထားလိုက်လေသည်။

ညအချိန်ရောက်သောအခါ ထိုအကျဉ်းသား ရှိရာသို့ သွားလေသည်။

"ဘယ်လိုလဲ မောင်ထင်ကျော်၊ ဘယ်လိုပြစ်မှုမျိုး ကျူးလွန်ခဲ့လို့ ဆိုင်းမဆင့်ဗုံမဆင့်နဲ့ ထောင်ထဲ ရောက်လာရတာလဲ"

ထိုသို့မေးသောအခါ အကျဉ်းသားက တအံ့တသြဖြင့် သူ့ကို ကြည့်လေသည်။ ပြီးမှ. . .

"ခင်ဗျားက ကျုပ်ကို သိလို့လား"

ဟု မေးသည်။

ထိုသို့ မေးသည့်လေသံ ကြားတော့မှ ဦးဇန်ကောင်းမှာ အံ့သြသွားလေသည်။

လူချင်း ခွဲမရအောင် တူသော်လည်း စကားပြောသည့် အသံကတော့ ဒေါက်တာမင်းထင်ကျော်နှင့် မတူလှပေ။

ထို့ပြင် ဒေါက်တာမင်းထင်ကျော်ဆိုလျှင်လည်း သူ့ကို မမှတ်မိစရာအကြောင်းမရှိပေ။





ဒီတော့မှ ထိုအကျဉ်းသားကို အသေအချာ ကြည့်ရလေသည်။ ဒေါက်တာမင်းထင်ကျော်နှင့် ရုပ်ရော အသက်အရွယ်ပါ ချွတ်စွပ်တူသော်လည်း ဆံပင်ပုံစံနှင့် အသားအရောင်ကတော့ မတူပေ။

၎င်းက ဆံပင်ပိုရှည်ပြီး လည်ဂုတ်အထိ ရှည်သည်။

အသားအရေက အနည်းငယ် ညိုသည်။

ထို့ပြင် မေးစေ့အောက်မှာ မှဲ့နက်တစ်လုံး ပါသည်။

ဒါပဲ ကွာသည်။

ကျန်တာကတော့ ဒေါက်တာမင်းထင်ကျော်နှင့် တစ်ပုံစံတည်း ထထေရာတည်း ခွဲမရအောင် တူလေသည်။

"ဒါထက် မင်းနာမည်က ဘယ်လိုခေါ်သလဲ"

"မင်းထင်ကျော်"

"အသို. . . မင်းရဲ့နာမည်ကလည်း မင်းထင်ကျော်ပဲတဲ့။ လောကမှာ လူတူမရှား နာမည်တူမရှား ရှိတယ်လို့သာ ကြားဖူးပါတယ်၊ ဒီလို လူရောနာမည်ပါ တူတာမျိုးတော့ တစ်ခါမှ မကြားဖူး မမြင်ဖူးပေါင်ဗျာ"

မင်းထင်ကျော်ဆိုသောအကျဉ်းသားက ဦးဇန်ကောင်းကို ကြည့်ပြီး အံ့သြနေဟန်ရှိသည်။

"ဒါထက် ခင်ဗျားက ဘယ်သူလဲ"

"ငါ့နာမည် ဦးဇန်ကောင်းလို့ ခေါ်တယ်၊ ဒီထောင်မှာ အကျဉ်းသားတွေကို ထိန်းသိမ်းရတဲ့ ဗာရာတစ်ယောက်ပဲ"

ထိုစကားကြားသောအခါ မင်းထင်ကျော်ဆိုသော လူ



www.burmeseclassic.com

www.burmeseclassic.com



ရွယ်မှာ အနည်းငယ် တွန့်သွားဟန်ရှိသည်။

ထောင်ထဲမှာ ဗာရာများမှာ ထောင်မှ ပုလိပ်များကဲ့သို့ ဩဇာအာဏာရှိသူများဖြစ်ကြောင်း ကြားဖူးထားသောအခါ သူ့အနေနှင့် လေသံမာမာ မပြောဝံ့တော့ပေ။

ထောင်အတွင်းသို့ ရောက်လာသော လူသစ်များမှာ လောလောဆယ် ၎င်းတို့ လုပ်ရမည့်အလုပ်တာဝန်များ သတ်သတ်မှတ်မှတ် မရှိသေးသောကြောင့် ဗာရာများ စေခိုင်းသော အလုပ်များကို လုပ်ကြရသည်။

အသက်သာဆုံး သန့်ရှင်းရေး လုပ်ရသည့်အလုပ်မှစပြီး နောက်ဆုံး သေးအိုးချေးအိုး သွန်ရသည့်အလုပ်ထိ လုပ်ကြရသည်။

"ဒါထက် ဦးလေးက ဘာအမှုနဲ့ ဒီအထဲ ရောက်နေတာလဲ"

"ငါ့အမှုက ပုဒ်မတပ်ရတာ အတော်ခက်တဲ့အမှုမျိုးမဲ့ကွ"

"ဘာအမှုမို့လဲဟင်"

"အင်္ဂလိပ်မျက်နှာဖြူတွေ မျက်စိစပါးမွေးစူးအောင် လုပ်မိတဲ့အမှုပေါ့ကွာ"

ထိုစကားကြားသောအခါ မင်းထင်ကျော်မှာ သဘောပေါက်သွားပြီး ရယ်နေလေသည်။

"မင်းကရော ဘာအမှုနဲ့ ဒီအထဲ ရောက်လာတာလဲ"

"လူသတ်မှု"





ဦးဗန်ကောင်းက မျက်မှောင်ကျုံ့လိုက်လေသည်။

"ဘယ်လိုကြောင့်များ လူသတ်မှုအထိ ကျူးလွန်ရတာလဲကွာ"

"ကျွန်တော်က ရွှေလီနယ်ဘက်ကပါ၊ ကျွန်တော့်ပစ္စည်းတို မတရား ယူသွားတဲ့လူကို လိုက်ရှာပြီး တွေ့တာနဲ့ သတ်လိုက်မိလို့ အဖမ်းခံရပြီး ဒီထောင်ထဲကို ရောက်လာခဲ့တာပါ"

"မင်းက ငါ့မိတ်ဆွေတစ်ယောက်နဲ့ ရုပ်ချင်းရော လူပုံပန်းသဏ္ဌာန်ပါ မကဘူး၊ နာမည်ပါ တူနေလေတော့ မင်းအကြောင်းကိုလည်း ငါက စိတ်ဝင်စားပါတယ်"

"ကျွန်တော့်အဖြစ်က စိတ်ဝင်စားစရာကောင်းသလို အတော်လည်း ထူးဆန်းတယ်ဗျ၊ နောက်ပြီး ကြောက်စရာလည်း အတော်ကောင်းတယ်"

"ဘယ်လိုကြောက်စရာကောင်းတာလဲကွ"

"ဒါထက် ဦးလေးကို မေးရဦးမယ်၊ တစ္ဆေသရဲဆိုတာ တကယ်ရှိတဲ့အရာတွေလားဗျ"

ဦးဗန်ကောင်းက ကွမ်းတမြုံ့မြုံ့ဝါးရင်းနှင့် ခေါင်းညိတ်ပြလိုက်လေသည်။

"ဖုတ်၊ တစ္ဆေ၊ သရဲ၊ ကျတ်၊ မှင်စာ စတဲ့ ပရလောကသားလို မကောင်းဆိုးဝါးတွေဟာ ငါတို့ နေတဲ့ လောကပတ်ဝန်းကျင်မှာ အများကြီး ရှိတာပေါ့ကွ၊ တခြားမပြောပါနဲ့ကွာ. . . ဒီအင်းစိန်ထောင်ကြီးအတွင်းမှာတောင် သေပြီးမှ မကျွတ်မလွတ်ဘဲ တစ္ဆေသရဲဘဝနဲ့ ရှိနေကြတဲ့ ပရလောကသားတွေ အများကြီး



www.burmeseclassic.com

www.burmeseclassic.com



ရှိနေတာပဲ"

"ဟင်. . . တကယ်ပဲလား"

ခင်းထင်ကျော်က အမှောင်ရိပ်သမ်းနေသော အိပ်ဆောင်အပြင်ဘက်သို့ လှမ်းကြည့်ပြီး အနည်းငယ် ထိတ်လန့်သွားဟန်ရှိလေသည်။

သစ်သားတန်းလျားများ ကာရံထားသော အိပ်ဆောင်မှ လှမ်းကြည့်လျှင် ထောင်နံရံအတွင်းမှ ပြင်ပရှုခင်းအတော်များများကို လှမ်းမြင်ရသည်။

ဗြိတိသျှအစိုးရသည် အင်းစိန်ထောင် တည်ဆောက်သောအချိန်တွင် မြန်မာတစ်ပြည်လုံး၏ အချို့သောမြို့များတွင် ထောင်အချို့ကို တည်ဆောက်ပြီးဖြစ်သောကြောင့် အင်းစိန်ထောင်ကို စနစ်တကျနှင့် စိတ်တိုင်းကျ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အုတ်ရိုးနှစ်ထပ်ရှိပြီး အပြင်အုတ်ရိုးမှာ (၁၈)ပေခန့်မြင့်ပြီး အတွင်းအုတ်ရိုးမှာ (၇)ပေခန့်အမြင့်ရှိသည်။ အုတ်ရိုးတစ်ခုနှင့်တစ်ခုအကြား ပေ(၁၉၀)ကွာခြားပြီး ထိုကွပ်လပ်နေရာများတွင် အတွင်းတောင်ယာ ခေါ် သီးနှံစိုက်ခင်းများ ပြုလုပ်ထားသည်။

နာရီဒိုင်ခွက် ပုံသဏ္ဌာန် တည်ဆောက်ထားသောကြောင့် ထောင့်(၁၆)ထောင့် ပါရှိလေသည်။

နာရီဒိုင်ခွက်ပုံစံအတွင်း၌ ရဲဘက်အိပ်ဆောင်များအား စနစ်တကျ တည်ဆောက်ထားခြင်းဖြစ်ပေသည်။





ထိုအိပ်ဆောင်များမှာ နှစ်ထပ်အဆောက်အဦးများ ဖြစ်ပြီး ညအချိန် ထောင်သားများ အိပ်စက်ရန်နေရာများဖြစ်ပေသည်။

ဗဟိုနေရာမှာတော့ (၆၄)ပေခန့်မြင့်သော ဗဟိုမျှော်စင်ရှိလေသည်။ ဗဟိုမျှော်စင်ပေါ်မှ အိပ်ဆောင်များမှ လှုပ်ရှားမှုကို မျက်ခြေမပြတ် စောင့်ကြည့်လျက်ရှိသည်။

"မင်းက ဒီအကြောင်းတွေကို သိပ်ပြီးအတွေ့အကြုံရှိဟန်မတူဘူး၊ ဇကန္တတော့ မင်း ပရလောကသားတွေနဲ့ ပတ်သတ်ပြီး ထူးထူးဆန်းဆန်းတွေ ဖြစ်ခဲ့ပုံရတယ်"

"ဟုတ်. . ဟုတ်တယ်"

"ဒါဖြင့်လည်း အပျင်းပြေ နားထောင်ရအောင် ပြောပြဦးကွာ"

"ပြောပြပါ့မယ်. . . ဒါပေမယ့် ကျွန်တော်က အခုမှ ဒီဆောင်ထဲကို ရောက်တာဆိုတော့ ဒီမှာ ဘယ်လိုကြောက်စရာကောင်းတဲ့ အဖြစ်အပျက်တွေ ရှိခဲ့တယ်ဆိုတာ အရင်ပြောပြပါလား"

ထိုသို့ပြောသဖြင့် ဦးဗန်ကောင်းက ဒေါက်တာမင်းထင်ကျော် မဟုတ်သော မင်းထင်ကျော်အား ၎င်းကြုံသိခဲ့ရသော အောက်ပါအကြောင်းအရာအချို့ကို ပြောပြလေသည်။





www.burmeseclassic.com

www.burmeseclassic.com





## အခန်း [ ၃ ]

# မရမ်းခြံမှ အင်္ကျီဝါဆွေ

အင်းစိန်ထောင်ကြီး မတည်ဆောက်မီက ယခု အင်းစိန် မြို့နေရာသည် သစ်ပင်ကြီးများဖြင့် တောသဖွယ် ဖြစ်နေသည့် ရွာငယ်ကလေးတစ်ရွာပင်ဖြစ်သည်။

အင်းစိန်းမြို့ စတင်တည်ဆောက်သည့်နေရာမှာ ယခု ရွာကြီးနေရာပင်ဖြစ်၏။

အင်းစိန်ရွာနှင့် အနီးတဝိုက်တွင် တောကြီးများ ဖုံးလွှမ်းသော မင်္ဂလာဒုံတောနှင့် တဆက်တစပ်တည်း ရှိနေသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ယခု မင်္ဂလာဒုံကို အထက်မင်္ဂလာဒုံဟု ခေါ်ပြီး အင်းစိန်နေရာကို အောက်မင်္ဂလာဒုံဟု ခေါ်ဝေါ်ခဲ့ကြပေသည်။

အင်းစိန်ထောင်ကြီး မတည်ဆောက်မီက ယခုထောင်မြေနေရာတဝိုက်တွင် မြန်မာလူမျိုးများ ပိုင်ဆိုင်သော သရက်ခြံ မရမ်းခြံ၊ ကနစိုးခြံကြီးများ ရှိလေသည်။ ခြံပိုင်ရှင်များက မိမိတို့ပိုင်ဆိုင်သောခြံကြီးများအတွင်းမှာပင် နေအိမ်များ ဆောက်၍ နေထိုင်ကြလေသည်။

ထိုအထဲတွင် လမ်းမနှင့် အတော်ဝေးသော အတွင်းပိုင်းကျသည့်နေရာတွင် ဧကများစွာ ကျယ်ဝန်းသော ခြံကြီးတစ်ခြံလည်း ရှိလေသည်။

သရက်၊ မရမ်း၊ ကနစိုး၊ ပိန္နဲပင်များ စုံလင်အောင် ရှိသည်ဆိုသော်လည်း အများအားဖြင့်တော့ မရမ်းပင် များလေသည်။

ထိုခြံကို ပိုင်ဆိုင်သူမှာ ဦးဘထော်ဆိုသည့် ကရင်အမျိုးသားတစ်ဦးဖြစ်သည်။

ဦးဘထော်သည် ကရင်အမျိုးသားလည်းဖြစ်၊ ခရစ်ယာန်ဘာသာဝင်တစ်ဦးဖြစ်သောကြောင့် ခြံဝန်းထဲမှာပင် ၎င်းနေထိုင်သောအိမ်ကို ခေတ်မီအောင် တည်ဆောက်ထားလေသည်။

မရမ်းခြံအလယ်လောက်မှာ ရှိသော ၎င်း၏နေအိမ်ကို အဝေးမှ ကြည့်ပါက မျက်နှာဖြူအရာရှိများ နေသောအိမ်နှင့် ပုံသဏ္ဌာန်တူလေသည်။

ဦးဘထော်သည် ၎င်းခြံနှင့်နေအိမ်ကို များစွာမက်မော





တွယ်တာသူဖြစ်လေသည်။

ထိုနေရာမှ ဘယ်မှမသွားဘဲ မနက်မိုးလင်းသည်နှင့် သက္ကလတ် ကုတ်အင်္ကျီကြီးကိုဝတ်၊ ကက်ဦးထုပ်ကို ဆောင်း၍ တုတ်တစ်ချောင်း ကိုင်ကာ ၎င်းပိုင်ဆိုင်သော ခြံဝန်းနေရာအနှံ့ လှည့်လည်သွားလာလေသည်။

ခြံဝန်းအတွင်း၌ ခြံအလုပ်သမားများ ရှိလေရာ အိမ်ကြီးနှင့် ဝေးသောနေရာများမှာ သီးသန့်တန်းလျားများဖြင့် နေထိုင်ကြလေသည်။

အလုပ်သမားများသည် မိုးရွာရွာ၊ နေပူပူ၊ နှင်းကျကျ မိုးလင်းစအချိန်တွင် ကုတ်အင်္ကျီဖားဖားကြီးကို အမြဲဝတ်ဆင်ပြီး အချိန်မှန်မှန် ရောက်လာလေ့ရှိသော ဦးဘထော်အား များစွာကြောက်ရွံ့ကြရသဖြင့် မည်သူမှ မိုးလင်းအောင် မနေဝံ့ကြဘဲ ခြံထဲ ဆင်းပြီးအလုပ်လုပ်ကြရသည်။

(၁၈၈၉)ခုနှစ်မတိုင်မီ ထိုနေရာတဝိုက်ရှိ မြေနှင့်ဥယျာဉ်ခြံမြေမှန်သမျှကို ဗြိတိသျှအစိုးရက သိမ်းယူခဲ့လေသည်။

ထိုနေရာတွင် အင်းစိန်ထောင်ကြီး တည်ဆောက်ရန်အတွက်ဖြစ်ပေသည်။

ဗြိတိသျှအစိုးရက လျော်ကြေးပေးပြီး သိမ်းယူသည်ဆိုသော်လည်း တန်ရာတန်ကြေး ပေးခြင်းမျိုး မဟုတ်ဘဲ သင့်တော်သလောက်သာ ပေးခြင်းဖြစ်သည်။

ထိုကဲ့သို့ ပေးပြီး နှင်ထုတ်သောကြောင့် အချို့ကလည်း ကျေနပ်ကြပေ။



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်လုံး စိုက်ပျိုးလာခဲ့သောသစ်ပင်များ၊ ဥယျာဉ်ခြံများကို ထားခဲ့ရသောကြောင့် နှမြောကြသည်။

ထိုအထဲတွင် ဦးဘထော်က ထိပ်ဆုံးမှ ပါလေသည်။

သူသည် အသက်နှင့်အမျှ ပြုစု စိုက်ပျိုးခဲ့ရသောခြံများစွာချစ်ခင်တွယ်တာသူ ဖြစ်လေသည်။

ထို့ကြောင့် ဥယျာဉ်ခြံကို စွန့်ခွာပေးရမည်ဆိုသောအခါ များစွာစိတ်ထိခိုက်မှု ဖြစ်ရလေသည်။

သို့သော်လည်း အစိုးရက အမိန့်ဖြင့် နှင်ပြန်တော့လည်း ဆက်နေခွင့် မရတော့ပေ။

ထိုသို့ ဆက်နေခွင့် မရသည့်တိုင် သူ့ခြံအတွင်းမှ တော်တော်နှင့် စွန့်ခွာမသွားပေ။

အခြားခြံပိုင်ရှင်များမှာ အသီးသီး ထွက်ခွာသွားကြသော်လည်း ဦးဘထော်တစ်ယောက်ကတော့ သူ့အိမ်ကြီးအတွင်းမှာပင် ရှိနေသေး၏။

နောက်ဆုံး ဗြိတိသျှအစိုးရက ဦးဘထော်ထံသို့ နို့တစ်စာပေးပို့လေသည်။

ဘယ်နေ့ဘယ်ရက် နောက်ဆုံးထား၍ ခြံအတွင်းမှ ထွက်ပေးရမည်ဟု နို့တစ်ပေးသည်။

သို့သော်လည်း ထွက်ခွာသွားခြင်း မရှိပေ။

နောက်ဆုံးရက် ရောက်သောအခါမှ ၎င်းအား ရှင်းလင်းဖယ်ရှားရန် ဂေါ်ရခါးပုလိပ်များ ဝင်သွားသောအခါ မရမ်းပင်တစ်ပင်၌ ကြိုးတန်းလန်းဖြင့် ဆွဲကြိုးချကာ သေဆုံးနေပြီဖြစ်





သော ဦးဘထော်အလောင်းကိုသာ တွေ့ကြရလေသည်။

နောက်ပိုင်းမှာတော့ ထိုနေရာတစ်ဝိုက်မှ ဥယျာဉ်ခြံများ၊ သစ်ပင်ကြီးများကို ခုတ်ထွင်ရှင်းလင်းကြသည်။

အခြားနေအိမ်များကို ဖျက်ပစ်သော်လည်း ဦးဘထော်ဆောက်ထားသောအိမ်ကိုတော့ မဖျက်ကြပေ။

အင်္ဂလိပ်လူမျိုးများ နှစ်သက်သည့်ပုံစံအတိုင်း ဆောက်ထားသောကြောင့် အလုပ်သမားများကို လာရောက်ကြီးကြပ်သော မျက်နှာဖြူအရာရှိများ လာရောက်နေကြလေသည်။

သို့သော်လည်း ရက်ကြာကြာနေ၍မရဘဲ တစ်ပတ်ခန့်ကြာသည်နှင့် နေသည့် မျက်နှာဖြူအရာရှိမှာ သေဆုံးသွားလေသည်။

အလောင်းကို စစ်ဆေးကြည့်ပြန်တော့လည်း မည်သည့်ဒဏ်ရာဒဏ်ချက်မှ မရှိဘဲ နှလုံးသွေး ရပ်တန့်ကာ သေဆုံးခြင်းဖြစ်ကြောင်း ဆရာဝန်များ၏ဆေးစစ်ချက်များအရ သိရလေသည်။

သို့သော်လည်း အယုံအကြည်မရှိသော မျက်နှာဖြူများက ထိုအိမ်ကြီးမှာ သွားရောက်နေထိုင်ကြပြန်ရာ နေသည့်သူတိုင်း သေပြန်လေသည်။

နောက်ပိုင်းမှာတော့ မရမ်းခြံမှ ဦးဘထော်နေအိမ်ကြီးမှာ သရဲခြောက်သည်ဟု နာမည်ကြီးလာလေတော့သည်။

အချို့ကလည်း နေသည့်သူတိုင်း သေကြသောကြောင့် ပဋ္ဌာကတိုက် ဘီလူးစားသည်ဟု ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



အချို့ကျတော့လည်း ခြံပိုင်ရှင်ဦးဘထော်မှာ သူ၏ခြံကို မက်မောတွယ်တာမှု ရှိသောကြောင့် မကျွတ်မလွတ်ဘဲ တစ္ဆေဘဝနှင့် ရှိနေပြီး နေသမျှလူများကို ဖမ်းစားသတ်ဖြတ်နေသည်ဟု ထင်ကြေးပေး ပြောဆိုကြလေသည်။ သို့သော်လည်း အတိအကျတော့ မည်သူမှ မပြောနိုင်ပေ။

ထိုကဲ့သို့ နေသမျှလူတိုင်း တစ်ယောက်ပြီးတစ်ယောက် သေဆုံးသောအခါ နောက်လူများက မနေဝံ့ကြတော့ပေ။

ထိုအခါ ဒီအတိုင်း ပစ်ထားကြသည်။

သစ်တောများ ရှင်းလင်းရန် ရောက်နေကြသော အလုပ်သမားများက ညအချိန်ရောက်သောအခါ ကုတ်အင်္ကျီဖားဖားကြီးကို ဝတ်ဆင်ကာ ခြံဝန်းအတွင်းသို့ လှည့်လည်သွားလာနေသော ဦးဘထော်အား တွေ့မြင်သည်ဟု ပြောလာကြလေသည်။

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ပြီး လအနည်းငယ် ကြာသောအခါ ထိုစခန်းသို့ တာဝန်ခံ ထောင်မှူးတစ်ယောက် ရောက်လာလေသည်။

၎င်း၏အမည်မှာ မစ္စတာမေယာဖြစ်ပြီး အင်္ဂလိပ်လူမျိုးတစ်ယောက်ပင်ဖြစ်သည်။

သူသည် အင်းစိန်အကျဉ်းထောင် တည်ဆောက်ရန် နေရာရှင်းလင်းနေသော လုပ်ငန်းခွင်သို့ ကြီးကြပ်ရန် ရောက်လာခြင်းဖြစ်လေသည်။

ထိုသို့ရောက်လာပြီးနောက် တည်းခိုနေထိုင်ရန် အခြား





သင့်တော်သောနေရာ မရှိသဖြင့် အတော်အသင့် ကောင်းမွန်နေသော ဦးဘထော်၏နေအိမ်မှာပင် စခန်းချ နေထိုင်ရန် ပြင်ဆင်လေတော့သည်။

ဤကဲ့သို့ ပြင်ဆင်နေသည်ကို မြင်သောအခါ လက်ထောက် ထောင်မှူးများက အကျိုးအကြောင်း ပြောပြပြီး တားမြစ်ကြလေသည်။

"ထောင်မှူး . . ဒီထောင်က တစ္ဆေသရဲ အလွန်ကြမ်းပါတယ်၊ ဒီမှာ မနေဘဲ တခြားနေရာမှာ နေရင် ပိုပြီးကောင်းမယ်ထင်ပါတယ်"

"ကျွန်ုပ်က ဒါမျိုးတွေ အယုံအကြည် မရှိဘူး၊ တစ္ဆေသရဲဆိုတာ အကောင်အထည်ရှိသလား၊ သူတို့က လူတွေကို ဘယ်သို့ အန္တရာယ်ပေးနိုင်ကြသလဲ"

ထိုသို့ပြောသောအခါ အလုပ်သမားများမှာ မည်သို့ပြန်ပြောရမှန်းမသိအောင် ဖြစ်နေကြတော့သည်။

"မောင်မင်းတို့လူမျိုးတွေဟာ စွဲလန်းမှုတစ်ခု ရှိတာနဲ့အဲဒါကို တစ်သက်လုံး ယုံကြည်နေကြတော့တာပဲ၊ ဒါကြောင့်လည်း ဘာမှမတိုးတက်ဘဲ အခုလိုမျိုးနဲ့ နေကြရတာပဲ၊

ကျွန်ုပ်ကတော့ ဒါမျိုးတွေကို ယုံလည်း မယုံဘူး၊ ကြောက်လည်း မကြောက်ဘူး၊ ဒါကြောင့် ဒီအိမ်မှာပဲ နေမယ်"

ဟု ပြောလေရာ ကျန်လူများလည်း ဘာမှထပ်မပြောဝံ့ကြတော့ပေ။

ထောင်မှူးမေယာသည် မည်သူပြောသည်ကိုမှ လက်



www.burmeseclassic.com

www.burmeseclassic.com



မခံဘဲ ဦးဘထော်၏နေအိမ်၌ နေရန် သွားလေသည်။

အိမ်ကြီးမှာ မီးခိုးခေါင်းတိုင်များ ပါပြီး ဗိုလ်ဆန်ဆန် ဆောက်ထားသောအိမ်မျိုးဖြစ်သည်။ သို့ကြောင့်လည်း ထောင်မှူး မေယာက သဘောကျသွားခြင်းဖြစ်သည်။

သူသည် အစေအပါး အလုပ်သမားများကိုပင် မခေါ်တော့ဘဲ ထိုအိမ်ကြီးရှိရာသို့ တစ်ယောက်တည်း သွားလေသည်။

အိမ်ပတ်ဝန်းကျင်မှာ သစ်ပင်ကြီးများက အုံ့ဆိုင်းလျက်ရှိနေပြီး အိမ်ပေါ်သို့ နွယ်ပင်များ တက်နေပြီဖြစ်သောကြောင့် လူမနေဘဲ ပစ်ထားခဲ့သည်မှာ အတော်ကြာပြီဖြစ်ကြောင်း ထင်ရှားလှပေသည်။ အိမ်အဝင်ပေါက်နေရာတွင် ပျဉ်ပြားတစ်ချပ်ပေါ်၌ 'ဦးဘထော်၏မရမ်းခြံ' ဟူသောစာကို သင်္ဘောဆေးများဖြင့် မညီမညာ ရေးထားလေသည်။ တံခါးမှာ ပတ္တာချောင်နေပြီဖြစ်သောကြောင့် အနည်းငယ် ဟနေကာ တံခါးရွက်များမှာလည်း လှုပ်ယမ်းလျက်ရှိနေသည်။

အနည်းငယ် စောင်းနေသောနေရာမှ အတွင်းဘက်သို့ လှမ်းမြင်ရသည်။

နေ့လယ်ပိုင်းအချိန်မို့ အလင်းရောင် ရှိနေသေးရာ သူ လှမ်းကြည့်လိုက်သောအချိန်မှာ အိမ်အတွင်းမှ ဖြတ်လျှောက်သွားသော သဏ္ဍာန်တစ်ခုကို ရိပ်ကနဲ လှမ်းမြင်လိုက်ရသဖြင့် မေယာမှာ အံ့သြသွားလေသည်။

သူ့စိတ်ထဲမှာ အလုပ်သမားတစ်ယောက်ယောက် အိမ်ထဲမှာ ရောက်နေသည်ဟု ထင်လိုက်မိသည်။





သို့ကြောင့် အိမ်ရှေ့တံခါးရွက်ကို လက်ဖြင့် အသာတွန်းကြည့်လိုက်ရာ အလွယ်တကူပင် ပွင့်သွားလေသည်။

သို့သော်လည်း တကျိကျိနှင့် မြည်လာသော ပတ္တာသံများကတော့ စိတ်ထဲမှာ တစ်မျိုးဖြစ်သွားလေသည်။

အတွင်းဘက်မှာ အတော်ကျယ်ဝန်းလေသည်။

ပရိဘောဂပစ္စည်း များများစားစား မရှိဘဲ ဒီအတိုင်းထားသောကြောင့် ပို၍ကျယ်နေသယောင် ထင်ရသည်။ အနောက်ဘက်နေရာမှာတော့ အပေါ်ထပ် တက်သော လှေခါးတစ်စင်းရှိလေသည်။

ခြေရင်းဘက်တစ်နေရာမှာတော့ မီးဖိုတစ်လုံးရှိသည်။

ထိုမီးဖိုမှ ထွက်လာသောမီးခိုးငွေ့များ အိမ်ထဲ မရောက်စေရန် အပေါ်သို့ မီးခိုးခေါင်းတိုင်ဖြင့် ထုတ်ထားခြင်းဖြစ်သည်။

မေယာသည် ထိုမီးဖိုကို မြင်သောအခါ များစွာသဘောကျသွားလေသည်။

သူသည် ထင်းခြောက်များ ရှာဖွေပြီး မီးဖိုထားရန် စိတ်ကူးပေါ်သည်နှင့် အပြင်သို့ ပြန်ထွက်သွားပြီး ခြံဝန်းထဲမှာ အသင့်တွေ့ရသော ထင်းခြောက်များကို ကောက်ယူ၍ အိမ်ထဲ ပြန်ဝင်လာလေသည်။

စောစောက ဝင်သွားစဉ်က မည်သို့မှ မထူးခြားသော်လည်း ဒီတစ်ခေါက် အိမ်အတွင်း တစ်ကျော့ပြန်ဝင်သောအခါ တံခါးပေါက်ဝမှ တစ်စုံတစ်ယောက်က ဆီးတားထားသကဲ့သို့ ဝင်မရဘဲ ရှိနေလေသည်။

www.burmeseclassic.com



မေယာက ထင်းချောင်းများကို အောက်သို့ ချလိုက်ပြီး ခါးမှာ ချိတ်ထားသောသေနတ်ကို ထုတ်ယူပြီး အခြေအနေ ကြည့်လိုက်သည်။

အခြေအနေက ဘာမှထူးခြားမှု မရှိလှပေ။

စောစောက သူရောက်ခဲ့သည့်ပုံစံအတိုင်းပင် ရှိနေလေ သည်။ သို့သော်လည်း မေယာစိတ်ထဲမှာတော့ အိမ်ထဲမှာ မကောင်းဆိုးဝါးတစ်ကောင် ရှိနေသကဲ့သို့ စတင်ခံစားမိလေ သည်။

မေယာသည် စိတ်လှုပ်ရှားတတ်သူ၊

အယူသည်းတတ်သူ၊ ကြောက်လန့်တတ်သူ တစ် ယောက်တော့ မဟုတ်ပေ။

သူသည် ထင်းချောင်းများကို ယူပြီး အိမ်ထဲသို့ ဝင်လာ လေသည်။ သူ အတွင်းရောက်သည်နှင့် အိမ်ရှေ့တံခါးမကြီးက တစ်စုံတစ်ယောက်က တွန်းပိတ်လိုက်သကဲ့သို့ 'ဂျိုင်း' ကနဲ ပိတ် သွားသည်။

လှည့်ကြည့်လိုက်တော့ မည်သူမှ မတွေ့ရပေ။

တံခါးရွက်နှစ်ချပ်ကသာ လှုပ်ယမ်းလျက်ရှိနေသေး သည်။

အတွင်းသို့ ရောက်သောအခါမှ ထူးခြားသောအရာကို သတိပြုမိသွားလေသည်။

အခြားမဟုတ်ပေ. . .။

ဖုံများ ထုတက်နေသော ကြမ်းပြင်ပေါ်မှာ တစ်စုံတစ်ခု





ကို ဆွဲယူသွားသောအစင်းကြောင်းကြီးကို တွေ့ရလေသည်။ ထို အစင်းကြောင်းကြီးမှာ လေးလံသောအရာတစ်ခုကို ဆွဲယူသွား သောပုံစံမျိုး ပေါ်နေသည်။

မေယာက စောစောက သူဝင်လာစက မရှိဘဲ ယခုမှ ပေါ်နေသောအစင်းကြောင်းကြီးကို ဇဝေဇဝါနှင့် လိုက်ကြည့်နေ သည်။

ထိုအစင်းကြောင်းမှာ အပေါ်ထပ်မှ အောက်သို့ ဆွဲ ဆင်းလာခဲ့ပုံရပြီး လမ်းကြောင်းအတိုင်း လိုက်ကြည့်သောအခါ အခန်းနံ့ရံထောင့်တစ်နေရာရှိ အကျီချိတ်မှာ ချိတ်ထားသော ကုတ်အကျီဟောင်းကြီးတစ်ထည် ရှိရာမှာ အဆုံးသတ်သွားလေ သည်။

ကုတ်အကျီကြီးမှာ အတော်ဟောင်းနွမ်းနေပြီး ဖုံများ ထုတက်နေလေသည်။

အကျီချိတ်မှာချိတ်ထားရာ ကြမ်းပြင်နှင့် မထိတထိ ဖြစ် နေလေသည်။ ထိုအခါ မေယာက ထင်းများကို မီးဖိုနံဘေးမှာ ချထားပြီးနောက် သေနတ်ကို ကိုင်ပြီး လှေခါးမှ အပေါ်ထပ် တက်လာခဲ့သည်။

အပေါ်ထပ်မှာလည်း ပစ္စည်းများများ မရှိဘဲ တံခါးပိတ် ထားသော အခန်းတစ်ခန်းသာ ရှိသည်။

ထိုအခန်းမှာ ဦးဘထော် ရှိစဉ်က အသုံးပြုသောအခန်း ပင်ဖြစ်သည်။

ကြမ်းပြင်ပေါ်မှာ ထုတက်နေသောဖုံများပေါ်မှာ ထင်



www.burmeseclassic.com

www.burmeseclassic.com



နေသောအစင်းကြောင်းကြီးက ထိုအခန်းမှ စတင်ခဲ့ခြင်းဖြစ်လေသည်။

မေယာက လတ်လတ်ဆတ်ဆတ် ပေါ်နေသော အစင်းကြောင်းကြီးကို မြင်သောအခါ စိတ်ထဲမှာ မသင်္ကာသောကြောင့် လိုက်ကြည့်တော့လည်း သူ့ခြေရာမှလွဲပြီး တခြားခြေရာ မတွေ့ရပေ။

တစ်နေရာပဲ ကျန်တော့သည်။

သူ့အား လှည့်စားလိုသောစိတ်ဖြင့် ခြောက်လှန့်ရန် ကြိုးစားနေသောသူမှာ အကယ်၍ ပုန်းအောင်းနေမည်ဆိုပါက ပိတ်ထားသောအခန်းထဲမှာသာ ရှိရပေမည်။ သူပုန်းစရာဆို၍ ထိုနေရာတစ်နေရာသာ ကျန်တော့သည်။ မေယာက သေနတ်ကို အဆင်သင့် ကိုင်ပြီး ထိုတံခါးရှိရာသို့ သွားလေသည်။

"တစ္ဆေလိုလို သရဲလိုလိုနဲ့ ငါ့ကို လှည့်စားဖို့ ကြံစည်နေတဲ့ကောင်တော့ ဒီတစ်ခါ သေနတ်စာ မိပြီပေါ့ကွာ"

ဟု စိတ်ထဲမှာ ရေရွတ်ပြီး တံခါးအနီးသို့ သွားကာ လက်ဖြင့် တွန်းကြည့်လိုက်သည်။

အတွင်းမှ ဂျက်ထိုးမထားပေ။

သို့သော် ဖွင့်မရပေ။

တစ်စုံတစ်ယောက်က အတွင်းမှ ကိုယ်လုံးနှင့် ခံထားသကဲ့သို့ ဟသွားလိုက် ပြန်ပိတ်သွားလိုက်နှင့် အတန်ကြာအောင်ဖြစ်နေပြီးမှ မေယာ စိတ်မရှည်တော့သဖြင့် ခြေထောက်ဖြင့် ကန်ဖွင့်လိုက်သည်။





"ဝုန်း. . ."

ဒီတော့မှ တံခါးချပ်က ပွင့်သွားလေတော့သည်။

အခန်းအတွင်းမှာ အနည်းငယ် မှောင်နေသော်လည်း အတွင်းမှာ ဘာမှတော့ မရှိပေ။

သို့သော်လည်း လတ်လတ်ဆတ်ဆတ် ပေါ်နေသော အစင်းကြောင်းကြီးကတော့ ထိုအခန်းတွင်းမှ ထွက်လာခြင်းပင်ဖြစ်သည်။

မေယာစိတ်ထဲမှာ မအီမသာ ဖြစ်လာသည်။

မကျေမနပ်လည်း ဖြစ်နေမိသည်။

အလုပ်သမားများ ပြောသည့် အကောင်အထည် မရှိဘဲ သူ့ကို ဒုက္ခပေးနိုင်သော တစ္ဆေသရဲဆိုတာ ဒီအိမ်အတွင်းမှာ တကယ်ပဲ ရှိနေရော့သလားဟု တွေးမိသည်။

ထိုအတွေးနှင့်အတူ ဒီအိမ်ထဲမှာ သူ့အပြင် အခြား [illegible]နေသော တစ်စုံတစ်ယောက် ရှိနေသည်ကိုလည်း အလိုလို [illegible]လာသည်။

ထောင်မှူးမေယာသည် ကြောက်ရွံ့တတ်သူ မဟုတ်[illegible] ကိစ္စတစ်ခုကို အလွယ်တကူ လက်ခံတတ်သူလည်း မဟုတ်ပေ။ ထို့ကြောင့် ယခုကြုံတွေ့နေရသောကိစ္စကို အဖြေ [illegible]အောင် လုပ်ရမည်ဟု ဆုံးဖြတ်လိုက်သည်။

အချိန်ကလည်း ညနေပိုင်းအချိန်သို့ ရောက်လာချေပြီ။ [illegible]ထဲမှာ အလုပ်လုပ်နေသော အလုပ်သမားများပင် အိပ်[illegible]များသို့ ပြန်သွားကြပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားများမှာလည်း အခြားမဟုတ်ဘဲ ရန်ကုန်ထောင်ကြီးမှ (၆)လအောက် အပြစ်ဒဏ် ကျခံရသော အကျဉ်းသားများကို ခေါ်ယူ၍ အလုပ်စေခိုင်းခဲ့ခြင်းဖြစ်သည်။

စုစုပေါင်း လူ(၄၀၀)ခန့် ရှိလေသည်။

ထိုအလုပ်သမားများမှာ တစ်နေ့ကုန် သစ်ပင်ခုတ်၊ သစ်ပင်လှဲ၊ ချုံရှင်း၊ မြေတူး လုပ်ကြရပြီး ညနေပိုင်း နားချိန်ရောက်သောအခါမှ စခန်းချရာနေရာများသို့ ပြန်နားကြရသည်။

သို့သော်လည်း သီးသန့်အိပ်ဆောင်များ မရှိဘဲ မြေပေါ်မှာပင် သင့်တော်သလို နားကြရခြင်းဖြစ်ပေသည်။

ထိုအလုပ်သမားများမှာ တစ်နေ့ကုန် အလုပ်လုပ်နေကြသောကြောင့် ဆူညံနေရာမှ ညနေပိုင်း နားချိန်ရောက်သောအခါ တောတစ်တောလုံး တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

နယောင်မှူးမေယာမှာ မူလအစီအစဉ်က ထိုအိမ်သို့ အခြေအနေ သွားကြည့်ရုံကြည့်ပြီး ပြန်လာရန်ဖြစ်သော်လည်း ထိုနေရာ ရောက်တော့မှ စိတ်ထဲမှာ မသင်္ကာစရာများ တွေ့နေသဖြင့် အဖြေပေါ်အောင် စုံစမ်းမည်ဟု ဆုံးဖြတ်ကာ မပြန်ဘဲ နေခြင်းဖြစ်သည်။ သူသည် အပေါ်ထပ်မှ အောက်ထပ်သို့ ပြန်ဆင်းလာပြီးနောက် စင်္ကြံကြောင်းကြီး သွားရာနောက်သို့ လိုက်ကြည့်လေရာ အောက်ထပ်နံရံထောင့်တစ်နေရာမှာ ချိတ်ထားသော ကုတ်အင်္ကျီဟောင်းကြီး ရှိသောနေရာမှာ အဆုံးသတ်သွားလေသည်။





သူက ထိုနေရာမှာ ရပ်ပြီး ကုတ်အင်္ကျီကြီးကို အသေ[illegible] ကြည့်လေသည်။ ကုတ်အင်္ကျီတစ်ထည်လုံးမှာ ဖုံအထပ်[illegible] တက်နေသောကြောင့် အရောင်အဆင်းပင် မပေါ်တော့[illegible]။

အင်္ကျီမှာ ရှေးခေတ် စစ်တပ်အရာရှိများ ဝတ်ဆင်သော[illegible]ဆောင်းကုတ် ကုတ်အင်္ကျီအရှည်မျိုးဖြစ်ပြီး ကြယ်သီးများပင်[illegible]အောင် မရှိတော့ပေ။

သူသည် အင်္ကျီအဟောင်းကြီးကို ကြည့်နေရင်း စိတ်ထဲ[illegible]နှစ်မြို့သလို ဖြစ်လာသဖြင့် လက်ဖြင့် ကိုင်ကာ လှန်ကြည့်[illegible]သည်။

ဘယ်ဘက်ပခုံး၏အောက်ဖက်နေရာလောက်တွင် ပြား[illegible]ခန့် ရှိသောအပေါက်တစ်ပေါက်နှင့် အနားပတ်လည်တွင်[illegible]ထားသည်ကိုလည်း တွေ့ရသည်။

မေယာက ထိုအပေါက်ကို မြင်သည်နှင့် သေနတ်ကျည်[illegible] ဖောက်ထားသောဒဏ်ရာမှန်း ချက်ချင်းသိလိုက်လေသည်။ အပေါက်ရှိသောနေရာမှာ ကျောဘက် လက်ပြင်အောက်တွင်[illegible]သောကြောင့် ထိုကျည်ဆန်ထိမှန်သောလူသည် ယခုအချိန် အသက်ရှင်လျက်နှင့် မရှိနိုင်တော့မှန်းလည်း သိလိုက်သည်။

(ထိုကုတ်အင်္ကျီကြီးမှာ အင်္ဂလိပ်နှင့်ဂျပန်တို့ ဖြစ်ပွား[illegible]စစ်ပွဲတွင် ကျောတွင် သေနတ်ကျည်ဆန် ထိမှန်ပြီး သေဆုံးသော မျက်နှာဖြူအရာရှိတစ်ယောက်ကိုယ်မှ ဦးဘထော် ချွတ်[illegible]ထားသော အင်္ကျီဟောင်းကြီးပင်ဖြစ်ပေသည်။)



www.burmeseclassic.com

www.burmeseclassic.com



ထိုအတွေးဝင်လာသည်နှင့် ထောင်မျှူးမေယာသည် အထိတ်တလန့်ဖြစ်သွားကာ ကိုင်ထားသောအကျီကို လွှတ်ချ လိုက်ရာ အကျီက လှုပ်ယမ်းသွားလေသည်။

ထိုသို့လှုပ်ယမ်းသွားသောအခါ ကုတ်အကျီဟောင်းကြီး က သာမန်ထက် ပိုမိုလှုပ်ရှားနေပြီး ဖုံများလည်း ထွက်နေလေ သည်။

ထိုအခိုက်မှာပင် သူ့နောက်ဖက်နားမှ ခပ်တိုးတိုး ရယ် လိုက်သောအသံတစ်သံ ကြားရသဖြင့် လှည့်ကြည့်လိုက်သော် လည်း ဘာမှမတွေ့ရပေ။

ထောင်မျှူးမေယာလည်း တစ္ဆေသရဲကို ကြောက်ရွံ့ တတ်သူ မဟုတ်သလို ယုံကြည်မှုလည်း မရှိပေ။ ထို့ပြင် သူ့မှာ သေနတ်တစ်လက် ပါလာသောကြောင့် အတန်အသင့် အားရှိ လေသည်။

သူကြားဖူးထားသည်က အကယ်၍ တစ္ဆေသရဲများနှင့် တွေ့ရသည်ဆိုလျှင်ပင် နေ့အချိန်များတွင် မတွေ့ရဘဲ ညအချိန် များတွင်သာ တွေ့ရသည်ဟု ကြားဖူးသည်။

ယခုတွေ့နေရသော ချောက်ခြားမှုများမှာ ဘယ်နည်း နှင့်မှ တစ္ဆေသရဲ မဖြစ်နိုင်ဟုတော့ မိုက်မိုက်မဲမဲ တွေးလိုက် သည်။

တဖက်မှလည်း ထိုအိမ်ကြီးမှာ တစ်ယောက်တည်း ည မအိပ်သင့်ဟု တွေးမိသည်။

ထိုသို့တွေးမိသော်လည်း ထိုသို့လုပ်ရမှာကိုတော့ ဘ





ဝန်လေးမိသည်။

တော်ကြာ အလုပ်သမားများ တားနေသောအချိန်က ဖွတ်ထွက်လာပြီးမှ ယခုမှ ပြန်သွားလျှင်တော့ အထင်သေးစရာ ဖြစ်ပေတော့မည်။

အလုပ်သမားများက ဘာမှမပြောဝံ့ပေမယ့် ထိုသို့ အထင်သေးသောမျက်လုံးမျိုးဖြင့် ကြည့်တာကိုတော့ လက်မခံ ချင်ပေ။

ထို့ကြောင့် မည်သည့်နည်းနှင့်မဆို ထိုအိမ်ကြီးအတွင်း မှာ တစ်ညအိပ်သွားမည်ဟု ဆုံးဖြတ်ချက် ချလိုက်လေသည်။

သို့သော်လည်း ဒီအတိုင်းတော့ နေ၍မဖြစ်ဘဲ မီးဖို၌ မီးအရှိန်ရအောင် လုပ်ထားသင့်သည်ဟုတော့ စဉ်းစားမိသည်။

မီးဖိုနားမှာ ချထားခဲ့သောထင်းခြောက်များကို စုပုံပြီး မီးဖိုအခြေအနေကို ကြည့်သည်။

မီးဖိုအတွင်းမှာ ပြာများ ရှိနေပြီး မီးသွေးဆွပေးရန် သံချိတ်ကောက်ကြီးတစ်ချောင်းလည်း ရှိနေသည်။ သူက ထို သံချိတ်ကောက်ကြီးကို ကောက်ယူလိုက်သည်။

"ဟာ. . ."

အလန့်တကြား ပြန်လွှတ်ချလိုက်သည်။

ထူးထူးခြားခြား သံချိတ်ကောက်ကြီးက ပူနေသည်။ သူ သံချိတ်ကြီးကို ပြန်လွှတ်ချလိုက်တော့ နောက်ဘက်မှ ရယ်သံ တိုးတိုးကို ကြားရပြန်သည်။

စိတ်ထဲမှာ မသင်္ကာသောကြောင့် မီးဖိုအတွင်းမှ ပြာများ



www.burmeseclassic.com

www.burmeseclassic.com



ကို လက်ဖြင့် စမ်းကြည့်သောအခါ မကြာသေးခင်ကမှ မီးငြိမ်းသွားခဲ့တာန်ဖြင့် ပူနွေးနေသည်ကို တွေ့ရသဖြင့် များစွာအံ့ဩသွားသည်။

ညနေစောင်းအချိန်ရောက်လာပြီမို့ အပြင်ဘက်မှာ အမှောင်ရိပ်များ သမ်းလာသည်။

ထိုအချိန်ရောက်ကာမှ မိုးတဖွဲဖွဲ ရွာချလာသည်။ မိုးရွာလာသောအခါ သစ်တောရိပ်များကြောင့် ပို၍မှောင်လာသည်။

စိတ်ထဲမှာ မသင်္ကာသောကြောင့် သံချောင်းကြီးထိပ်မှာ တပ်ထားသည့် လက်ကိုင်သစ်သားရိုးကို စမ်းကြည့်တော့လည်း ပူနေသေးသည်။

"အလုပ်သမားတွေ အလုပ်လုပ်နေရင်းက ထောင်ဝါဒါတွေရဲ့အလစ်မှာ ဒီအိမ်ထဲ ဝင်ပြီး တစ်ခုခု ချက်ပြုတ်စားကြတာပဲ ဖြစ်ရမယ်"

ဟု တွေးကာ မီးမွေးရန် ပြင်သည်။

ဦးစွာ မီးပုံအတွင်းမှ ပြာများကို ဖယ်လိုက်ပြီး အနေတော် ထင်းချောင်းများကို စနစ်တကျ စီထောင်လိုက်လေသည်။

ပြီးမှ မီးခြစ်ဆံများ ထုတ်ပြီး တစ်ချောင်းပြီးတစ်ချောင်း မီးခြစ်ကာ မီးမွေးလေသည်။

သို့သော်လည်း အလွယ်တကူ မီးစွဲစေသောအရာ မပါသောကြောင့်(ဥပမာ ထင်းရှူးဆီ၊ ကညင်ဆီ) ထင်းတုံးများကို အလွယ်တကူ မီးမစွဲပေ။

အတန်ကြာတော့ ထင်းချောင်းတစ်ခု၌ မီးစွဲသွားသော်





သည်း မီးတောက်အဖြစ် ရောက်မလာပေ။

ထင်းချောင်းများမှာ ရေစိုထားသောကြောင့် မီးခိုးများ အူထွက်နေရာ အခန်းထဲမှာ မီးခိုးငွေ့များ ပျံ့နှံ့လာသည်။

မီးစွဲနေသောထင်းချောင်းကို မီးတောက်လာစေရန် ယပ်ခပ်ပေးရန် လိုသည်။

သို့သော် ယပ်တောင်မရှိပေ။

နောက်ဆုံးမှာတော့ လေးဖက်ထောက်ပြီး ပါးစပ်ဖြင့် မီးမှုတ်ပေးရသည်။

ထိုသို့မီးမှုတ်ပေးနေစဉ် နောက်ဖက်နားမှ ဖြတ်လျှောက်သွားသော ခြေသံလိုလို ကြားလိုက်ရသောကြောင့် လှည့်ကြည့်လိုက်သည်။

အကောင်အထည်တော့ ဘာမှမရှိပေ။

မီးခိုးငွေ့များကြားမှ တစ်စုံတစ်ယောက် ဖြတ်လျှောက်သွားသဖြင့် မီးခိုးငွေ့များ လှုပ်ရှားသွားသည်ကိုတော့ အတိုင်းသား မြင်လိုက်ရသည်။

ထိုသဏ္ဌာန်သည် မီးခိုးငွေ့များကြားမှ ဖြတ်ကာ ဝရန်တာဘက်သို့ လျှောက်သွားလေသည်။

နောက်တစ်ကြိမ် လေးဖက်ထောက်ပြီး မီးမှုတ်နေစဉ်မှာ အပြင်ဝရံတာ ရှိရာဘက်မှ အသံအချို့ ကြားလာရသည်။

လေးလံသောအရာတစ်ခု ပစ်ချလိုက်သောအသံမျိုးဖြစ်သည်။

မေယာသည် မီးမှုတ်နေရာမှ ထကာ သေနတ်ကို



www.burmeseclassic.com

www.burmeseclassic.com



အဆင်သင့် ကိုင်ပြီး ဝရံတာရှိရာ သွားကြည့်သောအခါ ထိုနေရာတွင် ဘာမှမရှိဘဲ အခန်းထောင့်မှာ ချိတ်ထားသော ကုတ်အင်္ကျီရှည်ကြီး ရှိရာသို့ လျှောက်သွားသော ခြေသံသဲ့သဲ့ကို ကြားရပြန်သည်။

လှမ်းကြည့်လိုက်တော့ ထိုကုတ်အင်္ကျီကြီး ရှိသောနေရာ၏အောက်တည့်တည့် ကြမ်းပြင်ပေါ်မှာ ဖုံများ ထနေသည်ကိုသာ တွေ့ရသည်။

အပြင်ဘက်မှာတော့ မိုးက တစိမ့်စိမ့် ရွာနေသည်။

“ဒီအိမ်မှာ လူမနေတာ ကြာတော့ ကြွက်တွေ သောင်းကျန်းနေတာပဲ ဖြစ်မှာပါ”

ဟု တွေးရင်း မီးဖိုရှိရာသို့ ပြန်လျှောက်လာသည်။

သူသည် မီးဖိုအနီးသို့ ပြန်ရောက်သောအခါ မီးစွဲစပြုနေပြီဖြစ်သော ထင်းချောင်းကို မီးတောက်မြန်မြန်ရစေရန် စိတ်အားထက်သန်စွာဖြင့် လေးဖက်ထောက်၍ မီးမှုတ်နေပြန်လေသည်။

ပိုမိုအရှိန်ရစေရန် မီးခြစ်ဆံပေါင်းများစွာကို တစ်ခုပြီး တစ်ခု ခြစ်ပြီး မီးဖိုထဲသို့ ထည့်သည်။ မီးစွဲလာသောအခါ မီးခိုးငွေ့များက ပို၍အူတက်လာလေသည်။

ထိုအခိုက်မှာပင် အပြင်ဘက် ဝရံတာမှ အသံတစ်သံ ပေါ်ထွက်လာပြန်သည်။

ထိုနေရာသို့ သွားကြည့်ပြန်တော့လည်း ဘာမှမတွေ့ရဘဲ ကုတ်အင်္ကျီကြီး ရှိသောနေရာသို့ လျှောက်သွားသောခြေသံ





သံ ထိုနေရာတွင် ဖုံများ ထနေသည်ကို လှမ်းမြင်ရသည်။

အချိန်ကလည်း ညဉ့်ဦးပိုင်း ရောက်လာသောကြောင့် အမှောင်ထုများက ပို၍ဖုံးလွှမ်းလာလေသည်။ ထိုကဲ့သို့ အကြိမ်ကြိမ် ဖြစ်လာသောအခါ တစ္ဆေသရဲ ရှိသည်ကို အယုံအကြည် မရှိဘဲ သတ္တိကောင်းလှပါသည်ဆိုသော ထောင်မှူးမေယာမှာ ရင်ထဲမှ စိမ့်တက်လာကာ ကြောက်ရွံ့စိတ်များ ဖြစ်ပေါ်လာခဲ့တော့သည်။

“ဒီအတိုင်းဆိုရင်တော့ ဒီအိမ်မှာ ဆက်နေဖို့ မသင့်တော့ဘူး၊ အမြန်သွားမှဖြစ်မယ်”

ဟု တွေးတောမိကာ မီးဖိုရှိရာသို့ တစ်ကျော့ပြန် လျှောက်လာသည်။

မီးမတောက်သေးသော်လည်း မီးခိုးငွေ့များက စောစောကထက် ပို၍အူတက်နေသည်။

အခန်းတစ်ခုလုံးမှာလည်း မီးခိုးငွေ့များဖြင့် ဝေ့ဝဲလျက် ရှိနေလေသည်။

ထိုအခြေအနေကပင် ချောက်ခြားဖွယ်ရာကောင်းနေတော့သည်။

သူသည် ထိုအိမ်ထဲမှာ တစ်ညလုံး ဆက်နေရန် ဘယ်လိုမှ မဖြစ်တော့သဖြင့် မီးဖိုဘေးမှာ ချထားသော သူ၏ပစ္စည်းများကို ပြန်လည်သိမ်းဆည်းနေစဉ် အခန်းထောင့်တစ်နေရာမှ ရယ်သံတိုးတိုး ပေါ်ထွက်လာသည်။

ရယ်သံကြားရသောနေရာမှာ ကုတ်အင်္ကျီကြီး ချိတ်ထားသော



www.burmeseclassic.com

www.burmeseclassic.com



သောနေရာဆီမှ ဖြစ်သည်။

သို့သော် အကောင်အထည်တော့ မမြင်ရပေ။

နောက်တစ်ကြိမ်မှာတော့ စေ့ထားသောတံခါးချပ် ကျွီခနဲ မြည်သံပေါ်လာပြီး အနည်းငယ် ဟ,သွားလေသည်။

ထိုဟ,သွားသောနေရာမှ အလင်းရောင်တစ်ခု ဝင်လာပြီး ထိုနေရာမှ အရိပ်မည်းတစ်ခု ဖြတ်သွားသည်ကိုလည်း လှမ်းမြင်လိုက်ရသည်။

ထိုအခါ တစ်ကိုယ်လုံး ရေခဲနှင့် ထိလိုက်သကဲ့သို့ တောင့်ခနဲ ဖြစ်သွားလေသည်။

သူက သေနတ်ကို ကိုင်ရင်း တံခါးပေါက်ဝဘက်သို့ အာရုံစိုက်နေစဉ် အခန်းထောင့်တစ်နေရာမှ လှုပ်ရှားလာသည့် အရာကိုတော့ သတိမပြုမိပေ။

ယခုလိုအခြေအနေမျိုးတွင် လွတ်ရာသို့ အလျင်အမြန် ထွက်ပြေးသင့်မှန်း စိတ်ထဲမှ သိနေသော်လည်း လူက လှုပ်မရတော့ပေ။

လက်ထဲမှာ ကိုင်ထားသော ပစ္စတိုသေနတ်ပင် အောက်သို့ လွတ်ကျသွားတော့သည်။

ခဏကြာတော့ တံခါးပေါက်ဝမှာ ရပ်နေသော ကုတ်အင်္ကျီကြီးက လှုပ်ရှားလာလေတော့သည်။

ထိုကုတ်အင်္ကျီရှည်ကြီးသည် ပျော့ဖတ်နေသည့် အင်္ကျီလက်များကို ပုံပျက်ပန်းပျက် ခါယမ်းရင်း ရှေ့သို့ တိုးလာသောကြောင့် အင်္ကျီအောက်အနားစက ကြမ်းပြင်ပေါ်မှ ဖုံများကို





တရွတ်တိုက် ဆွဲခါလာသကဲ့သို့ ဖြစ်နေတော့သည်။

ဖုံများက မီးခိုးငွေ့များနှင့်အတူ တစ်အိမ်လုံး မှုန်ဝါးနေတော့သည်။

လူမပါဘဲ လူတစ်ယောက်ကဲ့သို့ တရွေ့ရွေ့ လှုပ်ရှားရင်း ရှေ့သို့ တိုးလာနေသော ကုတ်အင်္ကျီကြီးကို ကြည့်ကာ မျက်လုံးပြူးနေသော်လည်း လူက လှုပ်မရသေးပေ။ တဖြည်းဖြည်းနှင့် အနားသို့ ရောက်လာသည်။

လက်နှစ်ဖက်က မြောက်တက်လာပြီး လည်ပင်းကို ဖမ်းကိုင်ရန် တိုးကပ်လာသည်။

အကယ်၍ လည်ပင်းသို့ ထိမိပါက မည်သို့မည်ပုံ ဖြစ်မည်ကို မသိပေ။

နောက်မှ ကြောက်ကြောက်လန့်လန့်နှင့် လက်ဖြင့် စမ်းကြည့်လိုက်ရာ မီးဖိုအနီးမှာ ချထားသော သံချိတ်ကြီးကို စမ်းမိသွားသည်။

သံချိတ်ကြီး၏လက်ကိုင်ရိုးကို ကိုင်မိတော့မှ သတိရသကဲ့သို့ ဖြစ်လာတော့သည်။

သူသည် သံချိတ်ကြီးကို ဆွဲယူပြီး ကြောက်ကြောက်လန့်လန့်နှင့် ရှေ့နားမှာ ရောက်နေသည့် တယမ်းယမ်း တလှုပ်လှုပ်ဖြစ်နေသော ကုတ်အင်္ကျီကြီးအား ရိုက်ချလိုက်သည်။

"ကဲကွာ"

"ဖုန်း. . . ဖုန်း"

ကုတ်အင်္ကျီကြီးမှာ ကြမ်းပြင်ပေါ်သို့ ပုံလဲကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မေယာက အနည်းငယ် အားရှိသွားပြီး ကြမ်းပြင်ပေါ်မှာ ကျနေသော သေနတ်ကို လက်ဖြင့် စမ်းလေရာ ကံအားလျော်စွာ သေနတ်ကို ပြန်ရလေသည်။

သေနတ်ရသည်နှင့် နေရာမှ ထကာ နောက်သို့ တစ်လှမ်းနှစ်လှမ်း ဆုတ်လိုက်သည်။

ထိုအချိန်မှာပင် ကြမ်းပြင်ပေါ်မှ အဝတ်ပုံကြီးသဖွယ် ရှိနေသော ကုတ်အင်္ကျီကြီးက နေရာမှ ပြန်ထရန် ကြိုးစားနေသည်ကို တွေ့ရသဖြင့် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ လက်ထဲမှ သေနတ်ဖြင့် ကျည်ဆန်ကုန်အောင် ပစ်လေတော့သည်။

"ဒိုင်း . . . ဒိုင်း . . . ဒိုင်း"

တိတ်ဆိတ်နေသောအချိန်မှာ သေနတ်သံက ကျယ်လောင်စွာ ပေါ်ထွက်သွားလေတော့သည်။

ဒါပေမယ့် မရတော့ပေ။

ကုတ်အင်္ကျီကြီးက ဒယိမ်းဒယိုင်နှင့် နေရာမှ ထလာလေတော့သည်။

ထောင်မှူးမေယာလည်း ကြောက်လန့်တကြားနှင့် အပေါက်ဝဘက်သို့ ထွက်ပြေးသော်လည်း တံခါးချပ်များက ပိတ်လျက်သား ရှိနေလေသည်။

နောက်ဆုံးမှာတော့ ကြောက်မက်ဖွယ်ကောင်းသော အော်သံကြီးသာ ထွက်ပေါ်လာလေတော့သည်။

ထောင်အမှုထမ်းများနှင့် အလုပ်သမားအချို့တို့မှာ





အိမ်ကြီးရှိရာဘက်မှ သေနတ်သံများ ကြားသဖြင့် မီးအိမ်များဖြင့် ရောက်လာကြပြီး အတွင်းမှ ဂျက်ကျနေသည့်တံခါးကို ဖျက်၍ ဝင်ကြည့်သောအခါ တံခါးပေါက်ဝမှာ လဲကျသေဆုံးနေသော ထောင်မှူးမေယာ၏အလောင်းကိုတွေ့ကြရသည်။

ဆရာဝန်များ ခေါ်၍ စစ်ဆေးကြည့်သောအခါ ဒဏ်ရာဒဏ်ချက် မရှိဘဲ နှလုံးသွေး ရပ်တန့်ကာ သေဆုံးရခြင်းဖြစ်ကြောင်း မှတ်ချက်ချသည်။

ထောင်ဝန်ထမ်းများက အိမ်ကြီးအတွင်းသို့ လိုက်လံကြည့်သောအခါ အခန်းထောင့်တစ်နေရာမှာ ချိတ်ထားသော ကုတ်အင်္ကျီအဟောင်းတစ်ထည်ကိုသာ တွေ့ကြရသည်။

မီးရောင်ဖြင့် အသေအချာ ကြည့်သောအခါ ထိုကုတ်အင်္ကျီကိုယ်ပေါ်မှာ သေနတ်ကျည်ဆန်ရာများနှင့် သံချိတ်ဖြင့် ချိတ်မိသဖြင့် လောလောလတ်လတ် ပေါက်ပြဲနေသည့်ဒဏ်ရာများကို တွေ့ကြရသည်။

မျက်နှာဖြူအရာရှိများ၊ ဝန်ထမ်းများက ထိုကိစ္စနှင့် ပတ်သက်ပြီး အတွင်းကျကျ မသိကြသောကြောင့် ကြောက်လန့်မှု ရှိစေကာမူ ထိုနေရာအကြောင်း၊ ထိုအိမ်ကြီးအကြောင်းနှင့် ထိုကုတ်အင်္ကျီကြီးကို အမြဲဝတ်လေ့ရှိသော ဦးဘထော် အကြောင်းကို သိတန်သရွေ့သိကြသောကြောင့် များစွာကြောက်ရွံ့ထိတ်လန့်ကြလေသည်။

နောက်ပိုင်းမှာတော့ တဖြည်းဖြည်းနှင့် လူပြောများလာသောကြောင့် ဦးဘထော်၏နေအိမ်ကြီးကို မီးရှို့ဖျက်ဆီးပစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြသည်၊

ထိုအဖြစ်အပျက်များမှာ ဦးဗန်ကောင်း ပြောပြသည့် အင်းစိန်ထောင်ကြီး တည်ဆောက်စအချိန်က ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်အချို့ပင် ဖြစ်ပေတော့သည်။





# အခန်း [ ၅ ]

# ပလ္လင်သုံးဆင့် မြို့င်သေလာ

နောက်ပိုင်း ထောင်ထဲမှာ ရက်အတန်ကြာသောအခါ ဦးဗန်ကောင်းနှင့် မင်းထင်ကျော်တို့မှာ တစ်ယောက်အကြောင်း တစ်ယောက်သိကာ ခင်မင်ရင်းနှီးခဲ့ကြလေသည်။

ဦးဗန်ကောင်းကလည်း မင်းထင်ကျော်အတွက် အစစ အရာရာ ကူညီစောင့်ရှောက်မှု ပေးလေသည်။

မင်းထင်ကျော်မှာ လူနှစ်ယောက်ကို ရက်ရက်စက်စက် သတ်ခဲ့သော်လည်း ကံအားလျော်စွာ ကြိုးမိန့်မကျဘဲ နှစ်ကြီး

www.burmeseclassic.com



အတွေ့အကြုံအသားဘဝနှင့် ထောင်ထဲ ရောက်လာရသူဖြစ်ပေသည်။

သူသည် အသက်သုံးဆယ်ကျော်ခန့်အရွယ်ရှိပြီး စိတ်ဓာတ်ကြံ့ခိုင်သော လူရွယ်တစ်ဦးဖြစ်ပြီး ဖျတ်လတ်တက်ကြွမှုလည်း ရှိလေသည်။

ထို့ပြင် သတ္တိရှိပြီး အရာရာကို လုပ်ကိုင်ဝံ့သူလည်း ဖြစ်ပေသည်။

ဦးဗန်ကောင်းကတော့ မင်းထင်ကျော်ဆိုသောလူရွယ်ကို ကြည့်ပြီး သူ့မိတ်ဆွေ ဒေါက်တာမင်းထင်ကျော်နှင့် ရုပ်ရည်ရော စိတ်ဓာတ်ပါ တူလှသောကြောင့် အမွှာညီအစ်ကိုများလားဟုပင် ထင်မိလေသည်။

"ဒါထက် ဦးလေးက ဘယ်လောက်ကျနေတာလဲ၊ ဒီထောင်ထဲ ရောက်နေတာရော အတော်ကြာပြီလားဟင်"

"ကြာပြီဆိုပါတော့ကွာ"

"ဘာဖြစ်လို့ ထောင်ကျနေတာလဲဟင်"

"အစိုးရ သဘောမကျတဲ့အပြစ်နဲ့ ဒီထဲမှာ ထည့်ထားတာပေါ့ကွာ"

"ဦးလေးက သူတို့ကို ဆန့်ကျင်ခဲ့လို့လား"

"မျက်နှာဖြူတွေဟာ ငါတို့တိုင်းပြည်ကို မတရား ကျူးကျော်ပြီး သိမ်းပိုက်ထားတာ မဟုတ်လား၊ ဘာများ သဘောကျစရာ ရှိလို့လဲ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် သူတို့ အမြင်ကတ်တိုင်းသာ ထောင်ထဲမှာ နေရရင် ဘယ်တရားပါ့မလဲဗျာ"





"ဥပဒေဆိုတာ သူတို့ပါးစပ်ထဲမှာ ရှိတာဆိုတော့ ဘာမှ ပြောလို့မရဘူးပေါ့ကွာ၊ တကယ်လို့ ငါ့ရဲ့အမှုကို ပုဒ်မတပ်မယ်ဆိုရင် သောက်မြင်ကတ်တဲ့ပုဒ်မမျိုးပဲ တပ်မှာပေါ့"

ထိုသို့ပြောသောအခါ မင်းထင်ကျော်က သဘောကျစွာ ရယ်နေလေသည်။

"ဦးလေးပြောတာ မှန်ပါတယ်၊ ဒါထက် ဒီပုဒ်မမျိုး တပ်ထားတော့ ဦးလေးက ဘယ်တော့ လွတ်မှာလဲဟင်"

"သူတို့ လွှတ်ပေးတဲ့အချိန်ကျမှ လွတ်မှာပေါ့ကွာ"

"မတရား လုပ်တယ်ဆိုတာ ထင်ရှားနေတာပဲ၊ အပေါ်ကို အယူခံ မတက်ဘူးလားဟင်"

"ထန်းပင်ပေါ်က လူနဲ့ ထန်းပင်အောက်က လူဆိုတာ တစ်ကြိတ်တည်း တစ်ဉာဏ်တည်း ရှိကြတာဆိုတော့ အယူခံတက်လည်း အချိန်ပိုကုန်ရုံပဲ ရှိမှာပေါ့ကွာ"

"ဒါဖြင့် ဒီလိုပဲ တစ်သက်လုံး ခံစားနေရတော့မှာလား"

"ဒီလိုတော့လည်း ဘယ်ဟုတ်ပါ့မလဲ၊ ကံကြမ္မာဆိုတာ အမြဲပြောင်းလဲပြီး လည်ပတ်နေတာပဲ၊ ကိုယ်က အောက်ကို ရောက်နေတဲ့အချိန်မှာ အံကြိတ်ခံလိုက်ရုံ ရှိတာပေါ့၊ တကယ်လို့ အခွင့်အရေး သာလာတော့လည်း တစ်ပွဲတစ်လမ်း တွေ့ကြဦးမှာပေါ့ကွာ"

ထိုအချိန်က မြန်မာပြည်မှ ဂျပန်များ ထွက်ပြေးပြီး အင်္ဂလိပ်များ ပြန်ဝင်လာစအချိန်ဖြစ်သည်။ ဗြိတိသျှများ တစ်ကျော့ပြန်ဝင်လာသောအချိန်မှာ မြန်မာပြည်သူများကအရိုင်းတို့ကို



www.burmeseclassic.com

www.burmeseclassic.com



သက်မခံချင်သေး၊ သို့ကြောင့် နည်းအမျိုးမျိုးနှင့် တိုက်ခိုက်ဖယ်ရှား ရန် ကြံစည်နေသည့်အချိန်လည်း ဖြစ်သည်။

ဗြိတိသျှများကလည်း ထိုသို့ အုံကြွမှုများကို လက်မခံဘဲ ထွေ့သမျှလူကို ဖမ်းဆီးနှိပ်စက်နေသော အချိန်ကာလလည်း ဖြစ်သည်၊

ရင်းတို့အား ဆန့်ကျင်သူဟု ယူဆသောသူမှန်သမျှ အားလုံးဖမ်းကာ ထောင်ထဲ ထည့်နေသောအချိန်လည်း ဖြစ်ပေ သည်။

"ဘာမှမပူနဲ့ မင်းထင်ကျော်၊ ဖိနှိပ်လွန်းရင် အုံကြွဆိုတဲ့ စကားရှိတယ်၊ သူတို့တတွေက ငါတို့အပေါ် နှစ်ပေါင်းတစ်ရာ ကျော် ဖိနှိပ်လာခဲ့ပြီးပြီ၊ မကြာခင်မှာ ငါတို့အလှည့် ရောက်တော့ မှာ အသေအချာပဲ"

"ဒီလိုဆိုရင်လည်း ဝမ်းသာစရာပေါ့ အဘရယ်၊ ကျွန် တော်တို့လည်း ထောင်ထဲမှာ ကြာကြာမနေရတော့ဘူးပေါ့"

"ဒါက တစ်နေ့တော့ ဖြစ်လာမှာပါ၊ အခုတော့ မင်းက ဘာအကြောင်းကြောင့် လူနှစ်ယောက်ကို ရက်ရက်စက်စက် သတ်ခဲ့ရတယ်ဆိုတဲ့အကြောင်း ငါ့ကို ပြောပြပါဦးကွာ"

"တကယ်တော့ ဒီအကြောင်းကို စိတ်နာလွန်းလို့ ပြန် မပြောချင်ပါဘူး၊ ဒါပေမယ့် ဦးလေးက သိချင်တယ်ဆိုတော့ လည်း ပြန်ပြောပြပါ့မယ်"

ဟု ၎င်းလူသတ်မှု ကျူးလွန်ခဲ့ရသည့်အကြောင်းများကို အောက်ပါအတိုင်း ပြောပြလေသည်။





တကယ်တော့ မင်းထင်ကျော်ဆိုသောလူ့ရွယ်မှာ ရွှေဘို နယ်သားတစ်ယောက်ဖြစ်ပြီး သဘောမနောကောင်းသူတစ်ဦး ဖြစ်လေသည်။

သို့မသော် မဟုတ်လျှင် မခံတတ်သည့်စိတ်မျိုးတော့ ရှိသူဖြစ်သည်။

သူသည် ရွှေဘိုနယ်မှာ နေထိုင်စဉ်က ဆင်းရဲသဖြင့် ကြုံရာကျပန်း အလုပ်ကြမ်းများ လုပ်ကိုင်ကာ မိဘကို လုပ်ကျွေးခဲ့ လေသည်။

တစ်နေ့တော့ ရွှေဘိုနယ်မှ ရွှေလီမြစ်ဝှမ်းဘက်သို့ သွား ရောက်အလုပ်လုပ်နေသော ကိုထွန်းခဆိုသူနှင့် တွေ့လေသည်။

ကိုထွန်းခမှာ စတီးဘရားသားကုမ္ပဏီ၏ သစ်ထုတ်လုပ် ရေးလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်နေသူဖြစ်သည်။

"မင်းထင်ကျော်. . . မင်းအနေနဲ့ ဒီမှာ လုပ်နေတာနဲ့ စာရင် သစ်ထုတ်လုပ်ရေးစခန်းမှာ လာလုပ်ကြည့်ပါလား၊ ဟိုမှာ ဝင်ပန်းတယ်ဆိုပေမယ့် ဒီမှာလုပ်တာထက်တော့ ပိုက်ဆံပိုရ တယ်"

ဟု ပြောသဖြင့် မိဘများထံ ခွင့်ပန်ပြီး ကိုထွန်းခဆိုသူနှင့် ရွှေလီသို့ လိုက်သွားလေသည်။

သစ်တောစခန်း ရောက်စက သစ်တောအလုပ်သမား အဖြစ် ဝင်ရောက်လုပ်ကိုင်ရသော်လည်း ၎င်း၏ကြိုးစားမှုကြောင့် အနည်းငယ်ကြာသောအခါ သစ်ဆွဲဆင်များ ထိန်းကျောင်းရ သောစခန်းသို့ ရောက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံလည်း ဆင်များ နယ်ကျွံသွားလျှင် တောထဲသို့ ဝင်ရောက်ကာ ရှာဖွေဖမ်းဆီးရသည်မှလွဲပြီး ပင်ပင်ပန်းပန်းတော့ မရှိလှပေ။

တစ်နေ့တွင် ဆင်စခန်းမှ ဆင်တစ်ကောင်သည် ထုံးပြတ်ပြီး တောနက်အတွင်းသို့ ဝင်သွားလေတော့သည်။

ထိုဆင်ကို ရှာဖွေရမည့်တာဝန်မှာ မင်းထင်ကျော်တာဝန်ဖြစ်သောကြောင့် တောထဲသို့ ဝင်ရောက်ကာ လိုက်လံရှာဖွေရလေတော့သည်။

ဆင်ကလည်း နယ်ကျွံကာ တောနက်ထဲ ရောက်သွားဟန် ရှိသောကြောင့် အစအနမျှပင် မတွေ့ရတော့ပေ။ မင်းထင်ကျော်မှာ အဖော်မပါဘဲ တစ်ယောက်တည်း လိုက်ရသောကြောင့် အဘယ်မျှပင် သတ္တိကောင်းသည်ဆိုစေကာမူ သတိတော့ ထားနေရသည်။

နေ့အချိန်များတွင် ခလောက်သံ နားစွင့်ရင်း ဆင်ဖြတ်သွားသော သဲလွန်စများ ရှာဖွေရင်းနှင့် တစ်နေကုန် လိုက်ရှာပြီး ညအချိန်ရောက်သောအခါ သစ်ပင်ကြီးများ၏ခွဆုံကြားမှာ တက်အိပ်ရသည်။ ထိုသို့တက်အိပ်ရာမှာလည်း သစ်ပင်နှင့် သူ၏ကိုယ်ကို ပုဆိုးနှင့် ပတ်ချည်ထားပြီး ထိုင်လျက်သား အိပ်ရခြင်းဖြစ်သည်။

ကျောပိုးလွယ်အိတ်ထဲမှာ ရိက္ခာခြောက်များ ပါရာ ထိုရိက္ခာများကိုပင် ဝမ်းပြည့်အောင် စားသောက်ရသည်။ နံနက်လင်းသည်နှင့် သစ်ပင်ပေါ်မှ ဆင်းပြီး ပျောက်နေသောဆင်ကို





လိုက်လံရှာဖွေရလေသည်။

သို့သော်လည်း နယ်ကျွံသွားသောဆင်ကိုတော့ အစအနမျှပင် မတွေ့ရပေ။

တစ်ညမှာတော့ သစ်ပင်ပေါ်မှာ အိပ်နေရင်း ဆူဆူညံညံအသံများ ကြားသဖြင့် မျက်လုံးဖွင့်ကြည့်လိုက်သည်။

အသံကြားရသောနေရာက သစ်ပင်အောက်ဘက်ဆီမှဖြစ်လေသည်။

ငုံ့ကြည့်လိုက်သောအခါ ကညင်ဆီမီးတိုင်များ ကိုင်ကာ တစ်နေရာသို့ သွားနေသော အမျိုးသမီးတစ်စုကို တွေ့ရသည်။

စုစုပေါင်း ဆယ်ယောက်ခန့်ရှိပြီး သက်တူရွယ်တူများဖြစ်ကြသည်။

ရှေ့ဆုံးမှ သွားသော အမျိုးသမီးက ကညင်ဆီမီးတိုင်ကိုင်ကာ လမ်းပြပေးပြီး ကျန်အမျိုးသမီးများက တောပန်းများကိုကိုင်ကာ နောက်မှ လိုက်သွားကြခြင်းဖြစ်လေသည်။

အတန်ကြာသောအခါ တောထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။

မင်းထင်ကျော်စိတ်ထဲမှာတော့ တောထဲမှာ ရှိသောကရင်ရွာတစ်ရွာမှ လူများ အချိန်မတော် သွားလာနေကြသည်ဟု ထင်မိလေသည်။

တကယ်တော့ သူရောက်နေသောနေရာမှာ . . .

ရွှေလီမြစ်ဝှမ်း သစ်တောများထဲမှာ ဥစ္စာစောင့်များ ပေါများ တောကြမ်းသည်ဟု နာမည်ကြီးလှသော 'ပလ္လင်သုံးဆင့်



www.burmeseclassic.com

www.burmeseclassic.com



မြိုင်သေလာ' အမည်ရှိသည့် တောဖြစ်မှန်းတော့ သူ မသိခဲ့ပေ။

မင်းထင်ကျော်မှာ ထိုနယ်သို့ ရောက်သည်မှာ လ မကြာ သေးသောကြောင့် ထိုအကြောင်းများကို မသိသေးခြင်းဖြစ်ပေ သည်။

သူသည် မိန်းကလေးများ ဝင်သွားသောဘက်ကို အ သေအချာ မှတ်သားထားလိုက်လေသည်။

တစ်ခု ထူးတာက ထိုမိန်းကလေးများမှာ အချိန်မတော် တောထဲ လာကြသော်လည်း စားသောက်စရာ ဟင်းသီးဟင်း ရွက်များ မပါဘဲ တောပန်းများချည်း ပါလာသည်ကတော့ အထူးအဆန်း ဖြစ်နေသည်။

နောက်တစ်နေ့ မိုးလင်းတော့ သစ်ပင်ပေါ်မှ ဆင်းကာ ညက မိန်းကလေးများ ဝင်သွားသော တောဘက်သို့ သွားလေ သည်။

သူ့စိတ်ကူးကတော့ အကယ်၍ ရွာတစ်ရွာ တွေ့လျှင် အကျိုးအကြောင်း ပြောပြပြီး အကူအညီတောင်းရန် ရည်ရွယ် ချက်ဖြစ်သည်။

တောနက်ထဲသို့ အတန်ကြာအောင် လှည့်လည်ရှာဖွေ သော်လည်း တောက တဖြည်းဖြည်းနှင့် နက်လာပြီး သားရဲ တိရစ္ဆာန်များကိုသာ တွေ့ရသဖြင့် အံ့သြနေသည်။

"ညက မြင်လိုက်ရတဲ့ မိန်းကလေးတွေ ဘယ်နေရာကို သွားကြတာပါလိမ့်"

ဟု တွေးမိလေသည်။





ထို့နောက် တစ်နေကုန် တောထဲမှာ လှည့်လည်သွား ခြင်း ပျောက်သွားသောဆင်ကို လိုက်လံရှာဖွေသော်လည်း ဆင် ခစ်ကောင် ဖြတ်သွားသော ခြေရာလက်ရာများကိုသာ သဲလွန်စ တွေ့ရပြီး ဆင်ကိုတော့ မတွေ့ရသေးပေ။ သစ်ပင်သစ်ကိုင်းများ ချိုးပဲ့စားသောက်သွားပြီး အချို့နေရာများမှာ ဆင်ချေးပုံများ တွေ့ ရသည်။ မြေပျော့သောနေရာများမှာ သံကြိုးစဖြင့် ပွတ်တိုက်သွား သောနေရာများ တွေ့ရသဖြင့် မကြာခင်မှာ တောဝင်သွားသော ဆင်ကို ပြန်တွေ့ရတော့မည်ဟု မျှော်လင့်မိသည်။ ဤသို့ဖြင့် တစ်နေကုန် ရှာဖွေပြီး နေစောင်းသောအခါ စမ်းချောင်းတစ်ခုကို ဆင်းကာ ကိုယ်လက်သန့်စင်လေသည်။

ထိုစမ်းချောင်းအတွင်းမှာလည်း ချောင်းတွင်းမှာရော ကမ်းစပ်မှာပါ ကျနေသည့် ကျောက်တုံးကျောက်ပြားများကို တွေ့ ရသည်။

ရေချိုးနေရင်းမှ ကမ်းစပ်မှာ ရှိနေသော ကျောက်ပြား အချို့ကို ကြည့်မိသောအခါ အံ့သြသွားသည်။ ထိုကျောက်ပြား များမှာ သဘာဝအတိုင်း ဖြစ်နေသော ကျောက်ပြားမျိုး မဟုတ်ဘဲ လူတို့ ပြုပြင်ထုလုပ်ထားသည့် ကျောက်ပြားချပ်များဖြစ်ကြောင်း သိရလေသည်။

ကျောက်ပြားမှာ ရှေးခေတ်က အသုံးပြုသောအုတ်ချပ် များနှင့် ပုံသဏ္ဌာန်တူပြီး စာလုံးများ ထွင်းထုထားသည်ကို လည်း တွေ့ရသည်။

(ထိုစာများမှာ ပျူစာလုံးများဖြစ်ပြီး ထိုကျောက်ချပ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



များမှာလည်း ရှေးအခါက ပျူလူမျိုးတို့ အသုံးပြုခဲ့သည့် ကျောက်ချပ်ကြီးများဖြစ်သည်။

ပလ္လင်သုံးဆင့်မြိုင်သေလာ ပျူလူမျိုးများ နေထိုင်ခဲ့သော မြို့ပျက်ကြီးတစ်ခုသာ ဖြစ်တော့သည်။)

မင်းထင်ကျော်အနေနှင့် ထိုကျောက်ချပ်ကြီးများ တွေ့သော်လည်း စိတ်မဝင်စားပေ။

သူ့စိတ်ထဲမှာ ပျောက်သွားသောဆင်ကို ပြန်တွေ့ပြီး စခန်းချသောနေရာသို့ အမြန်ပြန်နိုင်ရန်သာ အာရုံရောက်နေတော့သည်။

ထိုညကတော့ စမ်းချောင်းစပ်နှင့် နီးသော သစ်ပင်ကြီးတစ်ပင်ပေါ် တက်၍နားလေသည်။

ထိုညက မိုးလေကင်းပြီး လရောင်ပင် လင်းနေသည်။ သစ်ပင်များကြားမှ ကွက်တိကွက်ကြား ဆင်းလာသော လရောင်ကြောင့် ပတ်ဝန်းကျင်သို့ အတန်အသင့် မြင်နိုင်လေသည်။

သစ်ပင်ပေါ် ရောက်ပြီး တစ်ရေးအိပ်နေစဉ်မှာ နားထဲမှာ ဆူဆူညံညံ အသံအချို့ကြောင့် ပြန်နိုးလာသည်။ ကြည့်လိုက်တော့ သစ်ပင်အောက် စမ်းချောင်းနံဘေးမှာ မိန်းကလေးတစ်စုကို တွေ့ရပြန်သည်။

ဒီည လသာနေသောကြောင့် သူတို့လက်ထဲမှာ မီးတိုင်မပါသော်လည်း တောပန်းများကတော့ ပါလာကြသည်။ တောပန်းရနံ့များက လေနှင့်အတူ ပါလာကြရာ သစ်ပင်ပေါ်မှပင် မွှေးနေသည်။





မိန်းကလေးများက ပန်းများကို ရေဆေးနေကြခြင်းဖြစ်သည်။ ဒီတစ်ခါတော့ မင်းထင်ကျော် ရောက်နေသောသစ်ပင်နှင့် မဝေးလှသောကြောင့် ထင်ထင်ရှားရှား တွေ့နေရလေသည်။

မင်းထင်ကျော်က သစ်ပင်ပေါ်မှ လှမ်းခေါ်လိုက်မည်ဟု စိတ်ကူးပြီး ငုံ့ကြည့်လိုက်စဉ်မှာ ကမ်းစပ်မှာ ရပ်နေသော မိန်းကလေးတစ်ယောက်က သူရှိနေသောသစ်ပင်ပေါ်သို့ မော့ကြည့်လေသည်။

ထိုသို့ကြည့်လိုက်သဖြင့် ဘာကြောင့်မှန်း မသိရဘဲ အသံမထွက်ဝံ့အောင်ဖြစ်သွားလေသည်။

ရုတ်တရက် မြင်လိုက်ရသော်လည်း မိန်းကလေး မျက်နှာကိုတော့ ကောင်းစွာမှတ်မိသွားလေသည်။

မိန်းကလေးတစ်စုက တောပန်းများကို ရေဖြင့် ဆေးပြီးနောက် တောတွင်းသို့ ဝင်သွားကြပြန်လေသည်။

"ညတိုင်းညတိုင်း ပန်းတွေ ခူးပြီး ဘာလုပ်ကြတာလဲ မသိဘူး၊ မနက်လင်းရင်တော့ သူတို့ ဝင်သွားတဲ့ဘက်ကို လိုက်ကြည့်ဦးမယ်"

နောက်တစ်နေ့ နံနက်လင်းသောအခါ မင်းထင်ကျော်မှာ သစ်ပင်ပေါ်မှ ဆင်းပြီးနောက် ညက မိန်းကလေးများ ဝင်သွားသော တောဘက်သို့ လိုက်ကြည့်လေသည်။

ထိုနေရာသည် တောင်ကုန်းတောင်မြင့်များ ရှိပြီး တောထူထပ်သောနေရာလည်းဖြစ်သည်။

အချို့နေရာများမှာ ဝါးရုံတောများက လူတိုးမပေါက်



www.burmeseclassic.com

www.burmeseclassic.com



အောင် ထူထပ်လှပေသည်။

တောင်ကုန်းတောင်စောင်းများ ရှိသောနေရာ ရောက်သောအခါ အဆောက်အဦး အပျက်အစီးများကို တွေ့ရသည်။

အချို့က တောင်စောင်းနေရာ၊

အချို့က တောင်ကုန်းပေါ်မှာ၊

အချို့က ဝါးရုံတောများအတွင်း၌ ရှိပြီး အချို့ကတော့ သစ်တောများအတွင်းမှာ ရှိနေသည်။ အားလုံးကတော့ အကောင်းမရှိတော့ဘဲ အပျက်အစီးများချည်းဖြစ်နေသည်။

ထိုနေရာသည် ရှေးနှစ်ပေါင်းများစွာက ပျူလူမျိုးတို့ နေထိုင်သွားခဲ့သောနေရာဟောင်း၊ မြို့ဟောင်းပင်ဖြစ်သည်။

"ဒီနေရာမှာ မြို့ဟောင်းကြီးတစ်ခု ရှိနေတာကို၊ လူသူအရောက်အပေါက်ကလည်း မရှိလေတော့ ဘယ်သူမှ မသိကြဘူး ထင်ပါရဲ့"

သူ့အနေနှင့် ဒီလောက်သာ တွေးမိလေသည်။

ရှေးမြို့ဟောင်းကြီးတစ်ခုကို အမှတ်မထင် တွေ့ရသော်လည်း သူ့အနေနှင့် အရေးမကြီးလှပေ။

လောလောဆယ် အရေးကြီးသည်က ပျောက်နေသော ဆင်ကို ပြန်တွေ့ရန်ပင်ဖြစ်သည်။

ထိုသို့တွေးတောနေစဉ် အရှေ့ဘက်မှ နေရောင်ခြည် အလင်းတန်းများက တောပေါ်မှ ကျော်၍ ဖြာဆင်းလာသည်။

သစ်ပင်သစ်ရွက်များကြားမှ ဟိုတစ်ကွက် သည်တစ်ကွက် အလင်းတန်းများ ကျလာခြင်းဖြစ်သည်။





နေရောင်ခြည် အလင်းတန်းများ ဖြာကျလာသောအခါ ပတ်ဝန်းကျင်အခြေအနေကို ပို၍မြင်သာလာသည်။ ပြိုကျနေသော အုတ်ကျိုး၊ ကျောက်ကျိုးများကြားမှာ အပိုင်းပိုင်း ကျိုးပဲ့နေသည့် ရုပ်ထုများကိုလည်း တွေ့ရသည်။

ထို့ပြင် စေတီလိုလို ဘုရားရုပ်ပွားတော်လိုလိုနေရာများလည်း တွေ့ရသည်။

ထိုသို့ကြည့်နေစဉ် တစ်နေရာမှ အနီရောင်အလင်းတန်းများ ဖြာတက်လာသည်ကို လှမ်းမြင်ရသည်။

အလင်းရောင်များ ဖြာထွက်နေသောနေရာမှာ သူ ရောက်နေသည့်နေရာနှင့် မဝေးလှပေ။

ပထမတော့ မင်းထင်ကျော်မှာ ထိတ်လန့်သွားလေသည်။ အသေအချာကြည့်တော့မှ ထိုအနီရောင်များမှာ နေရောင်ခြည်မှတဆင့် ဖြာထွက်နေကြောင်း သတိပြုမိလေသည်။

မင်းထင်ကျော်မှာ သတ္တိနည်းသူတစ်ယောက်တော့ မဟုတ်ပေ။ တစ်ကြိမ်တစ်ခါမှ မရောက်ဖူးသော တောနက်ထဲသို့ လှံတစ်စင်း၊ ဓါးတစ်လက် အဖော်ပြုပြီး တစ်ယောက်တည်း လာခဲ့သောသတ္တိမှာ နည်းလှသည်တော့ ဟုတ်ပေ။

သို့စေကာမူ ထူးထူးဆန်းဆန်း ဖြာထွက်နေသည့် အလင်းရောင်များ ရှိသောနေရာသို့ တစ်ယောက်တည်း သွားကြည့်ရမှာတော့ စိုးရိမ်စိတ် ဝင်နေသည်။

အတန်ကြာအောင် အခြေအနေကြည့်နေသော်လည်း ထူးထူးခြားခြား ဘာမှဖြစ်မလာဘဲ အလင်းရောင်များက ဖြာ



www.burmeseclassic.com

www.burmeseclassic.com



ထွက်မြို ထွက်နေသောကြောင့် စိတ်ကို တင်းကာ ထိုနေရာသို့ သွားကြည့်လေသည်။

ထိုနေရာမှာ တောင်ကုန်းတစ်ခုဖြစ်ပြီး သစ်ပင်ကြီးများ မပေါက်ဘဲ ဝါးတောများသာ ရှိပေသည်။

အနီရောင်အလင်းတန်းများက ထိုဝါးတောများအတွင်းမှ ဖြာတက်နေခြင်းဖြစ်သည်။

မင်းထင်ကျော်က စိတ်ကို တင်းပြီး လှံတစ်ဖက် ဓါးတစ်ဖက် ကိုင်ကာ တောင်ကုန်းပေါ်သို့ တက်ကြည့်လေသည်။

ဝါးတောများက ကျပ်နေသောကြောင့် အလွယ်တကူ တက်မရပေ။

သို့ကြောင့် လူတစ်ကိုယ်စာ တက်သာအောင် ခုတ်ထွင် ရှင်းလင်းပြီးမှ တောင်ကုန်းပေါ် တက်ရသည်။

အပေါ်ရောက်တော့မှ ထိုနေရာမှ သာမန်သဘာဝ အတိုင်း ဖြစ်နေသည့် တောင်ကုန်းမဟုတ်ဘဲ ကျောက်တုံး ကျောက်ပြားများဖြင့် ပလ္လင်သဖွယ် ပြုလုပ်ထားသောနေရာဖြစ်မှန်း တွေ့ရလေသည်။

အပေါ်ရောက်တော့ ဝါးရုံတောများက သိပ်မရှုပ်တော့ပေ။ အပေါ်ရောက်တော့ မင်းထင်ကျော်က ရပ်ပြီး ပတ်ဝန်းကျင် အခြေအနေကို ကြည့်သည်။

ဝါးတောများ ပေါက်နေသည့်နေရာမှာ ကျောက်ပလ္လင် ကဲ့သို့ အဆင့်ဆင့် ပြုလုပ်ထားသောနေရာဖြစ်ပြီး လေးပေခန့် မြင့်သော အဆင့်သုံးဆင့် ရှိလေသည်။





အနီရောင်အလင်းတန်းများ ဖြာထွက်နေသောနေရာ မှာ အပေါ်ဆုံးအဆင့်နေရာမှဖြစ်သည်။

မင်းထင်ကျော်က ကျောက်ပလ္လင်များကို တစ်ဆင့်ပြီး တစ်ဆင့် တက်သွားရာ နောက်ဆုံးအပေါ်ဆင့်သို့ ရောက်သွား တော့သည်။

ထိုနေရာမှာတော့ ဝါးတောနှင့်ချုံများ ဖုံးနေသည့် စေတီတစ်ဆူ၏ပြိုကျနေသောအပျက်အစီး၊ အကျိုးအပဲ့များကို တွေ့ရသည်။ ထိုအပျက်အစီးများကြားမှာ ရုပ်ပွားတော်များမှ ကျိုးပဲ့နေသည့် အပိုင်းအစများကိုပါ တွေ့ရသည်။

"ဒီနေရာက ကျောက်ပလ္လင်သုံးဆင့်ပေါ်မှာ တည်ထား တဲ့ စေတီတစ်ဆူ ပြိုကျနေတဲ့နေရာပဲ ဖြစ်မယ်"

အနီရောင်အလင်းတန်းများ ဖြာထွက်နေသောနေရာ မှာ ပြိုပျက်နေသော ကျောက်ပုံ၊ အုတ်ပုံများ အပေါ်ပိုင်းဘက်ဆီ မှ ဖြစ်သည်။

ထိုနေရာအထိ တက်ကြည့်သောအခါ အပျက်အစီးများ ကြားမှ အရောင်တလက်လက် တောက်ပနေသည့် ပတ္တမြားကြီး တစ်လုံးကို တွေ့ရလေသည်။

"ဟင်. ."

မမျှော်လင့်ဘဲ ပတ္တမြားကို တွေ့ရသောအခါ အသက်ရှူ ဖို့ပင် မေ့သွားပြီး ကြက်သေ,သေသွားလေသည်။

ခဏကြာမှ တုန်ယင်သောလက်ဖြင့် ထိုပတ္တမြားကြီးကို ကောက်ယူလိုက်သည်။

www.burmeseclassic.com



ပတ္တာမြားမှာ ကြက်ဥလုံးအရွယ်ခန့်ရှိပြီး အရည်အသွေးကောင်းလှသောကြောင့် နေရောင်ခြည်နှင့် ထိလိုက်သည်နှင့် ပတ်ဝန်းကျင်သို့ အနီရောင်များ ဖြာထွက်လာသည်။

"အဲ့ဒီပတ္တာမြားကြီးက အခု ဘယ်ရောက်သွားပြီလဲ"

ထိုနေရာသို့ ရောက်သောအခါ မင်းထင်ကျော် ပြောပြနေသောအကြောင်းများကို စိတ်ဝင်စားစွာ နားထောင်နေသည့် ဦးဗန်ကောင်းက ဖြတ်မေးလိုက်လေသည်။

မင်းထင်ကျော်က စကားကို ရှည်လျားစွာ ပြောလိုက်ရသဖြင့် မောသွားဟန်ဖြင့် ရေတစ်ခွက် ခပ်သောက်ပြီးမှ စကားပြန်ဆက်သည်။

"အဲ့ဒီပတ္တာမြားကြောင့်ပဲ ကျွန်တော် အခုလို ထောင်ထဲဝင်ခဲ့ရတာပါပဲဗျာ"

ဟု သူ့အကြောင်းကို ဆက်ပြောပြသည်။





အခန်း [ ၅ ]

## ကျိန်စာသင့်နေသော ဒီဝရက္ခပတ္တာမြား

မင်းထင်ကျော်သည် မမျှော်လင့်ဘဲ ပတ္တာမြားကြီး ရလာသောအခါ ဝမ်းသာအားရနှင့် ဘာလုပ်ရမှန်း မသိအောင် ဖြစ်နေတော့သည်။

အကယ်၍ ထိုပတ္တာမြားကြီးကို ယူသွားပြီး စခန်းသို့ ပြန်ရောက်သွားပါက တစ်ယောက်စ နှစ်ယောက်စ သိရာမှ မျက်နှာဖြူများ ကြားသိလျှင် သိမ်းယူသွားမှာ သေချာလှသည်။

သို့ကြောင့် စခန်းသို့ မပြန်တော့ဘဲ မိမိနေရပ်သို့ ပြန်ရန်



www.burmeseclassic.com

www.burmeseclassic.com



ဘာ စိတ်ကူးမိတော့သည်။

သို့သော်လည်း သူရောက်နေသောတောနက်ထဲမှ ပြန်ထွက်ဖို့ရန်ပင် အတော်ကြိုးစားရပေတော့သည်။

နောက်ဆုံးတော့ အနီးဆုံးရွာတစ်ရွာ ရောက်အောင်သွားပြီးမှ ပြန်ရန် စိတ်ကူးပြီး ထိုနေရာမှ ထွက်လာခဲ့သည်။

တောင်ကုန်းပေါ်မှ အောက်သို့ ဆင်းလာစဉ် အောက်ခြေသို့ ရောက်သောအခါ ရှေးခေတ်ပျူလူမျိုးများ ဝတ်ဆင်လေ့ရှိသော အဝတ်အစားများနှင့် အဘိုးကြီးတစ်ယောက်နှင့် တွေ့သဖြင့် ဝမ်းသာသွားသည်။

"အဘက ဘယ်သွားမှာလဲဟင်၊ ဘယ်မှာနေတာလဲ"

"ငါက ဒီနေရာတဝိုက်မှာပဲ နေတာပဲ"

"ဒါဖြင့် ဒီနားမှာ ရွာရှိတာပေါ့နော်၊ ဘယ်လိုသွားရသလဲဆိုတာ ကျွန်တော့်ကို လမ်းညွှန်ပေးပါလား"

အဘိုးကြီးက မျက်မှောင်ကျုံ့ပြီး ကြည့်နေသည်။ အတော်ကြာမှ. . .

"ဒီကနေ မြောက်စူးစူးကို ကွမ်းတစ်ယာညက်သာသာလောက် သွားရင် ကရင်တွေ နေတဲ့ တဲစုတွေတော့ ရှိတယ်၊ ဒါထက် မင်း အပေါ်က ယူလာတဲ့ပစ္စည်းကို ယူမသွားဘဲ သူ့နေရာမှာပဲ ပြန်ထားလိုက်ရင် ပိုပြီးကောင်းမယ်"

"ဘာပစ္စည်းကို ပြောတာလဲ"

"စောစောက ဘုရားကုန်းတော်ပေါ်က ယူလာတဲ့ ပတ္တမြားကို ပြောတာပါ"





မင်းထင်ကျော်စိတ်ထဲမှာ အံ့ဩသွားသည်။

သူ ပတ္တမြားကြီး ယူနေစဉ်က အနီးအနားမှာ ဘယ်သူမှ မရှိပါဘဲ ဒီအဖိုးကြီး ဘယ်လိုများ သိနေတာလဲဟု စိတ်ထဲမှ တွေးလိုက်မိသည်။

"အဘ မျက်စိအကြည့်မှားလို့ဖြစ်ပါလိမ့်မယ်၊ ကျွန်တော် ဘာမှမယူခဲ့ပါဘူး"

"ငါက စေတနာနဲ့ ပြောတာကို လက်မခံတော့လည်း ခင်းသဘောအတိုင်းပဲပေါ့၊ ဒါပေမယ့် တစ်ခုတော့ သတိပေးလိုက်မယ်၊ မင်း အခုယူလာတဲ့ပတ္တမြားက သာမန်ပတ္တမြားမဟုတ်ဘူး၊ ရှေးက ပျူဘုရင်တွေ အသုံးပြုတဲ့ 'ဇီဝရက္ခ' ဆိုတဲ့နန်းစဉ်ရတနာပဲ"

ထိုကဲ့သို့ တိတိကျကျ ပြောသဖြင့် မင်းထင်ကျော်မှာ အံ့ဩသွားလေသည်။

"ပျူဘုရင်တွေ အုပ်စိုးစဉ်က ဇီဝရက္ခပတ္တမြားကို ပျူမင်းသမီး စာမရီရဲ့ နန်းသုံးဟော်ဝင် ရတနာတစ်ပါးပဲ၊ နောက်တော့ ပလ္လင်သုံးဆင့် ကုန်းတော်ပေါ်မှာ ဘုရားတည်တော့ ဇီဝရက္ခပတ္တမြားကြီးကို ဌာပနာပြီး ထည့်ထားခဲ့တာပဲ၊

စေတီတော်ရဲ့ဘွဲ့အမည်ကိုလည်း ဇီဝရက္ခပတ္တမြားစေတီတော်လို့ ခေါ်ခဲ့ကြတယ်၊ နှစ်ပေါင်းများစွာကြာမြင့်ခဲ့လို့ မြို့တော်ကြီး ပျက်စီးသွားတဲ့အခါမှာ ဇီဝရက္ခပတ္တမြားကြီးလည်း စေတီတော်ရဲ့ဌာပနာတိုက်အတွင်းမှာ ကျန်ခဲ့တယ်"

မင်းထင်ကျော်မှာ လွန်ခဲ့သောနှစ်ပေါင်းများစွာက



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းများကို ဂယနဏ ပြောပြနေသောကြောင့် တအံ့တသြဖြင့် နားထောင်နေသည်။

"နောက်ပိုင်း စေတီတော်လည်း ရာသီဥတုဒဏ်ကြောင့် ပြိုကျသွားခဲ့တယ်၊ အဲဒီနောက်ပိုင်းမှာ ဒီပတ္တမြားကြီးအကြောင်းကို သိတဲ့ ပျူအဆက်အနွယ်တွေက လာရှာကြသေးတယ်၊ ဒါပေမယ့် အချိန်မကျသေးတော့ ဘယ်သူမှ မရကြပါဘူး၊ အခုမှ အချိန်တန်လို့ ပေါ်လာခဲ့တာ"

"ဒါကတော့ ကျွန်တော့်[illegible]လဲ"

"ထိုက်လို့ ရတယ်ဆို[illegible] ထိုက်မှ သုံးခွင့်ရှ[illegible] မထိုက်ဘဲနဲ့ သုံးရင် မင်းဆီကို ကြောက်စရာကောင်းတဲ့အန္တရာယ်တွေ တစ်ခုပြီးတစ်ခု ရောက်လာပြီး နောက်ဆုံး အသက်ပါ သေလိမ့်မယ်"

"ကျွန်တော်က ဒါတွေ အယုံအကြည်မရှိဘူး၊ ကြောက်လည်း မကြောက်တတ်ဘူး၊ ဒါထက် အဘက ဒီအကြောင်းတွေကို ဘယ်လိုသိနေတာလဲ"

"[illegible]ဟာ အဲဒီအချိန်ကတည်းက ဒီနေရာမှာပဲ ရှိနေခဲ့တာကိုး"

ဟု ပြောကာ တောထဲသို့ ပြန်ဝင်သွားလေတော့သည်။

မင်းထင်ကျော်စိတ်ထဲမှာတော့ ထိုအဘိုးကြီး စိတ်မနှံ့သောကြောင့် ပြောမိပြောရာ ပြောသွားသည်ဟုပင် ထင်လိုက်မိသည်။

ထို့နောက်မှာတော့ အဘိုးကြီးညွှန်ပြလိုက်သည့်မြောက်





ဖူးစူးဘက်သို့ ဦးတည်ပြီး ခရီးဆက်ခဲ့လေသည်။

ထိုကဲ့သို့ သွားရာမှာတော့ ထူးခြားမှုများနှင့် စတင်ကြုံတွေ့ရလေသည်။

အခြားမဟုတ်ပေ။

သူသွားလေရာနောက်မှ တကောက်ကောက် လိုက်လာသောခြေသံများကို ကြားရပြီး အချို့နေရာများတွင် တီးတိုးပြောဆိုသော စကားပြောသံများကိုပါကြားရလေသည်။

စိတ်[illegible]ဂ် နောက်သို့ လှည့်ကြည့်တော့ [illegible]တွေ့ရပေ။

အထူးသဖြင့် ဝါးတောများအတွင်းမှ ဖြတ်လျှောက်လာစဉ် ဝါးရွက်ခြောက်များပေါ်မှ နင်းလျှောက်လိုက်လာသည့်ခြေသံများကို အတိုင်းသား ကြားရလေသည်။

"တောခြောက်တာများလား. . . ဒါမှမဟုတ် ငါ နားကြားများ လွဲနေရော့သလား"

ဟု တွေးမိသည်။

နေ့ဝက်ခရီးမျှ ခရီးဆက်မိသောအခါ တောင်ကြောနှစ်ခုကြားမှာ ရှိသောတဲစုကလေးများကို လှမ်းမြင်ရချေပြီ။

သို့ကြောင့် အားရှိသွားကာ ထိုရွာသို့ ရောက်အောင်ခပ်သုတ်သုတ် သွားလေသည်။

အမှန်တော့ တောင်ကြားမှာ ရှိသော တဲစုကလေးများမှာ ရွာဟုသာ ဆိုရသော်လည်း တောင်ယာစိုက်ခင်းများမှာပင် တဲထိုးနေသော ယာစောင့်တဲကလေးများသာဖြစ်သည်။ တစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ရာနှင့်တစ်နေရာ အတော်ကလေး လှမ်းလေသည်။

မင်းထင်ကျော်မှာ မောပန်းလာသောကြောင့် အနီးဆုံးတဲသို့ ဝင်ရလေသည်။

ထိုတဲမှာတော့ ကရင်အဘိုးကြီးတစ်ယောက်နှင့် အသက်နှစ်ဆယ်ဝန်းကျင်ခန့်ရှိသောကရင်အမျိုးသမီးတစ်ယောက်သာ ရှိသည်။

အဘိုးကြီးနာမည်က ဦးလဝီဖြစ်ပြီး သမီးဖြစ်သူက 'အေးမူ' ဖြစ်ပေသည်။

မင်းထင်ကျော် ရောက်သွားသောအခါ သားအဖနှစ်ယောက်စလုံး အံ့ဩနေသည်။

"မင်းဘယ်သူလဲ"

"ကျွန်တော့်နာမည် မင်းထင်ကျော်လို့ ခေါ်ပါတယ် ရွှေလီသစ်စခန်းက အလုပ်သမားတစ်ယောက်ပါ"

"ဒီလောက်ဝေးတဲ့နေရာကနေ ဘယ်လိုကနေဘယ်လို ရောက်လာတာလဲ"

"စခန်းက ဆင်တစ်ကောင်က ထူးပြတ်ပြီး တောဝင်သွားလို့ လိုက်ရှာရင်းနဲ့ မျက်စိလည်ပြီး ရောက်လာတာပါ"

"ငါတို့က လူစိမ်းဆိုရင် သိပ်တော့ လက်မခံချင်ဘူး ဒါပေမယ့် မင်းကြည့်ရတာ ဒုက္ခရောက်လာပုံ ရတော့ ခဏတော့ နေချင်လည်း နေပေါ့"

ဟု ခွင့်ပေးသဖြင့် ထိုတဲမှာ ခေတ္တနားခွင့်ရလေသည်။ ထိုသို့ နေခွင့်ရသည်နှင့် မင်းထင်ကျော်မှာ ပါးရည်နပ်ရည် ရှိသူ





တစ်ယောက်ဖြစ်သောကြောင့် ဒီအတိုင်း မနေဘဲ အဘိုးကြီးနှင့် သူ့ အလုပ်များကို ဝိုင်းကူလုပ်ပေးလေသည်။

တောပန်းတစ်ပွင့်ဖြစ်သော အေးမူဆိုသော ကရင်မလေးကလည်း သူ့ရုပ်ရည်နှင့် လုပ်ရည်ကိုင်ရည်ကို ကြည့်ပြီး သဘောကျနေဟန်ရှိသည်။

အဘိုးကြီးကတော့ သူ့ကို အကဲခတ်နေလေသည်။

"မင်းက ဘယ်အရပ်ကလဲ"

"ရွှေဘိုနယ်ကပါ"

"ရွှေလီရောက်တာ ဘယ်လောက်ကြာပြီလဲ"

"သိပ်တော့ မကြာသေးပါဘူး၊ ဘာဖြစ်လို့လဲ အဘ"

"မင်းက ဒီနယ်အကြောင်းကို မသိသေးလို့ အခုလို ...ာ်မပါဘဲနဲ့ တစ်ယောက်တည်း သွားလာဝံ့တာ၊ ဒီနယ်သား ...တ အဲသည်လို မသွားဝံ့ကြဘူး၊ ပလ္လင်သုံးဆင့်တောက ...တရနေရာပဲ၊ မျက်စိလည်ပြီး ရောက်သွားရင်တောင် ပြန် ...မရှိတဲ့နေရာမျိုးပဲ"

"ဘယ်လိုအန္တရာယ်မျိုးတွေ ရှိနေလို့လဲဟင်"

"ဥစ္စာစောင့်တွေ၊ တစ္ဆေသရဲတွေသိပ်ပေါတဲ့နေရာပေါ့၊ ...တ အဲ့ဒီနေရာမှာ မြို့ဟောင်းပျက်ကြီးတစ်ခု ရှိတယ်လေ၊ ... သစ်တောတွေ ဝါးရုံတောတွေက ဖုံးသွားလို့ ပျောက်သွား ... ဒါတောင် အုတ်ကျိုးအုတ်ပျက်တွေ ကျန်ပါသေးတယ်၊ ...တွေ့ခဲ့ဘူးလား"

အဘိုးကြီးက အကဲခတ်သလို ကြည့်ရင်း မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ခဲ့ပါတယ်"

"ရောက်ခဲ့တယ်ဆိုတော့ ဘယ်လိုအနှောင့်အယှက်မျိုး တွေ တွေ့ခဲ့သလဲ"

မင်းထင်ကျော်က တောထဲမှာ သူမြင်ခဲ့ရသော မိန်းက လေးများအကြောင်းကို ပြန်ပြောပြလိုက်သည်။

"အဲဒါ ဥစ္စာစောင့်တွေပဲ ဖြစ်မှာပေါ့၊ ဒါထက် ပလ္လင် သုံးဆင့်နေရာရော ရောက်ခဲ့သေးလား"

မင်းထင်ကျော်ကလည်း မကွယ်ဝှက်ချင်တော့သဖြင့် အမှန်အတိုင်းပင် ပြောပြလိုက်သည်။

အဘိုးကြီးအမူအယာက စိတ်ဝင်စားမှု ရှိလာလေသည်။

"ရောက်တော့ . . ဘာ . . ဘာတွေ တွေ့ခဲ့သလဲ"

"ဟင့်အင်း . . ဘာမှတော့ မတွေ့ခဲ့ပါဘူး၊ ကျွန်တော် လည်း ကြောက်တာနဲ့ ကြာကြာမနေဝံ့ဘဲ ပြန်လာခဲ့တာ၊ ဒါထက် အဘကရော အဲ့ဒီနေရာ ရောက်ခဲ့ဖူးသလား"

"အမဲလိုက်ရင်း ထင်းရှာရင်းနဲ့တော့ တစ်ခါတစ်လေ ရောက်ဖူးပါတယ်"

"အဘ သွားတော့ ဘာတွေတွေ့ခဲ့သလဲဟင်"

"ငါတော့ ထူးထူးခြားခြား ဘာမှမတွေ့ခဲ့ပါဘူး"

ဟု စကားဖြတ်ကာ ထသွားလေသည်။

မင်းထင်ကျော်မှာ အဘိုးကြီး ဟန်အမူအယာကို ကြည့် ပြီး တစ်ခုခုကို လျှို့ဝှက်ထားသည်ဟုတော့ စိတ်ထဲမှာ တွေး သည်။





ထို့နောက် သူပြန်ရန် လမ်းခရီးကို စုံစမ်းကြည့်တော့ အဘိုးကြီးက ပြောသည်။

"နောက်တစ်ပတ်လောက်ဆိုရင် ဒီရွာက လူတွေ ဝါးဖောင်မျှောလိမ့်မယ်၊ မင်း သူတို့ဝါးဖောင်နဲ့ လိုက်သွားရင် ရွှေလီကို ပြန်ရောက်နိုင်မယ်"

ဟု ပြောသဖြင့် ထိုတဲမှာပင် ဆက်နေရလေသည်။

နောက်ရက်များမှာတော့ မင်းထင်ကျော်နှင့်အေးမူတို့မှာ တစ်ယောက်နှင့်တစ်ယောက် ပွင့်ပွင့်လင်းလင်း ဖွင့်မပြောကြစေ ကာမူ တစ်ယောက်ရင်ထဲမှ မေတ္တာကို ကျန်တစ်ယောက်က သိနေသည့် အခြေအနေသို့ ရောက်ကြလေသည်။

ကရင်အဘိုးကြီး တောင်ယာသွားသောအချိန်မှာ စကားပြောကြလေသည်။

"အေးမူတို့က ဒီလောက်လူသူဝေးတဲ့တောထဲမှာ နေကြ ရတာ မကြောက်ဘူးလားဟင်"

"ကြောက်စရာတော့ မရှိပါဘူး၊ ပျင်းတော့ ပျင်းတာပေါ့"

"ဒါဖြင့်လည်း မြို့ရွာတွေမှာ ပြောင်းနေပါလား"

"ဟိုရောက်တော့ ဘာလုပ်စားရမှာလဲ၊ ကျွန်မတို့က တောအလုပ်ပဲ လုပ်တတ်ကြတာ၊ စိတ်ထဲကတော့ ပြောင်းနေချင် စိတ် ရှိတာပေါ့"

"ဒီလိုရှိတယ်ဆိုရင်လည်း အစ်ကိုပြန်ရင် တစ်ပါတည်း လိုက်ခဲ့ပါလား၊ ရွှေလီလိုမြို့မှာတင် မဟုတ်ဘူး၊ အခြားမြို့ကြီး တွေအထိ သွားပြီး လုပ်ကိုင်စားကြမယ်လေ . . . မကောင်းဘူး



www.burmeseclassic.com

www.burmeseclassic.com



လား"

အေးမူက မျက်လုံးအဝိုင်းသားဖြင့် မော့ကြည့်လေသည်။

"ကျွန်မတို့က ဘယ်လိုပုံစံမျိုးနဲ့ အားကိုးပြီး လိုက်ခဲ့ရမှာလဲ"

"မင်းသာ ကိုယ့်အပေါ်မှာ ယုံကြည်လက်ခံမယ်ဆိုရင် လက်ထပ်ပြီး တစ်သက်လုံး စောင့်ရှောက်ပေးနိုင်ပါတယ်"

ဟု ပြောရာ ဖြူဖွေးသောပါးပြင်နှစ်ဖက်မှာ ပန်းနုရောင် သမ်းသွားလေသည်။

"လက်စသတ်တော့ အစ်ကိုက ကျွန်မကို ရည်းစား စကားပြောနေတာကိုး"

မပွင့်တပွင့် ပြောလေသည်။

"ဒီလောက်နေလာမှ ကိုယ့်သဘောကို မရိပ်မိသေးဘူး လား၊ ကိုယ်က ဒီနေရာကို ရောက်ပြီး အေးမူကို စတွေ့ကတည်း က သဘောကျနေတာ၊ အခုမှ ဖွင့်ပြောခွင့် ရလို့ ပြောတာပါ အေးမူသဘောကရော ဘယ်လိုလဲ"

"ချက်ချင်းကြီးတော့ ပြောလို့မဖြစ်သေးဘူးလေ၊ ကျွန်မ တို့က အဖေတစ်ခု သမီးတစ်ခု ရှိကြတာဆိုတော့ အဘကိုလည်း တိုင်ပင်ကြည့်ရဦးမှာပေါ့"

ထိုစကားကြားသောအခါ မင်းထင်ကျော်က သက်ပြင်း တစ်ချက်ချလိုက်သည်။

အေးမူက သူ့အမူအယာကြည့်ပြီး ပြုံးလိုက်သည်။





"ဒီလောက်လည်း စိတ်ပျက်မသွားပါနဲ့ အစ်ကိုရယ်၊ အစ်ကို လိုချင်တဲ့အဖြေမျိုး ပေးနိုင်အောင် ကျွန်မကြိုးစားပါ့မယ်"

ထိုစကားကြားတော့မှ စိတ်သက်သာရာ ရသွားလေ သည်။

"ဒါထက် အစ်ကိုပြောတော့ သစ်တောစခန်းမှာ အလုပ် ကိုင်တာလည်း မကြာ့သေးဘူးဆို၊ မြို့ရောက်တော့ ဘာနဲ့ ရင်းနှီး စားသောက်ကြမှာလဲ"

အေးမူက မေးတော့ မင်းထင်ကျော်စိတ်ထဲမှာ မခံချင် စိတ် ဖြစ်ပေါ်သွားသည်။

"ဒီအတွက်တော့ ဘာမှစိတ်မပူပါနဲ့ အေးမူရယ်၊ မြို့ ရောက်တဲ့အခါ မင်းကို ဘာအလုပ်မှ မလုပ်ရစေဘဲနဲ့ ချမ်းချမ်း သာသာ နေရစေပါ့မယ်"

အေးမူက နားမလည်သလို အမူအယာနှင့် မော့ကြည့် သည်။

"အစ်ကိုက သစ်တောမှာ အလုပ်လုပ်နေတယ်လည်း ပြောတယ်၊ ကျွန်မကို ချမ်းချမ်းသာသာ ဘယ်လိုထားမှာလဲ"

"မင်းက တယ်လည်း အထင်အမြင်သေးတာကိုး၊ ကိုယ့် မှာ တကယ်ရှိလို့သာ ပြောတာပေါ့ကွာ"

ဟု ပြောရာ အေးမူလည်း ဆက်မမေးတော့ပေ။ သို့ သော်လည်း သူ့မေတ္တာကိုလည်း လုံးလုံးလက်ခံသည့်သဘော မျိုး မဟုတ်ဘဲ မတင်မကျနှင့် ဆိုင်းငံ့ထားလေသည်။

နောက်တစ်ရက်မှာတော့ အေးမူတို့ တဲသို့ လူတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် ရောက်လာသည်။

အသက်သုံးဆယ်အရွယ်ခန့်ရှိပြီး မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများ ရှိသော ကရင်အမျိုးသားတစ်ယောက်ဖြစ်သည်။

သူ့အမည်မှာ 'ထွန်းဇံ' ဖြစ်ကြောင်း နောက်မှ သိရလေသည်။ ထွန်းဇံနှင့်အေးမူတို့မှာ ယခင်ကတည်းက ရင်းနှီးမှု ရှိကြ[ဟန်ဖြင့်] ယခုလည်း ရင်းရင်းနှီးနှီးပင် ပြောဆိုနေထိုင်ကြသည်။

မင်းထင်ကျော်စိတ်ထဲမှာတော့ ရည်စားလူလု ဆိုသကဲ့သို့ မခံချိမခံသာဖြစ်နေသော်လည်း အေးမူမှာ သူပိုင်ဆိုင်ခွင့်ရသူတစ်ယောက် မဟုတ်သေးသောကြောင့် ကြိတ်မှိတ်နေရလေသည်။

သူသည် ထိုတဲမှ ပြန်မထွက်ခင် အေးမူ၏မေတ္တာကိုရရှိဖို့ အရေးကြီးသလို ရလာသော ပတ္တမြား မပျောက်ပျက်စေရန်လည်း အရေးကြီးလေသည်။

သို့ကြောင့် ကိုယ်နှင့်မကွာ သိုဝှက်ထားလေသည်။ ထို[...]ပစ္စည်းကို ရေချိုးသွားလျှင်တောင်မှ ခါးကြားထဲမှာ ဝှက်ယူသွား[း]လေ့ရှိသည်။

စမ်းချောင်းထဲသို့ ရေချိုးဆင်းလျှင် ပုဆိုးထုပ်ပေါ်မှာတင်ထားသည်။ တစ်နေ့တော့ အေးမူက မေးသည်။

"အစ်ကိုကလည်း . . ရေချိုးသွားတာ ဒီအထုပ်ကြီး[ထဲ]ဘာဖြစ်လို့ ယူသွားတာလဲ၊ အထဲမှာ အဖိုးတန်ပစ္စည်း ဘာများပါလို့လဲ"

"ဟို့ . . အဲ့ . . ဘာမှမပါပါဘူး"





ဟု ပြန်ပြောသော်လည်း သူ့အမူအယာက မလုံမလဲဖြစ်နေသည်။

နောက်ရက်မှာတော့ ထိုအထုပ်ကြီးကို ထားခဲ့ပြီး ပတ္တမြားကိုသာ ခါးကြားမှာ ထည့်ယူသွားသည်။

သူပြန်တက်လာတော့ ထားခဲ့သောအထုပ်မှာ ခြေရာလက်ရာ ပျက်နေသည်ကို သတိပြုမိလေသည်။

ထိုအချိန်မှစ၍ သတိလက်လွှတ် မနေဝံ့တော့ပေ။ တစ်နေ့တော့ စမ်းချောင်းနံဘေးမှာ ထိုင်ရင်း သူရလာသောပတ္တမြားတို့ ထုတ်ကြည့်နေစဉ် တောစပ်ဘက်မှ ခြေသံလိုလို ကြားရသဖြင့် ဖျတ်ကနဲ လှည့်ကြည့်လိုက်ရာ လူမတွေ့ရဘဲ သစ်ပင်သစ်ကိုင်းများ လှုပ်ယမ်းသွားသည်ကိုသာ မြင်လိုက်ရသည်။

စိတ်ထဲမှာ တိရစ္ဆာန်တစ်ကောင်ကောင်ဖြစ်မည်ဟု တွေးမိသော်လည်း သင်္ကာမကင်းတော့ ဖြစ်သွားမိသည်။ နောက်တစ်ရက်မှာတော့ ဦးလဝီက ပြောသည်။

"ဒီရွာက ဝါးခုတ်သမားတွေ ဝါးဖောင်ဖွဲ့လို့ပြီးသွားကြပြီ၊ မနက်ဖြန် ဖောင်စုန်ကြလိမ့်မယ်၊ အဲ့ဒီတော့ မင်း ရွှေလီမြစ်ကမ်းကို ဆင်းရလိမ့်မယ်"

ထိုစကားကြားသောအခါ မင်းထင်ကျော်မှာ အတန်အသင့် စိတ်ပေါ့ပါးသွားပေသည်။

"ကျွန်တော်က နေရာမသိတော့ ဘယ်လိုဆင်းရမလဲ"

"မပူပါနဲ့ . . ဆိပ်ကမ်းရောက်အောင် ငါတို့သားအဖပဲ လိုက်ပို့ပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောရာ မင်းထင်ကျော်အတွက် တစ်ခုတော့ စိတ်အေးသွားရသော်လည်း အေးမူထံမှ တိတိကျကျ အဖြေမသိရသေးသောကြောင့် မတင်မကျ ရှိနေသေးသည်။

ထိုညက အေးမူနှင့် နှစ်ယောက်ချင်း တွေ့သဖြင့် မေးကြည့်သောအခါ ဤသို့ပြောပြသည်။

"ကျွန်မအဖေနဲ့ တိုင်ပင်ပြီးပါပြီ၊ အခုလောလောဆယ်တော့ အစ်ကိုနဲ့ တစ်ခါတည်း လိုက်ခဲ့လို့ မဖြစ်သေးဘူး၊ အစ်ကို တစ်နေရာမှာ အခြေချပြီးတော့ ကျွန်မကို တကယ်နှစ်သက်တယ်ဆိုရင် လာခေါ်လှည့်ပါ၊ အဲ့ဒီအခါကျတော့ ကျွန်မတို့သားအဖနှစ်ယောက်စလုံး လိုက်ခဲ့ပါ့မယ်"

ဟု ပြောရာ သူမပြောသည်မှာ လက်ခံနိုင်စရာ အခြေအနေ ဖြစ်သဖြင့် မင်းထင်ကျော်လည်း ဘာမှထပ်မပြောသာတော့။ သူ မရောက်လာခင် သစ္စာရှိစွာဖြင့် နေပါဟုသာ အထပ်ထပ် မှာရဲလေသည်။

နောက်တစ်နေ့ နံနက်စောစောအချိန်မှာပင် ခရီးထွက်ရန် ပြင်ကြရလေသည်။

မင်းထင်ကျော်မှာ ထိုခရီးလမ်းမှာ ဦးလဝီနှင့်အေးမူတို့သားအဖနှစ်ယောက်ကို လိုက်ပို့ပေးသဖြင့် များစွာအားရှိသွားလေသည်။ ယခင်က ၎င်းတို့အပေါ် အထင်လွဲခဲ့ခြင်းများကိုပင် နောင်တရနေမိသည်။

နံနက်စောစောအချိန်တွင် ရွာမှ စထွက်ခဲ့ကြပြီး နေ့လယ်ပိုင်းအချိန်တွင် တောနက်ထဲသို့ ရောက်သွားကြပြီး အရိပ်





ကောင်းသောသစ်ပင်အောက်မှာ ခေတ္တနားရင်း အသင့်ပါလာသော အစားအသောက်များကို စားသောက်ကြလေသည်။

ထိုသို့စားသောက်နေစဉ်မှာပင် အေးမူ၏မျက်နှာ သိပ်မကောင်းသည်ကို သတိပြုမိသော်လည်း ခရီးပင်ပန်းလာသောကြောင့်ဟု ထင်လိုက်မိသည်။

ထိုနေရာမှာ နားနေစဉ် ကိုယ်လက်သန့်စင်ရန်အတွက် အေးမူက တောထဲသို့ ဝင်သွားလေသည်။

ခဏကြာတော့ စူးစူးဝါးဝါး အော်သံတစ်ချက် ပေါ်ထွက်လာသည်။

"အမယ်လေး . . . ကယ်ကြပါဦး . . . ကယ်ကြပါဦး"

ထိုအသံကြားသည်နှင့် ဦးလဝီက အနားမှာ ချထားသောဓါးကို ကောက်ယူပြီး အရင်ပြေးသွားသည်။

မင်းထင်ကျော်က နောက်မှ လိုက်သွားခြင်းဖြစ်၏။

တစ်နေရာရောက်တော့ ဦးလဝီကို မတွေ့ရဘဲ သစ်ပင်အောက်မှာ လဲကျနေသော အေးမူကို တွေ့ရသဖြင့် ပြေးပွေ့လိုက်သည်။

"အေးမူ . . . အေးမူ"

ထိုသို့အာရုံစိုက်နေစဉ်မှာ သစ်ပင်နောက်မှ လူနှစ်ယောက် ထွက်လာကြသည်။

ဦးလဝီနှင့်ထွန်းဖံတို့နှစ်ယောက်ပင်ဖြစ်သည်။

၎င်းတို့နှစ်ယောက်က အသင့်ယူလာသော တူကြိမ်ဓါးများနှင့် ရိုက်နှက်ထိုးခုတ်လေရာ မင်းထင်ကျော်မှာ ဘယ်လိုမှ



www.burmeseclassic.com

www.burmeseclassic.com



မတုံ့ပြန်နိုင်တော့ဘဲ နေရာမှာ လဲကျသွားလေတော့သည်။

တုတ်ဒဏ်ရာ၊ ဓါးဒဏ်ရာများကြောင့် သွေးချင်းချင်းနီပြီး မလှုပ်နိုင်တော့မှ အိတ်ထဲမှာ ဝှက်ထားသောပတ္တမြားကို နှိုက်ယူပြီး ထိုနေရာမှ ထွက်သွားကြလေတော့သည်။

အမှန်တော့ ထိုအကြံအစည်မှာ ဦးလဝီ၏အကြံအစည်ဖြစ်ပြီး အေးမူနှင့် ပေးစားရန် သဘောတူထားသောထွန်းဖံနှင့် ပူးပေါင်းကြံစည်ကြခြင်းဖြစ်ပေသည်။

သူတို့သည် လူသူမနီးသောတောနက်ထဲမှာ သေလောက်သော ဒဏ်ရာဒဏ်ချက်များဖြင့် ကျန်ခဲ့သော မင်းထင်ကျော်ကို ဘယ်နည်းနှင့်မှ အသက်မရှင်နိုင်ဟု ထင်ထားခဲ့သော်လည်း ကံကောင်းထောက်မစွာဖြင့် မင်းထင်ကျော်မှာ အသက်ဘေးမှ လွတ်မြောက်ခဲ့ရပေသည်။

ဒဏ်ရာများမှ သွေးများ ဒလဟော ထွက်ကာ သေလုမျောပါး ဖြစ်နေစဉ် သူ့အနီးသို့ အဘိုးကြီးတစ်ယောက် ရောက်လာပြီး ဆေးကုပေးသောကြောင့် ပြန်လည်သတိရလာခြင်းဖြစ်ပေသည်။

ထိုအဘိုးကြီးမှာ ပလ္လင်သုံးဆင့်တောထဲ၌ သူနှင့် တွေ့ပြီး သတိပေးခဲ့သည့် ပျူအဘိုးကြီးပင်ဖြစ်ပေသည်။ အဘိုးကြီးက ဒဏ်ရာများကို လျင်မြန်စွာ သက်သာပျောက်ကင်းသော ကျောက်သွေး၊ ဂမုန်းဆေးနှင့် သိဒ္ဓိရှိသောပြာမှုန့်များ ထည့်၍ ကုသပေးရာ ဒဏ်ရာများမှာ လျင်မြန်စွာ သက်သာပျောက်ကင်းသွားလေသည်။





မင်းထင်ကျော်က ထိုအဘိုးကြီးမျက်နှာကို မြင်သောအခါ ကောင်းစွာမှတ်မိသွားလေသည်။

"ဟင်. . . အဘက ဘယ်ကနေဘယ်လို ရောက်လာတာလဲ"

"ငါမလာရင် မင်းသေသွားမှာပေါ့"

"ဘာပဲဖြစ်ဖြစ် ကျွန်တော့်အသက်ကို ကယ်ပေးခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ် အဘရယ်"

"ငါ့ကို ကျေးဇူးတင်စရာ မလိုပါဘူးကွ၊ မင်းရဲ့ကံကြမ္မာက သေရမယ့်အချိန် မရောက်သေးလို့ မသေရသေးတာပါ၊ အကယ်လို့ သေရမယ့်ကံဇာတာအချိန် ရောက်ရင် ငါကယ်ရင်လည်း အသက်မရှင်နိုင်ပါဘူး၊

မင်းကို ငါသတိပေးခဲ့တယ် မဟုတ်လား၊ မပြစ်မှားထိုက်တဲ့ပစ္စည်းကို မပြစ်မှားနဲ့ဆိုတာ၊ အခုတော့ လက်တွေ့ကြုံရလို့ ယုံပြီ မဟုတ်လား"

မင်းထင်ကျော်က ဘာမှပြန်မပြောဘဲ အဘိုးကြီးကို ကြည့်နေသည်။

"ဒါ. . ပထမဆုံး တွေ့ကြုံရတဲ့ ဒုက္ခပဲလို့သာ မှတ်လိုက်တော့၊ မင်းဘဝမှာ နောက်ထပ်ကြုံရဦးမယ်၊ ဒုက္ခတွေ အများကြီး ကျန်သေးတယ်၊ ဒီဒုက္ခတွေကို ခံရဦးမှာမို့ အခုလို အသက်ပြန်ရှင်လာတာလို့သာ သဘောထားပါ၊

ငရဲခံနေရတဲ့ ငရဲသားတွေလိုပေါ့ကွာ၊ တစ်ကြိမ်သေသွားရင်လည်း ပြီးမသွားဘဲ နောက်တစ်ကြိမ် ထပ်ခံရဖို့အတွက်



www.burmeseclassic.com

www.burmeseclassic.com



အလိုလို အသက်ပြန်ရှင်လာသလိုပဲပေါ့၊

မင်းပြုခဲ့တဲ့ဝဋ်ကြွေး မကုန်မချင်းတော့ မင်းသေခွင့်ရဦးမှာ မဟုတ်ဘူး၊ ဒီလိုပဲ ကယ်မယ့်သူနဲ့ တွေ့နေရဦးမှာပဲ၊

တကယ်လို့ ဝဋ်ကြွေးကုန်သွားရင်တော့ ဒီဘဝအတွက်တော့ ပြီးသွားမှာပေါ့၊

ကယ်မယ့်သူ မတွေ့ဘဲ သေရမှာပါ၊

ဒီလိုသေရရုံနဲ့တော့ ပြီးသွားမယ် မထင်နဲ့ ကိုယ့်လူရေ၊

နောက်ဘဝမှာ ငရဲမှာ ဆက်ခံဖို့သာ အဆင်သင့် ပြင်ထားပေရော့ဟေ့”

ဟု ပြောဆိုကာ အဘိုးကြီးက တောထဲသို့ ပြန်ဝင်သွားလေတော့သည်။

မင်းထင်ကျော်စိတ်ထဲမှာ စနိုးစနောင့် ဖြစ်ကျန်ခဲ့သော်လည်း ယခုကဲ့သို့ အသက်ပြန်ရှင်ခွင့် ရသည့်အတွက် သူ့အပေါ်မှာ အကောက်ကြံခဲ့သူများကို ကလဲ့စားချေခွင့် ရနိုင်တော့မှာမို့ ဝမ်းသာနေတော့သည်။

နောက်ပိုင်းမှာတော့ မင်းထင်ကျော်သည် သူ့ကို မမှတ်မိစေရန် ရုပ်ဖျက်ပြီးနောက် ကရင်ရွာသို့ နောက်တစ်ကျော့ ပြန်သွားလေသည်။

ထိုရွာတွင် ဦးလဝီတို့သားအဖရော ထွန်းဖံပါ မရှိကြတော့ပေ။ စုံစမ်းကြည့်သောအခါ ရွှေလီသို့ စုန်ဆင်းမည့် ဝါးဖောင်များနှင့် ပါသွားကြောင်း သိရလေသည်။

သို့ကြောင့် နောက်ထပ်စုန်ဆင်းမည့်ဝါးဖောင်များကို





အကူအညီတောင်းကာ ရွှေလီသို့ ရောက်အောင်သွားလေသည်။

ဝါးဖောင်များက ရွှေလီမြစ်ရိုးအတိုင်း စုန်ဆင်းကြပြီး ဧရာဝတီမြစ်နှင့် ပေါင်းဆုံနေသောနေရာ ရောက်အောင် သွားပြီးမှ ဧရာဝတီမြစ်ရိုးအတိုင်း အောက်သို့ စုန်ဆင်းကြခြင်းဖြစ်ပေသည်။

မင်းထင်ကျော်သည် တစ်ရွာဝင်တစ်ရွာထွက်၊ တစ်မြို့ဝင် တစ်မြို့ထွက်ဖြင့် ဦးလဝီတို့အကြောင်း စုံစမ်းသွားရာ နောက်ဆုံး ‘အင်းရွာ’ တွင် ရောက်နေကြောင်း စုံစမ်းသိရလေသည်။

‘အင်းရွာ’ မှာ ဧရာဝတီမြစ် အရှေ့ဘက်ကမ်းတွင် ရှိပြီး ရွှေလီမြစ် အဆုံးသတ်သောနေရာ၌ ရှိပေသည်။ တရုတ်ပြည်မှ မြစ်များခံ၍ စီးဆင်းလာသော ရွှေလီမြစ်သည် ရှမ်းပြည်နယ်နှင့် တိုင်းတိုင်းတို့အနီးတွင် ရှိသော ဧရာဝတီမြစ်နှင့် ပေါင်းဆုံဆင်းကာ အဆုံးသတ်သွားခြင်းဖြစ်ပေသည်။

အင်းရွာသည် ထိုနေရာ၌ ရှိပေသည်။

အင်းရွာမှာ မြို့ကြီးတစ်မြို့ မဟုတ်သလို ကျယ်ဝန်းလှသည်လည်း မရှိသောကြောင့် သူတွေ့လိုသော လူသုံးယောက်ကို အလွယ်တကူပင် ရှာတွေ့လေသည်။

၎င်းတို့မှာ မြို့စွန်တစ်နေရာ၌ အိမ်တစ်လုံးဖြင့် လျှို့လျှို့ဝှက်ဝှက် နေကြဟန် ရှိလေသည်။

ထွန်းဖံနှင့်အေးမူတို့ပင် လင်မယားအဖြစ်သို့ ရောက်နေခြင်းဖြစ်သောကြောင့် စိတ်ထဲ၌ ပို၍ဒေါသဖြစ်မိလေသည်။

“ငါ့ကို မာယာနဲ့ လှည့်စားပြီး ငါ့ပစ္စည်းကို မတရား



www.burmeseclassic.com

www.burmeseclassic.com



ယူသွားတဲ့မိန်းမတော့ တွေ့ကြရောပေါ့ကွာ”

ဟု စိတ်ထဲမှ ကြိမ်းမောင်းပြီး အခွင့်ကောင်းကို စောင့်နေလေသည်။

တစ်နေ့တော့ နေဝင်ရီတရောအချိန်မှာ ထွန်းဇံတစ်ယောက်တည်း အရက်သောက်ပြီး ပြန်လာရာ လမ်းမှာ စောင့်နေခဲ့သည်။

သူသည် တစ်ကိုယ်လုံး အဝတ်မည်းကြီး ခြုံထားပြီး ဦးထုပ်အဝိုင်းကြီး ဆောင်းထားသည်ကတစ်ကြောင်း၊

မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးများနှင့် ရုပ်ဖျက်ထားသောကြောင့် ထွန်းဇံက မမှတ်မိပေ။

“မင်းဘယ်သူလဲ. . . ဘာကိစ္စရှိလို့လဲ”

“မင်းဆီက ကြွေးလာတောင်းတာ”

“ဘာကြွေးလဲ. . . ငါ ဘယ်သူ့ဆီကမှ အကြွေးမယူဘူး”

“ယူတဲ့လူကတော့ ဘယ်မှတ်မိပါ့မလဲ၊ ရစရာရှိတဲ့လူကတော့ မှတ်ထားရတာပေါ့”

“မင်းဆီက ဘာအကြွေးယူထားလို့လဲ”

“အသက်ကြွေး”

“ဟင်. . ”

ထွန်းဇံမှာ အထိတ်တလန့်ဖြစ်သွားသည်။

မင်းထင်ကျော်က ခေါင်းပေါ်မှာ ဆောင်းထားသော ခမောက်ဝိုင်းကြီးကို အပေါ်သို့ မ,တင်လိုက်ရာ မျက်နှာပေါ်လာ





လေသည်။

သူ့မျက်နှာကို မြင်သည်နှင့် ထွန်းဇံမှာ မျက်လုံးပြူးသွားပြီး ထိုနေရာမှ ထွက်ပြေးရန် ကြိုးစားသော်လည်း မရတော့ပေ။

မင်းထင်ကျော်က အသင့်ဆောင်ထားသောဓါးဖြင့် ရင်ဝသို့ ထိုးသွင်းလိုက်လေတော့သည်။

ထွန်းဇံမှာ အရက်မူးနေသောကြောင့် မည်သို့မှ မတုံ့ပြန်နိုင်ဘဲ လဲကျသွားလေတော့သည်။

ထွန်းဇံကို သတ်ဖြတ်ပြီးမှ အေးမူ ရှိရာသို့ သွားလေသည်။

အချိန်က ညဦးပိုင်းရောက်နေပြီမို့ မှောင်စပျိုးနေချေပြီ။

သူရောက်သွားတော့ တံခါးပိတ်ထားသဖြင့် တွန်းဖွင့်လိုက်သည်။

အတွင်းမှာ ရေနံဆီမီးအိမ်တစ်လုံး ထွန်းထားသောကြောင့် အလင်းရောင်အနည်းငယ်တော့ ရှိသည်။

“ကျွိ. . ”

“ဘယ်သူလဲ. . . ကိုထွန်းဇံလား”

အထဲမှ အေးမူအသံ ပေါ်လာသည်။

အိမ်ထဲမှာ ဦးလဝီ ရှိဟန်မတူဘဲ အေးမူတစ်ယောက်တည်း ရှိနေပုံရသည်။

သူက တံခါးပြန်ပိတ်ပြီး အထဲဝင်သွားတော့ အေးမူက အခန်းထဲမှ ထွက်လာသည်။

လက်ထဲမှာ သွေးစွန်းနေသော ဓါးတစ်လက် ကိုင်ထား



www.burmeseclassic.com

www.burmeseclassic.com



သော လူတစ်ယောက်ကို မြင်သောအခါ မျက်လုံးပြူးသွားသည်။

"ရှင်. . ရှင်. . ဘယ်သူလဲ"

"အခုတော့ ငါ့ကိုတောင် မမှတ်မိတော့ဘဲကိုး"

ဟု ပြောကာ ခမောက်ဝိုင်းကြီးကို ချွတ်လိုက်သည်။

"ဟင်. . . ရှင်. . ရှင်. ."

"ငါ့အပေါ်မှာ မာယာများခဲ့တဲ့မိန်းမ အခုတော့ ဘာပြောချင်သေးလဲ"

ထိုအခါမှ အေးမူက မျက်ရည်ခံထိုး၍ ကြောက်ကြောက်လန့်လန့်နှင့် တောင်းပန်လေသည်။

"ကျွန်မတောင်းပန်ပါတယ် အစ်ကိုရယ်၊ ကျွန်မကို မသတ်ပါနဲ့၊ အခုကိစ္စက ကျွန်မသဘောပါလို့ လုပ်ရတာ မဟုတ်ပါဘူး၊ အဖေ ခိုင်းတဲ့အတိုင်း ကြောက်လို့ လုပ်ပေးခဲ့ရတာပါ။ ကျွန်မ အစ်ကို့အပေါ်မှာ တကယ်ချစ်ခဲ့တာပါ"

"အခုမှတော့ အပိုတွေ ပြောမနေနဲ့တော့ အေးမူ၊ အချိန်ကုန်တယ်၊ မင်းအဖေ ဘယ်မှာလဲ"

"အဖေ ရွှေကူဘက် သွားပါတယ်"

"ပတ္တမြားကရော ဘယ်မှာလဲ"

"သူ ယူသွားပါတယ်"

"ဒါတွေဟာ မင်းတို့သုံးယောက် တကြိတ်တည်း တညာဏ်တည်း လုပ်ခဲ့ကြတာ မဟုတ်လား"

"အဖေနဲ့ကိုထွန်းဇံတို့ တိုင်ပင်ပြီး လုပ်ကြတာပါ၊ ကျွန်မ သဘော မပါ,ပါဘူး၊ ကြောက်လို့သာ ငြိမ်နေခဲ့ရတာပါ"





ဟု အမျိုးမျိုး တောင်းပန်သော်လည်း မင်းထင်ကျော်က သွေးစွန်းသောဓါးကို ကိုင်ရင်း ရပ်မြဲရပ်နေရာ အေးမူမှာ ကြောက်ကြောက်လန့်လန့်နှင့် ပြေးဝင်သွားလေရာ မင်းထင်ကျော် ကိုင်ထားသောဓါးဦးက ရင်ဝသို့ စိုက်ဝင်သွားလေတော့သည်။

"အင့်. . ."

မင်းထင်ကျော်မှာလည်း မမျှော်လင့်သောအဖြစ်အပျက်ကြောင့် မျက်လုံးပြူးသွားလေသည်။

အေးမူမှာ ကြောက်ကြောက်လန့်လန့်နှင့် အရှိန်ဖြင့် ပြေးဝင်ရာ ဓါးဦးက ရင်ဝမှ ကျောအထိ ဖောက်ဝင်သွားပြီး နောက် ပုံလျက်သား လဲကျသွားလေတော့သည်။

"အေးမူ. . ."

မင်းထင်ကျော်က အခြေအနေကြည့်လိုက်သောအခါ အေးအိုင်ထဲမှာ အသက်ပျောက်သွားခဲ့ချေပြီ။

"သူတို့နှစ်ယောက် သေသွားပြီးတဲ့နောက်မှာ ပတ်ဝန်းကျင်က လူတွေ ရောက်လာပြီး အဖမ်းခံခဲ့ရတာပါပဲ"

မင်းထင်ကျော်က ပြောလက်စ စကားကို အဆုံးသတ်လိုက်လေသည်။

"မင်းဟာက လူနှစ်ယောက် သတ်လို့ ထောင်ထဲသာ ရောက်လာခဲ့ရတယ်၊ ဇီဝရက္ခ ပတ္တမြားတော့ ပြန်မရခဲ့ဘူးပေါ့ ဟုတ်လား"

ဦးဇန်ကောင်းက မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်. . . ပတ္တမြားနောက်ကို ဆက်လိုက်
အခွင့်အရေးလည်း မရတော့ပါဘူး၊ ကျွန်တော့်ဘဝသက်တမ်း
တလျှောက်လုံးက ဒီထောင်ထဲမှာပဲ အဆုံးသတ်ရမှာ မျှား
တယ်၊ ဒါကြောင့် ဦးလေးကို အကူအညီတောင်းချင်ပါတယ်"

"ဘာများလဲကွ"

"ဦးလေးက ကျွန်တော့်အရင် ထောင်ထဲက ပြန်ထွက်
မှာ သေချာပါတယ်၊ အဲဒီလို ရောက်သွားရင် ဇီဝရက္ခပတ္တမြား
တွေ့အောင်ရှာပြီး ပလ္လင်သုံးဆင့် မြို့ဝသေလာကို ရောက်အောင်
ပြန်ပို့ပေးစေချင်ပါတယ်၊ ဒါမှ ကျွန်တော်အသေဖြောင့်နိုင်မှာပ

ဟု တောင်းပန်လေသည်။

ဦးဇန်ကောင်းက ကွမ်းတမြုံ့မြုံ့ဝါးရင်း အတန်ကြာ
အောင် စဉ်းစားနေပြီးမှ. . .

"မင်းက ငါ့မိတ်ဆွေ ဒေါက်တာမင်းထင်ကျော်နဲ့
ရော နာမည်ပါ တူတဲ့လူတစ်ယောက်ဆိုတော့ မင်းပြော
အကြောင်းတွေကိုလည်း ငါစိတ်ဝင်စားပါတယ်၊ တကယ်
ကံကောင်းထောက်မပြီးတော့ အပြင်ကို စောစောစီးစီး
ရောက်သွားခဲ့ရင်တော့ မင်းပြောတဲ့အကူအညီကို ပေးဖို့ ငါကတ
ပေးပါတယ်"

ဟု ပြန်ပြောလိုက်လေသည်။

တဖြည်းဖြည်းနှင့် ညဉ့်နက်ပိုင်းရောက်လာပြီမို့ အင်း
ထောင်ကြီးအတွင်းမှာ အမှောင်ထုမှား ဖုံးလွှမ်းလျက်ရှိနေချေ

မျှော်စင်ကြီးဘက်မှ နာရီသံချောင်းခေါက်သံ (၁၂)ချ





တိ ပေါ်ထွက်လာသည်။

နံနက်မိုးလင်းသည်နှင့် ထောင်ကျအလုပ်သမားများကို
ကြပ်၍ အလုပ်ခွင် သွားရမှာမို့ ဦးဇန်ကောင်းလည်း အိပ်ယာ
ရန် ပြင်ရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





**အခန်း ( ၆ )**

# ဒေါက်တာမင်းထင်ကျော်တို့ ခရီးထွက်ရန် ပြင်ကြခြင်း

(၁၉၄၈)ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့တွင် မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီးနောက်တွင် မြန်မာနိုင်ငံအနှံ့ရှိသော ထောင် များတွင် အကျဉ်းကျနေသည့်အကျဉ်းသားများကို လွတ်ငြိမ်း ချမ်းသာခွင့် ပေးလိုက်လေသည်။

ထိုအထဲတွင် ဦးဇန်ကောင်းလည်း ပါကာ ပြန်လွတ်လာ လေသည်။

ထောင်ထဲမှာ ရှိစဉ်က မင်းထင်ကျော်တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ထောင်ပြောင်းသွားသောကြောင့် လွတ်ငြိမ်းချမ်းသာခွင့်နှင့် ပါမပါကိုတော့ ဦးဗန်ကောင်း မသိတော့ပေ။ သူနှင့်လည်း မဆုံဖြစ် မတွေ့ဖြစ်တော့ပေ။ ဦးဗန်ကောင်းသည် ထောင်မှ ထွက်ပြီးသည့်နောက်တွင် ရန်ကုန်မြို့မှာ ရှိသော ၎င်း၏မိတ်ဆွေ ဒေါက်တာမင်းထင်ကျော် ရှိရာသို့ သွားလေသည်။

ဒေါက်တာမင်းထင်ကျော်ကလည်း သူ့ကို မြင်သောအခါ ဝမ်းသာအားရ ဆီးကြိုလေသည်။

"ဘယ်လိုလဲ ဦးဗန်ကောင်း၊ ထောင်ထဲမှာ အတော်ကြာကြာ နေခဲ့ရတော့ အတွေ့အကြုံတွေကတော့ အများကြီး ရခဲ့မှာပေါ့"

ဟု ပြောကာ ဧည့်ခန်းသို့ ခေါ်သွားပြီး ဦးဗန်ကောင်းကြိုက်တတ်သောအစားအသောက်များဖြင့် ဧည့်ခံကျွေးမွေးလေသည်။

ဦးဗန်ကောင်းမှာ အစားအသောက်ထက် ဆေးလိပ်နှင့်ကွမ်းကို ပိုမိုနှစ်သက်လေ့ရှိရာ ဒေါက်တာမင်းထင်ကျော် ချပေးသည်။ လေယာဉ်ပျံတံဆိပ် ဆေးပြင်းလိပ်ကိုသာ မီးညှိပြီး အားရပါးရ ဖွာနေတော့သည်။

"ထောင်ဆိုတာ ယောကျ်ားတွေအတွက် ဘဝ တက္ကသိုလ်တစ်ခုပဲ မောင်ထင်ကျော်၊ သူတစ်ပါးကို မတရား ပြုလုပ်လို့ ထောင်ထဲ ဝင်ရတာမှ မဟုတ်တာ၊ စိတ်ပျက်စရာတော့ မရှိပါဘူး ဒီတစ်ပတ် ထောင်ထဲမှာ ရှိနေတုန်း ထူးထူးဆန်းဆန်း တွေ့ခဲ့ရလို့ အပြင်ရောက်တာနဲ့ မောင်ထင်ကျော်ဆီ အရင်လာခဲ့တာပဲ"





"ဘာများလဲ ဦးဗန်ကောင်းရဲ့"

"တခြားတော့ မဟုတ်ပါဘူး၊ ထောင်ထဲမှာ မောင်ထင်ကျော်နဲ့ ရုပ်ချင်း ခွဲမရအောင် တူတဲ့ လူတစ်ယောက်ကို တွေ့ခဲ့ရတယ်"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်က ရယ်နေလေသည်။

"လူချင်းရုပ်ချင်း တူတာများ ဘာဆန်းသလဲ ဦးဗန်ကောင်းရဲ့၊ ကမ္ဘာပေါ်မှာ လူချင်း တူတဲ့လူတွေ အများကြီး ရှိတာပဲ"

"သူ့နာမည်ကလည်း မင်းထင်ကျော်ပဲ"

ထိုစကားကြားတော့ ဒေါက်တာမင်းထင်ကျော်က အရယ်ရပ်သွားသည်။

"ရုပ်ချင်း တူရုံမကဘူး၊ နာမည်ချင်းပါ တူနေတာလား"

ဟု မေးသည်။

"ဟုတ်တယ်. . . လူရောရုပ်ရော နာမည်ပါ တူနေတာ"

"အင်း. . . ဒါကတော့ အတော်တိုက်ဆိုင်ခဲ့တာပဲ၊ အသက်ကရော ဘယ်အရွယ်လောက် ရှိသလဲ"

"မောင်ထင်ကျော်နဲ့ ရွယ်တူလောက်ပဲ"

"အင်း. . . ဒီလိုဆိုရင်တော့ ပိုပြီးစိတ်ဝင်စားစရာပေါ့၊ သူက ဘာပြစ်မှုနဲ့ ထောင်ထဲ ရောက်နေတာလဲ၊ သူ့အကြောင်းတို့လည်း ပြောပြပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဦးဗန်ကောင်းက မင်းထင်ကျော်ထံမှ သိခဲ့ရသော အကြောင်းများကို ပြန်ပြောပြလိုက်ရာ ဒေါက်တာမင်းထင်ကျော်မှာ စိတ်ဝင်စားမှု ရှိလေသည်။

"ပလ္လင်သုံးဆင့် မြိုင်သေလာဆိုတာ ရွှေလီမြစ်ဝှမ်းမှာ ရှိတဲ့ တောနက်ကြီးတစ်ခု ရှိတယ်၊ သူပြောပုံအရဆိုရင် အဲဒီတောထဲမှာ ပျူမြို့ဟောင်းကြီးတစ်ခုရှိတယ်၊ ဇီဝရက္ခာပတ္တမြားကို အဲဒီက သူ ယူလာခဲ့တာ"

"ဦးဗန်ကောင်းက ပတ္တမြားကို ရှာဖွေပြီး ပြန်ရတာနဲ့ ပလ္လင်သုံးဆင့်ကို ပြန်ပို့ပေးပါ့မယ်လို့ ကတိပေးခဲ့တယ်ဆိုတော့ ကျွန်တော်တို့လည်း အကူအညီပေးရမှာပေါ့၊ ဒါထက် ပတ္တမြားကြီးက ဦးလဝီဆိုတဲ့ ကရင်အဘိုးကြီးလက်ထဲမှာ ပါသွားတာ ဖြစ်မှာပေါ့"

"ဒီအတိုင်းပဲ ဖြစ်မှာပေါ့၊ ဦးလဝီက ပတ္တမြားယူပြီး ရွှေကူဘက် တက်သွားတယ်လို့တော့ သိရတယ်၊ ကျုပ်တို့ ရွှေကူဘက် တက်သွားပြီး စုံစမ်းရမယ်"

"ကောင်းပါတယ်. . . ကျွန်တော်လည်း ခရီးမထွက်ဘဲ အိမ်မှာပဲ ကုတ်နေတော့ စွန့်စွန့်စားစား မလုပ်ရတာ ကြာလို့ ပျင်းနေတာနဲ့ အတော်ပါပဲ၊ ဒါပေမယ့် ခရီးထွက်မယ်ဆိုရင် အစီအစဉ်တွေတော့ လုပ်ရမယ်"

"ဒါထက် ဇီဝရက္ခ ပတ္တမြားလို့ ဘာကြောင့် အမည်ပေးထားတာ ဖြစ်မလဲ"

ဦးဗန်ကောင်းက မေးလိုက်သည်။





ဒေါက်တာမင်းထင်ကျော်က စီးကရက်တစ်လိပ်ကို မီးညှိဖွာလိုက်ပြီးမှ အေးအေးဆေးဆေး ပြောပြသည်။

"ဇီဝရက္ခာဆိုတာ မဏိသျှုတ္တရကျမ်းထဲမှာ ပတ္တမြားရဲ့ အမည်ကို ဖော်ပြထားတဲ့အမည်ပါ"

မဏိသျှုတ္တရကျမ်းထဲတွင် ပတ္တမြားမျိုး(၆)ပါး ရှိကြောင်း ဖော်ပြထားလေသည်။

(၁) ဇီဝရက္ခပတ္တမြားမှာ အတွင်းမှာ ကြာပွင့်ခံပြီး အတွင်းအပြင် ချင်းချင်းနီသောအဆင်းရှိသည်။

(၂) ဝေါမူလာပတ္တမြားမှာ အတွင်းမှာ ကြာခံပြီး ပန်းခရားပွင့်အဆင်းနှင့် တူသည်။

(၃) ကွင်းပြင်ရည်ပတ္တမြားမှာ အတွင်းအပြင် ရောင်ခြည်လင်းသောအဆင်းရှိသည်။

(၄) မင်သခန်ပတ္တမြားမှာ အတွင်းရောအပြင်ပါ ရောင်ခြည်လင်းသကဲ့သို့ အဆင်းရှိသည်။

(၅) ရော်လီပတ္တမြားမှာ အတွင်းရောအပြင်ပါ မဏိစပ်မွဲမွဲအရောင်မျိုး ရှိသည်။

(၆) သီဟိုဠ်ရည်ပတ္တမြားမှာ မဏိစပ်မွဲမွဲ အရောင်အဆင်းမျိုးပင်ရှိပေသည်။

ပတ္တမြားသည် ရှေးမင်းအဆက်ဆက်တို့ အသုံးပြုခဲ့သည့် ရတနာတစ်ပါးပင်ဖြစ်သည်။

မြန်မာပြည်ထွက် ထင်ရှားသောပတ္တမြားမှာ ပတ္တမြားငမောက်ပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ပတ္တမြားငမောက်ကဲ့သို့ ထင်ရှားသော အခြား ပတ္တမြားတို့လည်း ရှိပေသေးသည်။

ပတ္တမြားငမောက်သည် ကွမ်းသီးလုံးငယ်ခန့်ရှိသည်။ အကွက်မချထားဘဲ စင်းကြောအတိုင်းပင်ဖြစ်သည်။

တစ်ညသ၌ သီပေါဘုရင်က. . .

"မင်းတို့ နန်းစဉ်သုံးပတ္တမြားငမောက်ကို မမြင်ဖူးလျှင် ငါပြမယ်. . . လာကြ"

ဟု ပြောကာ နန်းမတော်မိဖုရားနှင့် အပျိုတော်များကို အတွင်းဆောင်သို့ ခေါ်သွားလေသည်။

အတွင်းဆောင်တစ်ခုလုံး မီးထွန်းမထားသောကြောင့် မှောင်နေသည်။

ထိုအခါ ပတ္တမြားငမောက်ကို ယူ၍ ချွေကလပ်ပေါ်သို့ တင်လိုက်ရာ မီးထွန်းထားသကဲ့သို့ အခန်းတစ်ခုလုံး အနီရောင်များဖြင့် လင်းနေလေတော့သည်။

ပတ္တမြားကို နွားနို့ထဲသို့သော်လည်းကောင်း၊ ဂွမ်းဖြင့် ထုပ်ထားသော်လည်းကောင်း နွားနို့နှင့်ဂွမ်းတို့မှာ အနီရောင်များ ဖြစ်သွားကြသည်။

ထိုကျောက်ကို မှောက်ထားသောအခါ ရေတစက်စက် စိမ့်ထွက်ပြီး ကျနေသကဲ့သို့ ထင်ရလေသည်။ ထိုပတ္တမြား ငမောက်ကို ကာနယ်စလေဒင်က သီပေါဘုရင်ထံမှ ဥပါယ်တံမျဉ် ဖြင့် ယူဆောင်သွားခဲ့လေသည်။

"ဘုရင်မကြီး ကြည့်ရှုလိုပါသဖြင့် ပတ္တမြားကျောက်ကို





ခေတ္တပေးသနားပါ၊ ဗြိတိသျှဘုရင်မကြီး ကြည့်ရှုပြီးပါက ပြန်လည်ပေးအပ်ပါမည်"

ဟု ကတိပေးပြီး ယူဆောင်သွားလေရာ ပြန်မရတော့ပေ၊ ကာနယ်စလေဒင်သို့ အပ်လိုက်ရသောပစ္စည်းများမှာ. . .

(၁) ပတ္တမြားငမောက်ကျောက်၊

(၂) ရတီ(၂၀)ရှိ လှော်ကားတင်ကလေးကျောက်၊

(ဘိုးတော်လက်ထက် လှော်ကားနှင့် တင်ဆက်သဖြင့် ထိုအမည်ရခြင်းဖြစ်သည်။)

(၃) ရတီ(၄၀)ရှိ လှော်ကားတင်ကြီးကျောက်

(၁၁၉၉ ခုနှစ် ကုန်းဘောင်မင်းလက်ထက်တွင် မိုးကုတ်ကျောက်တွင်းတစ်ခုမှ လှော်ကားဖြင့် တင်ဆက်သောကြောင့် ထိုအမည်ရခြင်းဖြစ်သည်။)

(၄) ရတီ(၄၀)ကျော်ရှိသည့် ဆင်မတော်ကျောက်၊

(ဆင်မတော်နှင့် တင်ဆက်သောကြောင့် ထိုအမည်ပေးခြင်းဖြစ်သည်။)

(၅) စံကျောက်တော်၊

(၆-ရတီသာ ရှိသော်လည်း အရည်အသွေး အလွန်ကောင်းပြီး စံပြုထိုက်သည့်ကျောက်ဖြစ်သောကြောင့် ထိုအမည်ပေးခြင်းဖြစ်သည်။)

(၆) အခြား နဂါးဗိုလ် စသောကျောက်များ၊

ထို့ပြင်. . .

(က) ဘုရင်နှင့်မိဖုရားနှစ်ပါးပိုင်ပစ္စည်းများ၊ နန်းစဉ်



www.burmeseclassic.com

www.burmeseclassic.com



ရတနာများကို သေတ္တာကြီးငယ်တို့ဖြင့် ထည့်ကာ ကာနယ်စလေဒင်က သိမ်းယူသွားလေသည်။

(ခ) အလယ် နန်းမတော်မိဖုရား ဆင်ဖြူမရှင်၏ ကိုယ်ပိုင်ရွှေဒင်္ဂါးများနှင့် တန်းဖိုးမဖြတ်နိုင်သော ရတနာပစ္စည်းများ။

(ဂ) ဘုရင်နှင့်မိဖုရားပိုင် ရတနာပစ္စည်းများကို ကနုကမာ သေတ္တာနှင့် ထည့်၍ အပ်ရသောစာရင်းမှာ . .

| | |
|---|---|
| (၁) စိန်မြ ပတ္တမြားနားဋ္ဌောင်းတော် | ၁၂ရံ |
| (၂) ပတ္တမြားစလွယ် | ၁ခု |
| (၃) ဒက်တော်ကြီးငယ် | ၂ခု |
| (၄) စိန်ခါးစည်း | ၁ခု |
| (၅) စိန်ပန်းခွေ | ၁ခု |
| (၆) စိန်ပန်းခိုင် | ၃ခု |
| (၇) စိန်လက်ကောက် | ၁ခု |
| (၈) စိန်လည်ကပ် | ၂၄ခု |
| (၉) စိန်ကြိုးကုံးရေ | ၁၀ခု |
| (၁၀) စိန်လက်စွပ် | ၂၀ခု |
| (၁၁) လှော်ကားတင်ကျောက်ဖြင့် ပြုလုပ်ထားသည့် ပတ္တမြားလက်စွပ် | ၁ခု |
| (၁၂) ကြိုကျောက် | ၂ခု |
| (၁၃) မောက်ကြီး (နန်းစဉ်ကျောက်ကဲ့သို့ တန်ဖိုးမဖြတ်နိုင်သည့်ကျောက်) | ၁ခု |





စုစုပေါင်း ပစ္စည်း(၇၉)မျိုးကို ကာနယ်စလေဒင်က တရား သိမ်းယူသွားခဲ့ပေသည်။

နန်းစဉ်ပတ္တမြားငမောက်နှင့် ဆင်တူသော မောက်ကြီးဟူသောပတ္တမြားမှာ တန်ဖိုးမဖြတ်နိုင်သောကျောက်ပင်ဖြစ်ပေသည်။

အခြားပစ္စည်းစာရင်းများကို အသာထားပြီး ပတ္တမြားငမောက်အပါအဝင် ယခုစာရင်းပါ ကျောက်မျက်ရတနာများနှင့် ပင် အင်္ဂလန်နိုင်ငံကို တိုးတက်ဖွံ့ဖြိုးလာအောင် အသုံးပြုနိုင်သောတန်ဖိုး ဖြစ်ပေသည်။

မြန်မာနိုင်ငံ စည်းလုံးမှု ပြိုကွဲနေသောအချိန်မှာ ဦးအောင်းကဲ့သို့ အသားထဲက လောက်ထွက်သူများကြောင့် သူ့ကျွန်ဘဝ ရောက်ခဲ့ရသည်ဆိုစေကာမူ နှစ်ပေါင်းတစ်ရာကျော်တိုင်တိုင် မိမိနိုင်ငံပိုင် ကျွန်းသစ်၊ ရေနံ၊ ရွှေ ငွေ၊ ကျောက်မျက်ရတနာများကို တိုင်းတစ်ပါးသားများက စိတ်ကြိုက်ယူဆောင်သွားခဲ့သောကြောင့် နစ်နာမှုများမှာ မြန်မာတစ်နိုင်ငံလုံးနှင့်သက်ဆိုင်သော နစ်နာမှုများပင် ဖြစ်ပေတော့သည်။

ဒေါက်တာမင်းထင်ကျော်က သောက်လက်စ စီးကရက်ကို ဆေးပြင်းလိပ်ပြာခွက်အတွင်းသို့ ထည့်လိုက်လေသည်။

"ကျွန်တော်တို့မြန်မာနိုင်ငံမှာ ဇီဝရက္ခလို့ တန်ဖိုးမဖြတ်တဲ့ ရတနာပစ္စည်းတွေ အများကြီး ရှိပါသေးတယ်၊ ဒါပေမယ့်ခင်တုန်းကလောက်တော့ လွယ်လွယ်ကူကူ ရှာတွေ့မှာတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့်လဲ မောင်ထင်ကျော်ရဲ့"

"နောက်တစ်ကြိမ် မသမာတဲ့လူတွေလက်ထဲကို ပါမသွားအောင် နတ်တွေအပါအဝင် တန်ခိုးရှိတဲ့သိဒ္ဓိရှင်တွေက ကွယ်ဝှက်ထားခဲ့ကြလို့ပဲလေ"

"အင်း. . . မောင်ထင်ကျော် ပြောတာ မှန်လောက်ပါတယ်၊ ကျုပ်တွေ့ဖူးတဲ့ ငမှန်ကန်းသိုက်ကျမ်း၊ အဟိဗလစက်၊ ရတနဂုဏ္ဍစက်၊ ဒကဂ္ဂလကျမ်းတွေထဲမှာ မြန်မာပြည်အံ့ရပ်ရပ်မှာ ရတနာပစ္စည်းသိုက်ပေါင်း ရာပေါင်းများစွာ ရှိကြတယ်လို့ နေရာတွေနဲ့ ဖော်ပြထားတယ်၊

ဒီအထဲမှာ ဘုရားအတွက် ရည်စူးထားတဲ့သိုက်တွေ၊ ဌာပနာသိုက်တွေအပြင် ပုဂ္ဂလိကသိုက်တွေလည်း အများကြီးရှိတယ်"

"မှန်ပါတယ်. . အချို့သိုက်တွေဆိုရင် ရွှေငွေကျောက်သံပတ္တမြားတွေ ဘယ်လောက်များသလဲဆိုရင် တောင်တစ်လုံးစာ တိုက်တစ်လုံးစာမက ရှိကြတယ်၊

ဒီပစ္စည်းတွေနဲ့ နှိုင်းစာရင်တော့ အင်္ဂလိပ်တွေ မတရားယူသွားတဲ့ရတနာပစ္စည်းတွေဟာ စပါးပုံကြီးထဲက နှမ်းစေ့တစ်စေ့စာလောက်ပဲ ရှိမှာပေါ့ဗျာ"

ဟု ပြောလေသည်။

"ဒီပစ္စည်းတွေ ရှိနေမှန်းသာ မျက်နှာဖြူတွေ သိရင် နောက်တစ်ကြိမ် မြန်မာနိုင်ငံကို သိမ်းပိုက်ပြီး သိုက်တူးဖို့ ကြိုးစားကြဦးမလား မသိဘူး"





"ဒီလိုတော့ လုပ်ချင်တိုင်းလုပ်လို့ ဘယ်ရနိုင်ပါ့မလဲ ဦးဘန်ကောင်းရယ်၊ ဒီလို တိုက်ကြီးတစ်ခုလုံးကို တူးဖို့ မဆိုထားနဲ့၊ ဘုရားအတွက် ရည်စူးတဲ့ပစ္စည်းတစ်ခုကိုတောင် ယူလို့မရပါဘူး"

"ကျုပ်ကြားတာကတော့ အင်္ဂလိပ်တွေ သိမ်းပိုက်ထားတုန်းက ရွှေတိဂုံဘုရား ဌာပနာသိုက်ကိုတောင် တူးဖော်ယူဖို့ ကြိုးစားကြသေးတယ် မဟုတ်လား"

"မှန်ပါတယ်. . . ဒါပေမယ့် ဘာမှမရပါဘူး၊ တစ်ခါတုန်းက အင်္ဂလိပ်မျက်နှာဖြူတစ်ယောက်ဆိုရင် ရွှေသားနဲ့ လုပ်ထားတဲ့ ရုပ်ပွားတော်တစ်ဆူ ရလာတယ်၊

ဒီအတိုင်းယူသွားရင် သူ့အတွက် အန္တရာယ်ဖြစ်မှာစိုးလို့ အရည်ကျိုပြီး ရွှေတုံးကို ရွှေခဲလုပ်ဖို့ ကြိုးစားတယ်၊ အဲဒီလို ကျိုနေရင်းမှာပဲ မီးဖိုထဲက အလင်းရောင်တွေ ထွက်လာပြီး ပေါက်ကွဲထွက်သွားတာ သူ့တစ်ကိုယ်လုံး ချော်ရည်ပူတွေ လောင်ပြီး ဒဏ်ရာတွေ ရသွားခဲ့တယ်"

"ဒါနဲ့တင် ပြီးသွားရောလား"

"ဘယ်ပြီးပါ့မလဲ. . . ချော်ရည်ပူလောင်တဲ့ ဒဏ်ရာတွေက ဘယ်လိုမှ ဆေးကုလို့မှ မပျောက်ဘဲ နောက်ဆုံး နူနာတွေလို အနာကြီးတွေ ဖြစ်လာတော့ လူတောထဲ မထွက်ဝံ့လောက်အောင် ရုပ်ပျက်ဆင်းပျက် ဖြစ်ရုံမကဘူး၊ နောက်ဆုံး အဲဒီရောဂါနဲ့ပဲ သေရတယ်၊ သူသေခါနီးအချိန်ရောက်တော့ သူ အရည်ကျိုခဲ့တဲ့မီးဖိုပေါ်မှာ မူလပုံစံမပျက် စံပွယ်နေတဲ့ ရုပ်ပွားတော်ကို တွေ့ရတယ်၊ အဲဒီလို တွေ့ပြီးမှ သေသွားခဲ့တာ၊ သူ့



www.burmeseclassic.com

www.burmeseclassic.com



အနေနဲ့ နောင်တရသွားခဲ့ပေမယ့် အချိန်က နှောင်းသွားခဲ့တယ်"

"ဒါကတော့ သူပြုခဲ့တဲ့ကံကြမ္မာတရားက သူ့ကို စီရင်သွားတာပဲပေါ့"

"ဘုရားအတွက် ကျောင်းအတွက် ရည်စူးထားတဲ့ ရတနာပစ္စည်းဆိုရင် အပ်တိုတစ်ချောင်းတောင်မှ ယူလို့မရကြတာ၊ ဥပနာသိုက်တွေ၊ ဘုရားအတွက် ရည်စူးထားတဲ့ ဥစ္စာသိုက်တွေကို ယူဖို့ ကြံစည်ရင်တော့ ဘေးအန္တရာယ်ဆိုးတွေနဲ့ တွေ့ရမှာ အမှန်ပဲ"

"ဒါဖြင့် မင်းထင်ကျော်လည်း ပလ္လင်သုံးဆင့်က ဘုရားဥပနာထားတဲ့ပတ္တမြား ယူလာမိလို့ အခုလို ဘေးအန္တရာယ်တွေနဲ့ တွေ့ရတာ နေမှာပေါ့နော်"

"အမှန်ပါပဲ. . . ဒီပတ္တမြား မူလနေ [illegible] မချင်း သက်ဆိုင်ရာအစောင့်တွေရဲ့ နှောင့်ယှက်မှုတွေကု ခံနေ ဦးမှာပါပဲ၊ သူ့အတွက် လွတ်မြောက်ဖို့လမ်း နှစ်လမ်းပဲ ရှိတယ် တစ်လမ်းက ပတ္တမြားကို သူ့ရဲ့မူလနေရာဖြစ်တဲ့ ပလ္လင်သုံးဆင့်ကို ပြန်ပို့ပေးဖို့နဲ့ နောက်တစ်ချက်ကတော့ သူ့အသက်သေမှ အေးမှာပါ"

ဟု ပြောလိုက်ရာ ဦးဗန်ကောင်းပင် များစွာထိတ်လန့်သွားလေသည်။

"ဒါဖြင့် ကျုပ်တို့ ဘယ်လိုလုပ်ပေးရင် ကောင်းမလဲ မောင်ထင်ကျော်"

ဒေါက်တာမင်းထင်ကျော်က စားပွဲပေါ်မှာ တင်ထား





သော ကော်ဖီခွက်ကို ယူပြီးမော့သောက်လိုက်သည်။

ပြီးမှ စကားပြန်ဆက်လေသည်။

"ဦးဗန်ကောင်း ပြောတဲ့အကြောင်းကို ကျွန်တော် စိတ်ဝင်စားပါတယ်၊ သူ့အတွက်လည်း ကူညီပေးရာရောက်အောင်၊ နောက်တစ်ချက်က ကျွန်တော်တို့အတွက်လည်း ဗဟုသုတ [illegible]ည်း ရအောင် ရွှေလီဘက် သွားရမှာပေါ့၊

ဟိုရောက်တော့ ပတ္တမြား ယူသွားတဲ့ ဦးလဝီသတင်းကို [illegible]မ်းကြည့်ရမှာပဲ"

"ကောင်းပါတယ်. . . ကျုပ်လည်း ထောင်ထဲမှာ အချိန်အတော်ကြာကြာ နေခဲ့ရတော့ အညောင်းမိနေသလိုပဲ၊ ခရီးသွားရတာလည်း အတော်ကြာပြီဆိုတော့ အခုလို အဖော်တွေ [illegible] စိတ်အပြောင်းအလဲ ဖြစ်သွားတာပေါ့"

ဦးဗန်ကောင်းက ခရီးထွက်မည့်အစီအစဉ်ကို များစွာ [illegible]ဘောကျသွားလေသည်။

"ဒါထက် ဦးဗန်ကောင်း ထောင်ကနေ ပြန်ထွက်လာ[illegible] မင်းထင်ကျော်နဲ့ တွေ့ခဲ့သေးလား"

"ဟင့်အင်း. . . မတွေ့ခဲ့ရဘူး၊ နောက်ပိုင်း ထောင်တွေ [illegible]ပြောင်းအလဲ လုပ်ကြတော့ သူနှင့် လူချင်းကွဲသွားကြတယ်၊ [illegible]တော့ တစ်ခါမှ မတွေ့ရတော့ဘူး၊ ကျုပ်အထင်ပြောရရင် [illegible] သူက လူနှစ်ယောက်ရဲ့အသက်ကို ရက်ရက်စက်စက် [illegible]သွားခဲ့တဲ့ နှစ်ကြီးအကျဉ်းသမားဆိုတော့ ထောင်ခါတဲ့အထဲ [illegible] မပါလောက်ဘူးထင်တယ်"

www.burmeseclassic.com



ဦးဗန်ကောင်းက သူ့ထင်မြင်ချက်ကို ပြောသည်။

"တကယ်လို့ ထောင်ထဲက လွတ်ခဲ့ရင်လည်း မင်းထင်ကျော်အနေနဲ့ ရွှေလီဘက်ကို ပြန်သွားမှာ အသေအချာပဲ၊ ကံကောင်းရင်တော့ ကျွန်တော်တို့နဲ့တောင် ပြန်တွေ့ချင် တွေ့နိုင်မှာပါ။ ခရီးထွက်ဖို့ကတော့ ကျွန်တော်တို့ မိတ်ဆွေတွေနဲ့ တိုင်ပင်ပြီး သွားကြတာပေါ့။

အစစအရာရာ ကုန်ကျမယ့်စရိတ်တွေကိုတော့ ကျွန်တော်ကပဲ ခံပါ့မယ်"

ဟု ပြောဆိုကာ ခရီးစဉ်အတွက် အစီအစဉ်များကို တိုင်ပင်ဆွေးနွေးကြလေတော့သည်။







အခန်း [ ၇ ]

# သုသာန်မှ ပြန်ထလာသောသူ

ရွှေကူမြို့သည် ဧရာဝတီမြစ်ကမ်းအနီးတွင်ရှိပြီး စစ်ကိုင်းတိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် နယ်နိမိတ်သုံးခု ပေါင်းဆုံရာ နေရာအနီးတွင် ရှိပြီး ကချင်ပြည်နယ်အတွင်းမှာ ပါဝင်လေသည်။

မြန်မာ၊ ကချင်၊ ဂျိန်းဖောနှင့် ရှမ်းလူမျိုးတို့ အများအပြား နေထိုင်ကြသည်။

မြန်မာပြည်မြောက်ဖက်ဖျားမှ စတင်စီးဆင်းလာသော



www.burmeseclassic.com

www.burmeseclassic.com



ဧရာဝတီမြစ်သည် တောင်ဖက်များ ကပ္ပလီပင်လယ်သို့ ရောက်သည့်တိုင်အောင် မြောက်မှတောင်သို့ အစဉ်တစိုက် စီးဆင်းခဲ့လေသည်။

သို့သော်လည်း ကချင်ပြည်နယ်အတွင်းမှာ ပါဝင်သော ဆင်ခန်းမြို့သို့ ရောက်သည်နှင့် အရှေ့မှအနောက်သို့ ကန့်လန့်ဖြတ် စီးဆင်းလေသည်။

ဆင်ခန်းမြို့မှစ၍ ရွှေကူမြို့ကို ဖြတ်ကာ မိုးဒါးသို့ ရောက်သောအခါမှ မူလအတိုင်း မြောက်မှတောင်သို့ ကွေ့ကောက်ကာ စီးဆင်းသွားလေတော့သည်။

ရွှေကူမြို့သည် စစ်ကိုင်းတိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းမှ စီးပွားရေးသမားများ ကုန်သည်ပွဲစားများ လာရောက်ပေါင်းဆုံသောနေရာလည်းဖြစ်သည်။

တရုတ်ပြည်မှ မြစ်ဖျားခံကာ စတင်စီးဆင်းလာသော ရွှေလီမြစ်မှာလည်း မိုင်ပေါင်းများစွာ စီးဆင်းလာခဲ့ရာမှ ရွှေကူမြို့အောက်ဘက် အင်းရွာအနီးမှာ ဧရာဝတီမြစ်အတွင်းသို့ ပေါင်းဆုံ စီးဝင်သွားလေသည်။

ရွှေကူမြို့သည် စီးပွားရေး အချက်အချာကျသောနေရာဖြစ်သဖြင့် အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသော စီးပွားရေးသမားများ ပေါင်းဆုံသောနေရာလည်းဖြစ်ပေသည်။

အများအားဖြင့် ကချင်ပြည်နယ်မြောက်ဖျားဘက်မှ ကျောက်စိမ်းရောင်းဝယ်သူများ ရောက်လာတတ်သလို မိုးကုတ်နယ်ဘက်မှ အဖိုးတန်ကျောက်မျက်ရတနာများ ရောင်းချသူများ





လည်း ရောက်လာတတ်ပေသည်။

ရွှေကူမြို့အနောက်ဖက် မြို့စွန်တစ်နေရာတွင် ခြံကျယ်ကြီးတစ်ခြံရှိပြီး ထိုခြံကြီးထဲမှာ ရှေးခေတ်လက်ရာဖြင့် ဆောက်ထားသော အိမ်ဟောင်းကြီးတစ်လုံး ရှိလေသည်။

ထိုအိမ်ကြီးကို ပိုင်ဆိုင်သူမှာ ဦးကံသာဆိုသော ရှမ်းကပြားလူကြီးတစ်ယောက်ဖြစ်သည်။

ဦးကံသာသည် အသက်ငါးဆယ်ကျော်အရွယ်ခန့်ရှိပြီး ယခင်က ကျောက်အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်ခဲ့လေသည်။

ယခုအခါမှာတော့ အားကိုးရမည့် သားထောက်သမီးခံလည်း မရှိသောကြောင့် ယခင်ကလို သွားသွားလာလာ မလုပ်နိုင်တော့သဖြင့် အိမ်မှာပင် နေကာ အခွင့်သာမှ တစ်ခါတစ်ရံလုပ်ကိုင်လေသည်။

တစ်နေ့သ၌ ဦးကံသာ နေအိမ်သို့ အဘိုးကြီးတစ်ယောက် ရောက်လာလေသည်။

ထိုအဘိုးကြီးမှာ ကရင်လူမျိုးတစ်ယောက်ဖြစ်ပြီး အသက်ငါးဆယ်ကျော်အရွယ်ခန့် ရှိလေသည်။

သူ့ထံမှာ လွယ်အိတ်ဟောင်းတစ်လုံးသာ ပါပြီး ဝတ်ဆင်လာသောအဝတ်များမှာလည်း ဟောင်းနွမ်းစုတ်ပြတ်လျက်ရှိပေသည်။ သူ့ကြည့်ရသည်မှာ တစ်စုံတစ်ခုကို ထိတ်လန့်ကြောက်ရွံ့နေဟန်လည်းရှိသည်။

"ခင်ဗျားဘယ်သူလဲ . . ဘာကိစ္စရှိလို့ ဒီကိုရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ”

ဦးကံသာက မေးလိုက်လေသည်။

“ကျုပ်နာမည် ဦးလဝီလို့ ခေါ်ပါတယ်၊ ဒုက္ခရောက်လာလို့ ကူညီပေးပါဗျာ”

ဟု အကူအညီတောင်းသဖြင့် တံခါးဖွင့်ပေးလိုက်သည်။ အတွင်းရောက်သည်နှင့် ဦးကံသာက အကျိုးအကြောင်း မေးကြည့်ရသည်။

“ဘယ်လိုဖြစ်လာတာလဲ. . . ခင်ဗျားအကြောင်းကိုလည်း တဆိတ်လောက် ပြောပြပါဦး”

“ကျုပ်နာမည် ဦးလဝီလို့ ခေါ်ပါတယ်၊ ကရင်လူမျိုး တစ်ယောက်ပါ၊ ရွှေလီမြစ်ဝှမ်း သစ်တောထဲမှာ နေပါတယ်”

“အခု ဒီကို ဘယ်လိုရောက်လာတာလဲ”

“ကျုပ်မှာ ပတ္တမြားတစ်လုံး ရောင်းဖို့ ပါလာပါတယ်”

ဦးလဝီပြောနေသောစကားများကို စိတ်ဝင်စားမှု မရှိသဲဖြစ်နေသော ဦးကံသာမှာ ယခုမှ စိတ်ဝင်စားမှုဖြစ်လာလေသည်။

“ပတ္တမြား ဟုတ်လား၊ ဘယ်မှာလဲ. . . ပြပါဦး”

ဟု ပြောသဖြင့် ဦးလဝီက ၎င်း၏လွယ်အိတ်ဟောင်းထဲမှာ လျှို့ဝှက်စွာ ထည့်လာသော ဇီဝရက္ခာပတ္တမြားကို ထုတ်ပြလေသည်။

ဦးကံသာက ကျောက်မျက်ရတနာများအကြောင်းကိုလည်း ကောင်းစွာနားလည်သူမို့ ပတ္တမြားကို မြင်ရုံနှင့် များစွာ





တန်ဖိုးထိုက်တန်သော ကျောက်မျက်ရတနာဖြစ်ကြောင်း သိလေသည်။

သို့သော်လည်း ပတ္တမြားကို သေချာစွာ ကိုင်ကြည့်နေစဉ်မှာပင် စိတ်ထဲမှာ တစ်မျိုးခံစားလာရသည်။

ပထမ ယူကြည့်စက စိတ်ထဲမှာ ပိုင်ဆိုင်လိုမှု လောဘစိတ်များ တက်လာသည်။

ခဏချင်းမှာပင် မမြင်ရသော အနှောင့်အယှက်တစ်ခုက သူ့အသည်းနှလုံးကို လက်အေးအေးကြီးဖြင့် ဆုပ်ကိုင်လိုက်သကဲ့သို့ စိမ့်ကနဲ ဖြစ်လာသည်။

နောက်ဆုံး ကြာရှည်ဆက်ကိုင်မထားဝံ့လောက်အောင် ကြောက်စိတ်များ ဝင်လာလေသည်။

သို့ကြောင့် ခဏသာ ကြည့်ပြီး ဦးလဝီကို ပြန်ပေးလိုက်လေသည်။

“ခင်ဗျား ဒီပတ္တမြားကို ဘယ်က ရလာတာလဲ”

“တောထဲကပဲ ရခဲ့တာပါပဲ”

“နေစမ်းပါဦး. . . ပတ္တမြားရောင်းဖို့ လာတဲ့လူက ဒီလောက် ကြောက်လန့်နေပုံထောက်တော့ ခင်ဗျား တစ်ခုခု ဖြစ်လာတယ် မဟုတ်လား၊ ကျုပ်ကို မှန်မှန်ပြောပါ”

ဦးကံသာက ထိုသို့မေးသောအခါ ဦးလဝီမှာ မလုံမလဲဖြစ်သွားကာ ပတ်ဝန်းကျင်ကို မလုံမလဲ အမူအယာမျိုးဖြင့် ကြည့်လေသည်။

“ကျုပ် အမှန်အတိုင်း ပြောပါ့မယ်၊ ဒီပတ္တမြားကို ရလာ



www.burmeseclassic.com

www.burmeseclassic.com



ပြီးတဲ့နောက်မှာ လူသတ်သမားက ကျုပ်တို့နောက်ကို တကောက်ကောက်နဲ့ လိုက်နေပါတယ်၊

ကျုပ်သမီးနဲ့သားမက်လည်း သူ့လက်ချက်နဲ့ သေသွားပါပြီ၊ အခုလည်း ကျုပ်နောက်ကို လိုက်နေတယ်လို့ ထင်တာနဲ့ ရွှေကူထိအောင် တက်ပြေးလာခဲ့တာပါ"

ထိုစကားကြားသောအခါ ဦးလဝီရဲ့အခက်အခဲကို ရိပ်မိတန်သရွေ့ ရိပ်မိလိုက်ပေသည်။

သို့သော်လည်း လူသတ်သမားက ဘယ်သူဖြစ်ပြီး ဘာကြောင့် နောက်မှ လိုက်နေသည်ဆိုသောမေးခွန်းမျိုးတော့ ထပ်မမေးတော့ပေ။

"ခင်ဗျားက ပတ္တမြားရောင်းဖို့ လာတာကတော့ ဟုတ်ပါပြီ၊ ခင်ဗျားယူလာတဲ့ပတ္တမြားမျိုးက တန်ဖိုးဖြတ်ရခက်လေတော့ ကျုပ်တော့ ဝယ်ဖို့ မတတ်နိုင်ဘူး၊

အဲ. . တစ်ခုတော့ ရှိတယ်၊ တစ်လတစ်ခေါက်ဆိုသလို ရတနာပစ္စည်းဝယ်ဖို့ လာတဲ့ ကျုပ်ရဲ့မိတ်ဆွေတွေတော့ ရှိတယ်၊ သူတို့ ရောက်လာလို့ အကျိုးအကြောင်း ပြောပြရင်တော့ ခင်ဗျားရဲ့ ကိစ္စ အဆင်ပြေနိုင်ပါတယ်"

ဦးလဝီအမူအယာမှာ အတော်ကလေး စိတ်ပျက်လက်ပျက် ဖြစ်သွားဟန်ရှိလေသည်။

"ဒါထက် သူတို့က ဘယ်တော့လောက် ကြာမှာလဲ"

"နောက်ထပ် တစ်ပတ်ဆယ်ရက်လောက်ဆိုရင်တော့ ရောက်လာလိမ့်မယ် ထင်ပါတယ်"





ထိုစကားကြားသောအခါ ဦးလဝီက သူ့ဆန္ဒကို ပြောသည်။

"ဒီလိုဆိုရင်တော့ နောင်ကြီးကိုပဲ အကူအညီ တောင်းရမှာပဲ၊ ကျုပ်က ဒီကိုသာ လာရတယ်၊ အသိမိတ်ဆွေလည်း တစ်ယောက်မှ မရှိပါဘူး၊ ကိုယ့်အကြောင်းနဲ့ကိုယ်မို့သာ အရဲစွန့်ပြီး လာခဲ့ရတာပါ၊ ဒီတော့ နောင်ကြီးက တစ်ခုတော့ ကူညီပေးပါ"

"ဘယ်လိုကူညီပေးရမှာလဲ"

"တခြားတော့ မဟုတ်ပါဘူး၊ ကုန်သည်တွေ ရောက်မလာမချင်း ကျုပ် ခင်ဗျားဆီမှာပဲ တည်းခိုနေပါရစေ၊ ကုန်သည်တွေ ရောက်လာလို့ ပတ္တမြားရောင်းပြီးရင် ရောင်းရငွေရဲ့သုံးပုံတစ်ပုံကို ခင်ဗျားအတွက် ပေးပါ့မယ်"

ထိုစကားကြားသောအခါ ဦးကံသာလည်း သဘောတူလေသည်။

"ကောင်းပြီလေ. . . ခင်ဗျား အကူအညီတောင်းတဲ့အတိုင်း အကူအညီပေးပါ့မယ်၊ ဒါပေမယ့် ခင်ဗျားရဲ့ကတိတော့ တည်ပါစေ"

"တည်ပါတယ်ဗျာ. . . ပြောတဲ့အတိုင်းလည်း ပေးမှာပါ၊ ဒါပေမယ့် ကျုပ် ဒီမှာနေသမျှ တလျှောက်လုံးတော့ ဘယ်သူ့မှ အသိပေးလို့မဖြစ်ဘူး၊ ဘယ်သူလာမေးမေး မသိဘူး ပြောမှဖြစ်မယ်"

"စိတ်ချပါ. . . မသိစေရပါဘူး"

ဟု ကတိပေးကာ ဦးလဝီကို ရင်းအိမ်ကြီးမှာပင် ထား



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ သို့သော်လည်း ဦးကံသာမှာ လောဘရှိသူတစ်ယောက်ဖြစ်သောကြောင့် မိမိအိမ်သို့ ရောက်နေသောပတ္တမြားကို ဘယ်ပုံဘယ်နည်း အပိုင်ရအောင် လုပ်ရပါ့မလဲဟု အချိန်ရှိသမျှ ကြံစည်နေတော့သည်။

သို့သော်လည်း အရမ်းတော့ မလုပ်ဝံ့ပေ။

ဦးလဝီထံမှာ ရန်သူများက တကောက်ကောက် လိုက်နေသည်ဆိုသောကြောင့် ဦးလဝီနောက်မှ လိုက်လာသော အန္တရာယ်များက သူ့ထံသို့ ရောက်လာမည်ကိုလည်း တစ်ဖက်မှ စိုးရိမ်နေရသေးသည်။

ထိုသို့စိုးရိမ်နေရင်းမှာပင် တစ်ပတ်ခန့်ကြာသောအခါ နောက်မှ တကောက်ကောက် လိုက်နေကြသော အန္တရာယ်များက ဦးလဝီနောက်သို့ ခြေရာကောက်မိသွားကြလေတော့သည်။

ညအချိန် အမှောင်ရိပ် ဖုံးလာသောအချိန်တွင် တစ်ကိုယ်လုံး အဝတ်နက်များ ခြုံထားသော လူတစ်စုသည် ဦးကံသာ၏အိမ်ပတ်ဝန်းကျင်သို့ ရောက်လာပြီး အိမ်ထဲမှ အခြေအနေကို လာရောက်စောင့်ကြည့်နေကြလေသည်။

ထိုအခြေအနေကို ဦးလဝီက မရိပ်မိသော်လည်း ဦးကံသာက ရိပ်မိလေသည်။

သူ့အဖြစ်မှာ ယခုမှ အခက်တွေ့ရလေတော့သည်။

ပစ်ရမှာလည်း အဆီနှင့် တဝင်းဝင်း၊ စားရမှာလည်း သဲနှင့် တရှပ်ရှပ်ဆိုသလို ဦးလဝီကို နှင်ချရမှာလည်းအခက်၊ မနှင်ရမှာလည်း အခက်တွေ့နေလေသည်။





ယခုအချိန်ကျမှ နှင်ချလိုက်ပြန်လျှင် ပတ္တမြားတန်ဖိုး၏ သုံးပုံတစ်ပုံကို ရတော့မည်မဟုတ်ပေ။

မနှင်ပြန်လျှင်လည်း မြွေပွေးခါးပိုက်ပိုက်ထားရသကဲ့သို့ အန္တရာယ်ကို အိမ်ပေါ် တင်ထားရသလို ဖြစ်နေတော့သည်။

တစ်ညမှာတော့ အဝတ်မည်းများ ခြုံထားသော လူတစ်စု ရောက်လာပြီး ဦးလဝီထံမှ ပတ္တမြားကို တောင်းယူကြသည်။

ဦးလဝီကလည်း သူ့မှာ မရှိကြောင်း အကြောက်အကန်ငြင်းဆန်လေသည်။

ဦးကံသာမှာ တဖက်အခန်းမှ အသံများကို အတိုင်းသားကြားနေရသော်လည်း အသက်ဘေးကို စိုးရိမ်သောကြောင့် မလှုပ်ဝံ့ပေ။

နောက်ဆုံးတော့ ဦးလဝီ နေသောအခန်းထဲမှ ဂုန်းဂုန်း ဒိုင်းဒိုင်းအသံများကြားရပြီး အသံနက်ကြီးဖြင့် အော်လိုက်သော ဦးလဝီအသံကို ကြားရလေသည်။

“ကယ်ကြပါဗျို့. . . ကယ်ကြပါဦး၊ ကျုပ်ကို သတ်နေကြပါတယ်. . . သေရပါတော့မယ်”

ထိုအော်သံကြီးမှာ တိတ်ဆိတ်နေသော ပတ်ဝန်းကျင်တစ်ဝိုက်မှာ ဆူညံသွားလေတော့သည်။

ထိုအသံကို ကြားသော်လည်း ဦးကံသာမှာ ကြောက်လွန်းသောကြောင့် အခန်းထဲမှ မထွက်ဝံ့ပေ။

ဦးလဝီအော်သံ ကြားသဖြင့် ပတ်ဝန်းကျင်မှ လူများ ဓားတုတ်ဓါးများ ဆွဲကာ ထွက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ဆွဲမှန်အိမ်များ၊ မီးတုတ်များကြောင့် ပတ်ဝန်းကျင်မှာ အလင်းရောင်များ ရလာလေသည်။

ပတ်ဝန်းကျင်မှ လူများက ဦးကံသာအိမ်သို့ ဓါးပြဝင်တိုက်နေသည်အထင်ဖြင့် အကူအညီပေးရန် ထွက်လာကြခြင်း ဖြစ်ပေသည်။

ပတ်ဝန်းကျင်မှ လူများ ထွက်လာသောအခါတွင် ဦးလဝီ အခန်းတွင်း ရောက်နေသော အဝတ်မည်း ခြုံထားသောလူများမှာ အခန်းထဲမှ ပြန်ထွက်ကာ အမှောင်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။

"ဗျို့ . . ဦးကံသာ ဘာဖြစ်တာလဲဗျို့"

"အိမ်ထဲကို ဓါးပြတွေ ဝင်လာလို့ဗျို့၊ အမြန်လာကြပါ၊ အကူအညီပေးကြပါ"

ဟု လှမ်းခေါ်သဖြင့် ပတ်ဝန်းကျင်မှ လူများလည်း အိမ်ထဲ ဝင်လာကြသည်။

ထိုအခါမှ ဦးကံသာလည်း အပြင်ထွက်ဝံ့လေသည်။

"ဓါးပြတွေ ဘယ်ရောက်ကုန်ပြီလဲ"

"ခင်ဗျားတို့ ရောက်လာလို့ ထွက်ပြေးသွားပြီနဲ့ တူပါတယ်၊ ကျုပ်အိမ်မှာ တည်းနေတဲ့ဧည့်သည်တော့ သေသလား ရှင်သလား မသိသေးဘူး၊

တဆိတ်လောက် သူ့အခန်းကို ဝင်ကြည့်ပေးကြပါဗျာ"

"သူ့အခန်းက ဘယ်မှာလဲ"

"ဟိုဘက်မှာပါ"





ဦးကံသာကပင် ရှေ့မှ ဦးဆောင်ပြီး ဦးလဝီ နေသောအခန်းသို့ သွားကြည့်ကြလေသည်။

သူတို့ရောက်သွားတော့ ဦးလဝီမှာ ကြမ်းပြင်ပေါ်မှာ တစောင်းအနေအထားဖြင့် လဲကျနေသည်။

ကြမ်းပြင်ပေါ်မှာတော့ သွေးများ စွန်းတင်နေသည်။

အနီးသို့ သွားကြည့်သောအခါမှာတော့ ဦးလဝီ တစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်များ ရကာ အသက်သေဆုံးနေလေပြီ။

"သူက ဘယ်သူလဲ"

"ကျုပ်အိမ်မှာ တည်းနေတဲ့ဧည့်သည်တစ်ယောက်ပါ၊ ဓါးပြတွေက သူ့ကို ကျောက်အရောင်းအဝယ် လာလုပ်တဲ့လူထင်ပြီး သတ်သွားတယ် ထင်ပါရဲ့"

ထိုအခါ ရွာသားများလည်း အခန်းအပြင်သို့ ပြန်ထွက်သွားလေတော့သည်။

ထိုအခါ ဦးကံသာက ဦးလဝီတစ်ကိုယ်လုံး နှံ့စပ်အောင် ရှာသော်လည်း ပတ္တမြားကို မတွေ့ရတော့ပေ။

တစ်ကိုယ်လုံး နှံ့စပ်အောင် ရှာကြည့်ပြီး၍ မတွေ့သောအခါ နံရံမှာ ချိတ်ထားသောလွယ်အိတ်အတွင်းသို့ ရှာကြည့်ပြန်သည်။

ထိုနေရာမှာလည်း မရှိပေ။

"ပတ္တမြားကို လူဆိုးတွေများ ရသွားကြပြီလား၊ ဒီလိုဆိုရင်လည်း လွယ်လွယ်တော့ ရမယ်မထင်ပါဘူး၊ ဦးလဝီက



www.burmeseclassic.com

www.burmeseclassic.com



လည်း အသက်တောင် အသေခံဝံ့တဲ့လူဆိုတော့ ပတ္တမြားကို တော့ လွယ်လွယ်ပေးလိုက်မယ် မထင်ပါဘူး၊

ဒါဖြင့် ပတ္တမြားကြီးကို ဘယ်နေရာမှာ ဝှက်ထားခဲ့သလဲ"

ဟု တွေးတောကာ ဦးလဝီတစ်ကိုယ်လုံး အတွင်းအပြင် မကျန် နှံ့စပ်အောင် ရှာကြည့်ရုံမကဘဲ ပါးစပ်ထဲပါ ဖြဲရှာသော် လည်း မတွေ့ရပေ။

နောက်ပိုင်းမှာတော့ ရွာသူရွာသားများ အကူအညီဖြင့် ဦးလဝီအလောင်းကို သုသာန်သို့ ပို့ကာ မြှုပ်နှံသဂြိုဟ်လိုက်လေ သည်။

ဦးကံသာမှာလည်း အသုဘကိစ္စအတွက် ငွေကုန်ကြေး ကျ အတော်ရှိလေသည်။

ဦးလဝီထံမှ တစ်ပြားတစ်ချပ်မှ အကျိုးအမြတ် မရသေး ဘဲ ယခုကဲ့သို့ အိတ်ထဲမှ စိုက်ကုန်ရသဖြင့် မကျေမနပ် ဖြစ်နေပြီး ဦးလဝီ နေထိုင်သွားသောအခန်းကို ကြမ်းကြား ထုပ်တန်းကြားပါ မကျန် နှံ့စပ်အောင် ရှာသော်လည်း ဦးလဝီ ယူလာသော ပတ္တမြားကိုတော့ မတွေ့ရပေ။

"တောက်. . . ငါ့နှယ်၊ မြိုးမြိုးမြက်မြက်ကလေးများ ရမလားလို့ အိမ်ပေါ် တင်ထားပါတယ်၊ အခုတော့ တစ်ပြားမှ မရတဲ့အပြင် မသာစရိတ်တောင် ထပ်ကုန်သွားသေးတယ်"

ဟု မကျေမနပ်ဖြင့် ရေရွတ်ပြောဆိုနေလေသည်။

အသုဘ ချပြီး ရက်လည်ဆွမ်းသွပ်ပြီးသောအချိန်ကျမှ ထူးထူးဆန်းဆန်း ဦးလဝီနှင့် ပြန်တွေ့ရလေသည်။ ထိုညက





ဝိတ်ပျက်လက်ပျက်နှင့် ဝရန်တာမှာ ထိုင်ရင်းမှ မှေးကနဲ အိပ် ပျော်သွားလေသည်။

ထိုသို့အိပ်ပျော်သွားစဉ် အမှောင်ထဲမှ ထွက်လာသော ဦးလဝီကို ပြန်တွေ့ရသည်။

ဦးလဝီမှာ သေဆုံးသွားစဉ်က အဝတ်အစားများကိုသာ ဝတ်ဆင်ထားပြီး တစ်ကိုယ်လုံးမှာ သွေးများ ရဲနေလေသည်။

မျက်နှာမှာလည်း ယခင်တွေ့နေကျမျက်နှာမျိုး မဟုတ် ဘဲ ကြောက်စရာကောင်းနေလေသည်။

သူက ဦးကံသာအနီးသို့ လျှောက်သွားသည်။

"ခင်ဗျား သေသွားခဲ့ပြီမဟုတ်လား၊ အခု ဒီကို ဘာ ကြောင့် ပြန်လာတာလဲ"

"ခင်ဗျားကို ပြောစရာရှိလို့ပေါ့ဗျာ"

အသံသြသြကြီးဖြင့် ပြန်ပြောသည်။

"ဘာပြောမှာလဲ"

"ခင်ဗျား ကျုပ်ယူလာတဲ့ပတ္တမြားကြီးကို လိုက်ရှာနေတာ မဟုတ်လား"

"ဟုတ်တယ်. . . လူဆိုးတွေ ယူသွားပြီမဟုတ်လား"

"ကျုပ်ဝှက်ထားတော့ သူတို့ ရမသွားပါဘူး"

"ခင်ဗျားက ဘယ်နေရာမှာ ဝှက်ထားတာလဲ"

ဦးကံသာ စိတ်အားထက်သန်စွာဖြင့် မေးလိုက်သည်။

"ပြောပါ့မယ်ဗျာ. . . ခင်ဗျားကို ပြောချင်လို့သာ ကျုပ် ဒီမှာက တစ်ကျော့ပြန်လာခဲ့တာပဲ၊ တစ်ခုတော့ ရှိတယ်ဗျ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီပတ္တမြားက အတော့်ကို ဂြိုဟ်မွှေတဲ့ပတ္တမြားပဲ၊ ပထမ ယူလာတဲ့ လူလည်း ထောင်ကျသွားလိုက်တာ လွတ်ရက်မရှိတော့မယ်ပုံပဲ၊

နောက်ပြီး ကျုပ်သမီးနဲ့သားမက်လည်း အသတ်ခံခဲ့ရ တယ်၊ အခု ကျုပ်လည်း သူများသတ်လို့ သေခဲ့ရပြန်တယ်၊ ဒီ ပတ္တမြားနဲ့ ပတ်သက်တဲ့လူမှန်သမျှ ဘေးဒုက္ခတွေနဲ့ ကြုံရပြီး အသေဆိုးနဲ့ သေကြရတာတော့ အမှန်ပဲ”

ဟု ရှည်လျားစွာ ပြောပြလေသည်။

“ဒီတော့ ဘယ်လိုလုပ်ရမလဲ”

“ကောင်းတာကတော့ ပတ္တမြားကို ရပြီးရင် လက်ထဲမှာ ကြာရှည်မထားဘဲ ရတဲ့ဈေးနဲ့ အမြန်ဆုံး ရောင်းပစ်နိုင်ရင် အန္တရာယ်အကင်းဆုံးပဲ”

“ကောင်းပါပြီ. . . ခင်ဗျားပြောတဲ့အတိုင်း လုပ်ပါ့မယ် ဒါထက် ပတ္တမြားကို ဘယ်မှာ ထားခဲ့သလဲ”

ဦးကံသာက သူသိလိုသောအကြောင်းကိုသာ အလော တကြီး မေးလိုက်လေသည်။

“တခြားမှာ မရှိပါဘူး၊ ကျုပ်ဆီမှာပဲ ရှိပါတယ်”

“ဟင်. . . ခင်ဗျားက သေသွားခဲ့မှပဲ၊ ဘယ်လိုယူသွားခဲ့ တာလဲ”

“သူတို့ ပတ္တမြား လာရှာကြမှန်း သိလို့ သူတို့ မလာခင် လေးမှာပဲ ကျုပ်က ဝမ်းထဲမှာ မျိုချထားလိုက်တော့ သူတို့ ရှာ လည်း မတွေ့နိုင်တော့ဘူးပေါ့”

ထိုစကားကြားသောအခါ များစွာအံ့ဩသွားလေသည်





“ဒါ. . ဒါဖြင့် ပတ္တမြားက ခင်ဗျားဗိုက်ထဲမှာ ပါသွားတာ ပေါ့”

“ဟုတ်ပါတယ်. . . ကျုပ်ဗိုက်ထဲမှာပဲ ရှိပါတယ်၊ အဲ့ဒါ ခင်ဗျားလာယူလှည့်ပါ”

“ဖြစ်. . ဖြစ်ပါ့မလား”

“ဖြစ်ပါတယ်. . ကျုပ်က ခင်ဗျားကို ဘယ်လိုအန္တရာယ် မျိုးမှ မပေးပါဘူး၊ တစ်ခုတော့ ရှိတယ်၊ ကျုပ်ပြောတာကိုတော့ မမေ့နဲ့နော်၊ တကယ်လို့ ပတ္တမြားကို ရတာနဲ့ ကိုယ့်လက်ထဲမှာ ကြာရှည်မထားဘဲ အမြန်ရောင်းချဖို့သာ လုပ်ပေတော့”

“ကောင်း. . ကောင်းပါပြီ၊ ခင်ဗျားပြောတဲ့အတိုင်း လုပ် ပါ့မယ်”

ဟု ပြောလိုက်သောအခါမှ ဦးလဝီမှာ ထိုနေရာမှ ပြန် လှည့်ပြီး အမှောင်ထဲသို့ ဝင်သွားလေတော့သည်။

ထိုအခါမှ ဦးကံသာလည်း အိပ်ယာမှ လန့်နိုးလာလေ တော့သည်။ နေရာမှ ထပြီး ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ အမှောင်ထုများ ဖုံးလွှမ်းနေသည်မှလွဲပြီး အခြားဘာမှတော့ မတွေ့ရပေ။

ဦးကံသာစိတ်ထဲမှာ ဇဝေဇဝါ ဖြစ်နေမိလေသည်။





www.burmeseclassic.com

www.burmeseclassic.com





## အခန်း [ ၈ ]

# ဦးကံသာနှင့် အသက်ဝင်နေသောအလောင်း

နောက်တစ်နေ့မှာတော့ ဦးကံသာသည် စိတ်ချရသော နှစ်ယောက်ကို အဖော်ခေါ်၍ ရွှေကူသုသာန်သို့ သွားရန် ဆင်လေသည်။

ရှေးအခါက ယခုကဲ့သို့ သန့်ရှင်းမှု သိပ်မရှိသေးဘဲ ယ်ပိတ်ပေါင်းများ ထူထပ်လျက်ရှိနေသေးသည်။

သူ အဖော်ခေါ်လာသော လူနှစ်ယောက်မှာလည်း



www.burmeseclassic.com

www.burmeseclassic.com



ဦးကံသာက ပိုက်ဆံပေး၍ခေါ်သဖြင့် လိုက်ကြရသော်လည်း သိပ်ပြီးလိုက်ဝံ့ဟန် မရှိကြပေ။

"ဦးကံသာကလည်းဗျာ. . . ဒီလောက် အချိန်မတော်ကြီးကျမှ သင်္ချိုင်းထဲ ဘာသွားလုပ်မှာလဲဗျ။

ကျုပ်တို့လည်း သတ္တိမနည်းလှပါဘူး၊ ဒါပေမယ့် လူကိုသာ မကြောက်တတ်တာ၊ ဒီအချိန်မျိုးမှာ သင်္ချိုင်းထဲ သွားရမှာကိုတော့ အကြောက်သားဗျ"

"ဟုတ်တယ် ဦးကံသာရဲ့၊ လူလူချင်းက နပမ်းဖက်လုံးလို့ရသေးတယ်၊ တစ္ဆေသရဲနဲ့ နပန်းလုံးလို့မှ မရတာ၊ နည်းနည်းတော့ ကျောချမ်းစရာပဲ"

၎င်းတို့နှစ်ယောက်မှာ စိန်မြနှင့်ဟန်ထွန်းတို့ ဖြစ်ကြပြီး အရက်ချိုးကပ်နေကြသူများဖြစ်သည်။ ငွေရမည်ဆိုလျှင် ဘာမဆို လုပ်ဝံ့ကြသူများဖြစ်ကြလေသည်။

ယခင်ကလည်း ဦးကံသာ အကြောင်းကိစ္စရှိပါက ၎င်းတို့ကို ခိုင်းနေကျဖြစ်ရာ မညည်းမညူ လုပ်ပေးလေ့ ရှိကြလေသည်။

ယခုအခါမှာတော့ အချိန်မတော် သုသာန်သို့ သွားရမည်ဆိုသောကြောင့် နှစ်ယောက်သား လန့်နေကြခြင်းဖြစ်လေသည်။

"ဦးကံသာကလည်းဗျာ. . . အချိန်မတော်ကြီးကျမှ တခြားနေရာ သွားစရာ ရှားလို့ သင်္ချိုင်းကုန်းမှ သွားရတယ်လို့ ဘာသွားလုပ်မှာလဲဗျ"





"ကိစ္စရှိလို့ပေါ့ကွာ"

"ခင်ဗျားခေါ်လို့သာ လိုက်ရတယ်၊ စိတ်ထဲကတော့ ခပ်သန့်လန့်ပဲ၊ ဒါထက် နေပါဦး၊ သင်္ချိုင်းမှာ ဘာသွားလုပ်မှာလဲ ပြောပါဦး"

"ကိစ္စရှိလို့ပေါ့ကွာ"

ဦးကံသာအနေနှင့် အမှန်ပြော၍မဖြစ်သောအကြောင်းကြောင့် ဘာမှမပြောပေ။

နောက်တစ်ချက်က သုသာန်မှာ မြေမြှုပ်ထားပြီးသား အလောင်းကို ဆရာဝန်နှင့်ပုလိပ်များ ခွင့်ပြုချက်မရဘဲ ကိုယ့်သဘောနှင့်ကိုယ် တူးဖော်မိပါက မိသွားလျှင် အပြစ်ရှိကြောင်းလည်း သိတန်သရွေ့ သိထားကြသည်။

"ဧကန္တတော့ ခင်ဗျားကြည့်ရတာ အခုအသက်အရွယ်နဲ့ တစ်ကိုယ်တည်း နေရတာ ငြီးငွေ့လို့ ပိယဆေး ဖော်ဖို့များ သင်္ချိုင်းသွားမှာလား မသိဘူး၊

ဒါပေမယ့် တစ်ခုတော့ ရှိတယ်နော်၊ မသွားခင် ကျုပ်တို့နှစ်ယောက်ကို အရက်အဝတိုက်ရမယ်၊ ပြီးရင် တစ်ယောက်ကို ဘယ်လောက်စီ ပေးမှာလဲ"

စိန်မြက သေချာအောင် မေးလိုက်လေသည်။

"တစ်ယောက်ကို သုံးထောင်စီ ပေးမယ်ကွာ. . . ဘယ့်နှယ့်လဲ"

"ဟာဗျာ. . . သုံးထောင်ထဲနဲ့တော့ မလိုက်ချင်ပါဘူး၊ တစ်ယောက်ကို ငါးထောင်ပေးမှ လိုက်မယ်"



www.burmeseclassic.com

ဟု စျေးကိုင်သဖြင့် ဦးကံသာလည်း မတတ်သာတော့သဖြင့် ပေးရန် သဘောတူလေသည်။

ညဦးပိုင်းအချိန်ရောက်သောအခါ မါးတစ်လက်စီနှင့် တူရွင်း၊ ပေါက်ပြား စသည်တို့ကို သယ်ဆောင်ပြီး သုသာန်သို့ သွားကြလေသည်။

မီးခြစ်၊ ဆေးလိပ်၊ ဖယောင်းတိုင်နှင့် အရက်ပုလင်း စသည်တို့ကိုလည်း မမေ့မလျော့ ထည့်ယူခဲ့ကြလေသည်။ ရွှေကူသုသာန်မှာ မြို့စွန်ဘက်မှာ ရှိသောကြောင့် ညအချိန်မှာ လူအသွားအလာပြတ်လေသည်။

သူတို့သည် သစ်ပင်အမှောင်ရိပ်များကို အကာအကွယ်ယူပြီး ခပ်သုတ်သုတ် သွားကြလေသည်။

လမ်းမှာ အသိမိတ်ဆွေများနှင့် ပက်ပင်းတိုးပါက မမှတ်မိစေရန်လည်း ရုပ်ဖျက်ထားရသည်။

ပုဆိုးများကို ခေါင်းပေါင်း‚ပေါင်းထားပြီး ခမောက်ဝိုင်းကြီးများကိုပါ ခပ်အုပ်အုပ် ဆောင်းထားကြသည်။

မြို့အစွန်ဘက် ရောက်တော့ ခွေးအူသံများ ကြားရသည်။ လရောင်မှုန်ပျပျအောက်မှာ ရွှေကူသုသာန်ကို မှုန်ဝါးဝါး လှမ်းမြင်နေရပေပြီ။

လမ်းမှာပင် ရဲဆေးတင်သည့်အနေဖြင့် စိန်မြနှင့် ဟန်ထွန်းတို့က လွယ်အိတ်ပေါင်းဖြင့် ထည့်ယူလာသော အရက်ပုလင်းကို ဖွင့်ပြီး တစ်ယောက်တစ်လှည့် မော့သောက်ကြသေးသည်။





ရွှေကူသုသာန်သို့ ရောက်သောအခါ ညဦးပိုင်းအချိန်သို့ ရောက်နေပေပြီ။

"ကဲ. . . သုသာန်တော့ရောက်ပြီ၊ ဘာလုပ်ကြမှာလဲ"

"ဟိုတလောက မြှုပ်ထားတဲ့ ဦးလဝီရဲ့မြေပုံကို သွားကြမယ်"

"ခင်ဗျားအိမ်မှာ သေသွားတဲ့လူလား"

"ဟုတ်တယ်"

"သူ့မြေပုံသွားပြီး ဘာလုပ်မှာလဲ၊ အချိန်မတော်မှ လွမ်းသူ့ပန်းခွေ သွားပို့မလို့လား"

"မဟုတ်ပါဘူးကွာ. . . သူ့အလောင်းကို ပြန်ဖော်မလို့ပါ"

"ဖြစ်ပါ့မလား. . သုသာန်စောင့် မြင်သွားရင် ပြဿနာ ဘက်လိမ့်မယ်"

"စိတ်မပူပါနဲ့. . . ဒီအချိန်လောက်ဆိုရင် သုသာန်စောင့်က အရက်မူးပြီး အိပ်ပျော်နေလောက်ပါပြီ၊ လာ. . . အချိန်ရှိတုန်း သွားကြရအောင်"

"ခင်ဗျားက ဟုတ်မှဟုတ်ရဲ့လားဗျာ"

ဟု ညည်းညူပြောဆိုရင်း နှစ်ယောက်သား ဦးကံသာ နောက်မှ လိုက်လာကြလေသည်။

ယခုအချိန်မှတော့ နောက်ကြောင်းပြန်လှည့်၍လည်း မဖြစ်တော့ပေ။

ဦးကံသာ တိုက်သောအရက်ကို သောက်ထားပြီးပြီမို့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လိုရာ ဖြစ်စေတော့ဟု သဘောထားကာ လိုက်ကြရလေတော့သည်။

သုသာန်ရောက်တော့ ဦးလပဝီ၏မြေပုံကို ရှာဖွေရတာ မခက်ခဲလှပေ။

မြေမြှုပ်ထားတာ တစ်ပတ်လောက်သာ ရှိသေးသောကြောင့် ခြေရာလက်ရာ မပျက်သေးပေ။

သို့ကြောင့် မြေပုံနေရာ ရောက်သောအခါ အသုဘချရာမှာ အသုံးပြုသောဝါးကပ်များ၊ လိုက်ကာစများကို ဖယ်ရှားပြီး မြေကျင်း စတူးကြလေသည်။

စိန်မြနှင့်ဟန်ထွန်းတို့မှာ အရက်မူးအောင်သောက်ပြီး တစ်ယောက်တစ်လှည့်စီ တူးကြသည်။

ဦးကံသာက နံဘေးမှ ထိုင်ပြီး မီးပြပေးသည်။

မိုးရေကြောင့် မြေပျော့နေသဖြင့် တူးရတာ လွယ်သော်လည်း မြေတူးသူနှစ်ယောက်စလုံး ရွှံ့များဖြင့် ပေတူးနေသည်။

အတန်ကြာသည်အထိတော့ အနှောင့်အယှက် တစ်စုံတစ်ရာ မတွေ့ရဘဲ အလုပ်ကို ဖြောင့်အောင် လုပ်ကိုင်နိုင်လေသည်။ မြေကျွင်းသုံးပုံနှစ်ပုံခန့်အနက်သို့ ရောက်သောအခါမှာတော့ သချိုင်းအတွင်းမှ ခွေးအူသံများ စတင်ကြားလာရသည်။

ထိုအသံများ ကြားရသဖြင့် ဦးကံသာက စိတ်မချသလို ပတ်ဝန်းကျင်သို့ ကြည့်တော့လည်း ဘာမှတော့ မတွေ့ရပေ။

နောက်ဆုံးမှာတော့ မြေအောက်မှာ မြှုပ်ထားသော ခေါင်းတလား ပေါ်လာလေသည်။





ထိုသို့ပေါ်လာသည်နှင့် အပုပ်နံ့များကလည်း လှိုက်ထွက်လာလေသည်။

ခေါင်းပေါ်လာသောအခါ ဦးကံသာကိုယ်တိုင် မြေကျင်းထဲ ဆင်းပြီး ခေါင်းအဖုံးကို ဖွင့်လေသည်။

သံကလော် မပါဘဲ တူရွင်း၊ ပေါက်ပြားများဖြင့်သာ ဖွင့်ရသောကြောင့် တော်တော်နှင့် ဖွင့်မရပေ။

နောက်ဆုံးမှာတော့ ခေါင်းပျဉ်များကို ရိုက်ချိုးတော့မှ ပွင့်သွားလေသည်။

ထိုအခါ ပုတ်ပွနေပြီဖြစ်သော ဦးလပဝီအလောင်းက ပေါ်လာလေသည်။

အပုပ်နံ့များက မခံနိုင်အောင်ဖြစ်နေသောကြောင့် ခေါင်းပေါင်းလာသောပုဆိုးများဖြင့် နှာခေါင်းပါးစပ်တို့ကို စည်းထားရလေသည်။

အလောင်းပေါ်လာသောအခါ ဦးကံသာက ကျန်နှစ်ယောက်ကို နံဘေးဖယ်စေပြီး သူကိုယ်တိုင် ကျင်းထဲသို့ ဆင်းသည်။

ကျင်းမှာ လူတစ်ကိုယ်စာ ဝင်သာရုံသာ ကျယ်သဖြင့် အလောင်းပေါ်မှာ ခွထိုင်မှ လွတ်လေသည်။

ဦးကံသာမှာ လောဘဇော တက်နေသောကြောင့် အခြားထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ဓါးဖြင့် ရင်ဘတ်ကို ခွဲရန် ဟန်ပြင်လိုက်သည်။

ထိုအခြေအနေသည် ဦးလပဝီအလောင်းနှင့် မျက်နှာချင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်အနေအထားမျိုးဖြစ်နေသည်။

သူက အလောင်းကို ရင်ခွဲရန် ပြင်နေချိန်မှာ အလောင်း၏မျက်စိနှစ်ဖက်က ဖျတ်ကနဲ ပွင့်လာသည်။

မီးရောင်ဖြင့် အရောင်လက်သွားသည်ကို မြင်လိုက်ရတော့ စိတ်ထဲမှာ ထိတ်ကနဲဖြစ်သွားသည်။

သူ့မျက်စိက သိပ်မကောင်းသဖြင့် အမြင်များ မှားလေရော့သလားဟု နောက်တစ်ကြိမ် ပြန်ကြည့်လိုက်တော့ မျက်စိနှစ်လုံးက ပိတ်မြဲပိတ်နေလေသည်။

သို့ကြောင့် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ အလောင်း၏ရင်ဘတ်ကို ဓါးဖြင့် ခွဲ၍ ပတ္တမြားကို ရှာလေသည်။

သို့သော်လည်း တော်တော်နှင့် မတွေ့ဘဲ ရှိနေလေရာ ဟုတ်မှဟုတ်ရဲ့လားဟုပင် သံသယ ဖြစ်မိလေသည်။

"ငါကတော့ အိပ်မက်မက်တာကို တကယ်ထင်ပြီး လုပ်နေတာ ပတ္တမြားမရဘဲ ငွေတစ်သောင်းတော့ ဆုံးရတော့မယ် ထင်ပါရဲ့"

ဟု သွေးရူးသွေးတန်း တွေးကာ ပုတ်နေပြီဖြစ်သော အလောင်း၏ရင်ဘတ်တစ်ခုလုံးကို ဓါးဖြင့် ခွဲကာ လက်ဖြင့် စမ်း၍ ပတ္တမြားကို ရှာလေသည်။

ထိုအချိန်မှာပင် အဝေးမှ အူလိုက်သော ခွေးအူသံများကလည်း တဖြည်းဖြည်းနှင့် နီးလာသလို ရှိလေသည်။

ရင်ဘတ်တစ်ခုလုံး ဖွင့်ပြီး နေရာအနှံ့ ရှာသော်လည်း ပတ္တမြားနှင့် တူတာဆိုလို့ ကျောက်ခဲတစ်လုံးမှ မတွေ့ရဘဲ ရှိနေ





စဉ် သူ့လက်တစ်ဖက်က အလောင်း၏လည်ပင်းတစ်နေရာသို့ ထောက်မိသွားသည်။

ထိုနေရာမှာ မာကျောသည့်အလုံးတစ်လုံး ရှိနေမှန်း သိသောအခါ လည်ပင်းတဝိုက်ကို ဓါးဖြင့် ခွဲထုတ်လိုက်သောအခါ သွေးပုတ်ရည်များနှင့် ရောနေသော ဗိဝရက္ခာပတ္တမြားကို တွေ့ရလေသည်။

"သူ အိပ်မက်လာပေးတာ မှန်သားပဲ၊ ပတ္တမြားက သူ့လည်ချောင်းမှာ တစ်နေတာကိုး"

ဟု တွေးကာ ပတ္တမြားကို ယူပြီး တွင်းပေါ် ပြန်တက်ရန် ဟန်ပြင်လိုက်သည်။

ထိုအခိုက်မှာပင် မမျှော်လင့်သော အဖြစ်အပျက်တစ်ခုက ပေါ်လာလေတော့သည်။

အခြားမဟုတ်ပေ. . .။

ဦးလဝီ၏လက်တစ်ဖက်က မြောက်တက်လာပြီး ဦးကံသာ၏လက်တစ်ဖက်ကို ဆုပ်ကိုင်ထားလေတော့သည်။ ထိုအခြေအနေကြောင့် ဦးကံသာမှာ မျက်လုံးပြူးသွားသည်။ ကြောက်ရွံ့စိတ်ကလည်း အမြင့်ဆုံး ရောက်သွားလေသည်။

သူသည် ကြောက်ကြောက်လန့်လန့်ဖြင့် လက်ကို ဆောင့်ရုန်းသော်လည်း ဆွဲထားသောလက်တစ်ဖက်က မလွှတ်ပေ။

"ငါ့ကို ကယ်ကြပါဦး. . . လုပ်ကြပါဦးဟ"

ဟု အသံနက်ကြီးဖြင့် အော်လိုက်သည်။

www.burmeseclassic.com



"ဘာဖြစ်လို့လဲ ဦးကံသာ"

"ငါ့ကို အလောင်းက လက်ကို ဆွဲထားတယ်ဟ. . . လုပ်ကြပါဦး"

"ဟာ. . . ဒါဖြင့် အပမှီပြီနဲ့တူတယ်၊ သူ့လက်ကိုသာ ဓါးနဲ့ ဖြတ်လိုက်တော့ဗျာ"

ဟု အပေါ်မှ တစ်ယောက်က အော်ပြောလိုက်သဖြင့် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ လက်ထဲမှ ဓါးကို မြှောက်ကာ ခုတ်ဖြတ်လိုက်သည်။

ဒါကပင် ဦးကံသာအမှား ဖြစ်တော့သည်။

တွင်းက ကျဉ်းနေပြီး ဓါးရိုးက ရှည်နေသဖြင့် သူ ခုတ်ဖြတ်လိုက်သောအချိန်ဖြင့် ဓါးရိုးက တွင်းနံရံကို ထောက်ကာ ဟန်ချက်ပျက်သွားသည်။

ဓါးသွားက ဦးလဝီလက်ကို မခုတ်မိဘဲ သူ့လက်ကောက်ဝတ်ကို ခုတ်မိသွားရာ တိကနဲ ပြတ်ကျသွားလေတော့သည်။

"အား. ."

"ဘာဖြစ်တာလဲ. . . ဘာဖြစ်တာလဲ"

"ငါ့လက် ဓါးနဲ့ ထိပြီး ပြတ်သွားပြီဟ"

ထို့နောက်မှာတော့ အပေါ်က နှစ်ယောက်က ဦးကံသာကို ခက်ခက်ခဲခဲ ဆွဲတင်ကြရလေသည်။

တွင်းပေါ် ပြန်ရောက်သောအခါ သွေးများ ဒလဟော ထွက်နေသောကြောင့် ပုဆိုးများဖြင့် ပတ်စည်းထားရသည်။





ထို့နောက်မှာတော့ ဦးလဝီအလောင်း ရှိသောမြေကျင်းကို မူလအနေအထားအတိုင်း ပြန်ဖို့ထားခဲ့ပြီး သုသာန်အတွင်းမှ အလျှင်အမြန် ပြန်ထွက်ခဲ့ကြလေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com





**အခန်း [ ၉ ]**

# သုသာန်မြေမှ သဲလွန်စများ

နောက်ထပ်တစ်ပတ်ခန့်ကြာသောအခါ ဦးကံသာ နေ
သို့ ဧည့်သည်တစ်ယောက် ရောက်လာပြန်သည်။

ထိုအချိန်မှာ ဦးကံသာ၏လက်မှ ဒဏ်ရာမှာ မသက်သာ
သောကြောင့် ပတ်တီးအဖွေးသားနှင့် နေရသောအချိန်ဖြစ်
ည်။ ဦးကံသာအိမ်သို့ ရောက်လာသောဧည့်သည်မှာ အခြား
မဟုတ်ပေ။

ဒေါက်တာမင်းထင်ကျော်ပင်ဖြစ်လေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်နာမည်က မင်းထင်ကျော်လို့ ခေါ်ပါတယ် ရန်ကုန်က လာတဲ့ ကျောက်ကုန်သည်တစ်ယောက်ဖြစ်ပါတယ်"

"ကျုပ်ဆီကို ဘာအတွက် ရောက်လာတာလဲဟင်"

"တခြားတော့ မဟုတ်ပါဘူး၊ ဦးရဲ့အိမ်မှာ ပတ္တမြား တစ်လုံး ရောင်းဖို့ ပါလာတဲ့ဈေးသည်တစ်ယောက် ရောက်နေတယ်လို့ သတင်းပေးလိုက်ကြလို့ လာပြီးစုံစမ်းကြည့်တာပါ"

ထိုစကားကြားသောအခါ ဦးကံသာမှာ မျက်စိမျက်နှာ ပျက်သွားလေသည်။

"ဘယ်သူကများ လမ်းညွှန်ပေးလိုက်ပြန်ပြီလဲ မသိပါဘူး၊ မောင်ရင်ပြောတဲ့ ပတ္တမြားရောင်းဖို့ လာတဲ့ အဘိုးကြီးတစ်ယောက် ကျုပ်ရဲ့အိမ်မှာ လာပြီးတည်းသွားတာတော့ အမှန်ပါပဲ ဒါပေမယ့် အခု သူက မရှိတော့ဘူး"

"ဘယ်ရောက်သွားလို့လဲ"

"လွန်ခဲ့တဲ့တစ်လနီးပါးလောက်က သူရောက်လာတယ် သူ့မှာ အရည်အသွေးကောင်းတဲ့ ကျောက်နီတစ်ပွင့်လည်း ပါလာတယ်၊ ကျုပ်ကို ဝယ်ဖို့ပြောတော့ ကျုပ်လည်း မဝယ်နိုင်တာနဲ့ နောက်ထပ် တခြားက ဝယ်နိုင်မယ့်သူ ရောက်လာရင် စပ်ပေးမယ်ဆိုပြီး အိမ်မှာပဲ ခေါ်ထားခဲ့တယ်၊ တစ်ညမှာတော့ အဝတ်နက်တွေ ခြုံထားတဲ့ ဓါးပြဂိုဏ်းသားတွေ ရောက်လာပြီး သူ့ကို သတ်သွားကြလို့ သေရှာပြီလေ"

ဟု ဖြစ်စဉ်ကို အကျဉ်းချုပ်ကာ ပြောပြလေသည်။

"သူသေသွားပြီဆိုတော့ သူနဲ့ ပါလာတဲ့ပတ္တမြား





ဘယ်ရောက်သွားပြီလဲ"

"ကျုပ်တော့ မသိဘူး၊ ဓါးပြတွေလက်ထဲ ပါသွားပြီလို့ ထင်တာပဲ"

ဟု မတင်မကျ ပြန်ပြောလိုက်သည်။

ထိုသို့ပြောနေရင်း လက်ကောက်ဝတ်မှ ပြုတ်ကာ ငုံးတိဘိ ဖြစ်နေသော ဦးကံသာ၏လက်တစ်ဖက်မှ ဒဏ်ရာကို ဒေါက်တာမင်းထင်ကျော်က သတိပြုမိသွားသည်။

"ဦးလက်က ဒဏ်ရာက အတော်များပုံရတယ်. . . ဘာဖြစ်တာလဲဟင်"

"ဓါးထိတာပါ"

"လူဆိုးတွေနဲ့ တိုက်ခိုက်ရင်း ရတဲ့ ဒဏ်ရာများလား"

"ဟုတ်. . ဟုတ်ပါတယ်"

ဦးကံသာက စကားကို မြန်မြန်ပြတ်စေလိုသော သဘောဖြင့် အလိုက်သင့် ပြောလိုက်လေသည်။

ထိုအခါ ဒေါက်တာမင်းထင်ကျော်က ပခုံးမှာ လွယ်လာသော သားရေအိတ်ကို ကြမ်းပေါ်သို့ ချကာ ဇစ်ကို ဆွဲဖွင့်လိုက်သည်။

ဇစ်ဟသွားသောအခါ အတွင်းမှာ ထည့်ထားသော ငွေစက္ကူအထပ်များကို မြင်ရလေသည်။

ဒေါက်တာမင်းထင်ကျော်က အိတ်ထဲမှ စီးကရက်ဘူးကို ထုတ်ယူပြီး အိတ်ကို ပြန်ပိတ်လိုက်သည်။ ပြီးမှ စီးကရက်တစ်လိပ်ကို ထုတ်ယူပြီး မီးညှိဖွာလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း ကျောက်အရောင်းအဝယ်ကိစ္စနဲ့ ဒီမြို့ကို ရောက်လာပြီး သတင်းကြားတာနဲ့ ဒီကိုရောက်လာတာပါ။ အခုလို ကြားရတာ စိတ်မကောင်းပါဘူး၊ ဒါပေမယ့် ဦးကိုတော့ တစ်ခုလောက် အကူအညီတောင်းချင်ပါတယ်"

"ဘယ်လိုအကူအညီပေးရမလဲ ပြောပါ"

"ကျွန်တော်က ကျောက်ဝယ်ဖို့ လာတာဆိုတော့ ငွေတွေလည်း ပါလာပါတယ်၊ တခြားသွားနေတဲ့အဖော်တွေ မလာခင် ဒီမှာပဲ တစ်ရက်နှစ်ရက်လောက် တည်းပါရစေ"

ထိုသို့ပြောသောအခါ ဦးကံသာမှာ လက်ခံချင်စိတ် မရှိသော်လည်း ထိုသို့လက်မခံပါက သူ့အပေါ်မှာ တစ်မျိုးထင်သွားမည်စိုးသောကြောင့် ဟန်မပျက် လက်ခံလိုက်ရလေသည်။

"တည်းမယ်ဆိုရင်လည်း တည်းနိုင်ပါတယ်၊ ဒါပေမယ့် တစ်ခုတော့ ကြိုတင်မှာထားပါရစေ၊ ဒီအရပ်က သူခိုးဓါးပြတွေ ရဲတင်းကြလေတော့ သတိဝီရိယနဲ့ နေဖို့တော့ ကြိုပြောပါရစေ"

"ရပါတယ်. . . ကျွန်တော် သတိနဲ့ နေပါ့မယ်"

ဟု ပြောကာ ဒေါက်တာမင်းထင်ကျော်မှာ ဦးကံသာအိမ်မှာပင် တည်းခိုနေလေသည်။

ပထမတစ်ရက်မှာ အခြေအနေ မထူးပေ။

ဒုတိယညမှာတော့ သူမျှော်လင့်ထားသလို အန္တရာယ်များ ရောက်လာလေတော့သည်။

ညအချိန်တွင် တစ်ကိုယ်လုံး အဝတ်မည်းများ ခြုံထားသောလူဆိုးများ ခြံဝန်းအတွင်းသို့ လျှို့ဝှက်စွာ ဝင်လာကြသည်။





စုပေါင်း ငါးယောက်ခန့် ရှိသည်။

၎င်းတို့သည် ဦးကံသာအိပ်ခန်းသို့ အရင်သွားကြလေသည်။ သို့သော် ဦးကံသာကို မတွေ့ရပေ။

ဦးကံသာမှာ ဦးလဝီ သေဆုံးပြီးကတည်းက ညအချိန်ရောက်လာသောအခါ ကောင်းစွာမအိပ်ဘဲ သတိနှင့် စောင့်နေတတ်ရာ ၎င်းတို့ ဝင်လာမှန်း သိသည်နှင့် လျှို့ဝှက်စွာ ထွက်ပြေးသွားလေသည်။

အိမ်ပေါ် ရောက်လာသူများမှာ ဦးကံသာကို မတွေ့ရသဖြင့် ဒေါက်တာမင်းထင်ကျော်အခန်းဘက်သို့ ကူးလာကြရာ သူ့ကို မတွေ့ရဘဲ အခန်းထောင့်မှာ ချထားသောအိတ်ကိုသာ တွေ့ကြရသည်။ ထိုအိတ်ကို ခေါင်းဆောင်လုပ်သူက ဖွင့်ကြည့်သည်။ အတွင်းမှာ ထည့်ထားသော ငွေစက္ကူများ တွေ့သော်လည်း မယူပေ။

သူတို့လိုချင်သောပစ္စည်း ရှိမရှိ ရှာဖွေကြည့်ပြီး မရှိမှန်းသိသောအခါ အိတ်ကို ပြန်ပိတ်လိုက်လေသည်။ ထိုသို့ရှာဖွေနေစဉ် အမြင်ဘက်မှ ဆူဆူညံညံအသံများ ပေါ်ထွက်လာသည်။

ဦးကံသာ အကြောင်းကြားသဖြင့် တုတ်ဓါးလက်နက်များ ကိုင်ဆောင်ထားကြသည့် ပတ်ဝန်းကျင်မှ လူများ အိမ်ရှေ့ဘက်မှ ဝင်လာကြလေသည်။

ထိုအခါ အဝတ်မည်းများ ခြုံထားသူများက နောက်ဖေးဘက်မှ တစ်ယောက်ပြီးတစ်ယောက် ဆင်းကာ လူစုခွဲကာ ထွက်သွားကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်က အိမ်အနောက်ဖက် အမှောင်ရိပ်တစ်နေရာမှာ ကပ်နေပြီး အခြေအနေကို စောင့်ကြည့်နေလေသည်။

အိမ်ရှေ့မှ လူများ ဝင်လာသည်ကို လှမ်းမြင်ရုံမက အိမ်ပေါ်မှ လူဆိုးများ တစ်ယောက်ပြီးတစ်ယောက် ခုန်ဆင်းလာပြီး လူစုခွဲကာ အမှောင်ထဲသို့ ပြေးဝင်သွားကြပုံများကိုလည်း ဝိုးတဝါး လှမ်းမြင်နေရသည်။ ထိုအခိုက်မှာပင် သူပုန်းကွယ်နေသော သစ်ပင်ရိပ်အောက်သို့ လူဆိုးတစ်ယောက် ပြေးလာသည်။ အနားရောက်သည်နှင့် တားဆီးရန် အပြင်သို့ ခုန်ထွက်လိုက်သည်။

လူဆိုးက အသင့်ပါလာသောဓါးဖြင့် တိုက်ခိုက်သော်လည်း အချိန်အနည်းငယ်အတွင်းမှာပင် ဓါးကိုင်ထားသောဓါး လွတ်ကျသွားပြီး ဒေါက်တာမင်းထင်ကျော်၏ဖမ်းချုပ်ခြင်းကို ခံလိုက်ရသည်။

"အိုး. . ."

ထိုအသံကြားတော့မှ သူဖမ်းမိထားသူမှာ ယောကျ်ားတစ်ယောက် မဟုတ်ဘဲ မိန်းကလေးတစ်ယောက်ဖြစ်မှန်း သိလိုက်ရသည်။

"ဒီလောက်ဖက်ထားမှတော့ အသက်ရှူကျပ်ပြီးသေတော့မယ်. . . လွှတ်ပါရှင်"

"မင်းဘယ်သူလဲ"

"ရှင်ကရော ဘယ်သူလဲ"





"ငါက ရန်ကုန်က လာတဲ့ဧည့်သည်တစ်ယောက်ပဲ"

"ဘာကိစ္စနဲ့ ဒီရောက်နေတာလဲ"

"အဲ့ဒါ ငါမေးရမယ့်မေးခွန်းပဲ၊ မင်းတို့ ဒီကို ဘာအတွက်ကြောင့် လာကြတာလဲ၊ ဇီဝရက္ခာပတ္တမြားအတွက် လာကြတာမဟုတ်လား"

"ဒီအကြောင်းတွေ ရှင်ဘယ်လိုသိနေတာလဲ"

"ဒီလိုပဲ စုံစမ်းရင်း သိရတာပေါ့"

"ရှင်က ပုလိပ်ဘက်က လူတစ်ယောက်လား"

"မဟုတ်ပါဘူး. . . ဒါ တလောက ကရင်အဖိုးကြီးကို သတ်လိုက်တာ မင်းတို့လက်ချက်ပဲ မဟုတ်လား"

"ဒါက သတ်ချင်လို့ သတ်ရတာ မဟုတ်ပါဘူး၊ သူက ခံဖို့ ကြံစည်တာနဲ့ လက်လွန်သွားတာပါ။ ဒါထက် ရှင်ရောဒီကိုရောက်နေတာ ဇီဝရက္ခာပတ္တမြားအတွက်ပဲ မဟုတ်လား"

"ဟုတ်တော့ဟုတ်တယ်. . . ဒါပေမယ့် ကိုယ့်ကျိုးအတွက် လာရှာတာတော့ မဟုတ်ဘူး"

သူ့ရင်ခွင်ထဲမှ မိန်းကလေးက စောစောကလောက် ရုန်းကန်ခြင်း မပြုတော့ဘဲ ငြိမ်ကျသွားလေသည်။

"မင်းနာမည် ဘယ်သူလဲ"

"စာမရီ"

"ဟင်. . စာမရီ. . ဟုတ်လား"

"ဟုတ်တယ်"

"ငါ မင်းနဲ့ ထပ်တွေ့ချင်သေးတယ်. . . ဘယ်လိုတွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



မလဲ"

"ကျွန်မနဲ့ တွေ့ချင်ရင် မနက်ဖြန်ညနေပိုင်းအချိန်မှာ မြို့ပြင်ဘက်မှာ ရှိတဲ့ လိမ္မော်ခြံကို လာခဲ့ပါ။ ခြံဝမှာ စာမရီအရုပ် ရေးထားတယ်၊ ခြံစောင့်က မေးတဲ့အခါ စာမရီနဲ့ တွေ့ဖို့ဆိုရင် သူလိုက်ပို့ပေးလိမ့်မယ်"

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က သူမကို လွှတ်ပေးလိုက်သည်။

မျက်နှာကို အဝတ်နက် ဖုံးထားသော စာမရီဆိုသော မိန်းကလေးက သူ့မျက်နှာကို အသေအချာ စိုက်ကြည့်ပြီးနောက် မြေပေါ်မှာ ကျနေသောဓါးကို ပြန်ကောက်ယူပြီး အမှောင်ထဲသို့ ပြေးဝင်သွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော် အိမ်ပေါ်သို့ ပြန်တက်လာသောအခါ ဦးကံသာနှင့် တွေ့ရသည်။

"ကျုပ်ပြောတယ်မဟုတ်လား၊ ဒီအရပ်က သူခိုးဓါးပြတွေ ပေါတယ်ဆိုတာ ယုံပြီမဟုတ်လား၊ အခုတော့ ခင်ဗျားရဲ့ ငွေထုပ်ကြီး လူဆိုးတွေနောက် ပါသွားပြီမဟုတ်လား"

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က သူနေသည့်အခန်းထဲသို့ ဝင်၍ အခြေအနေကြည့်သောအခါ သူချထားသည့် ငွေအိတ်မှာ ခြေရာလက်ရာမပျက် ရှိနေသေးသည်ကို တွေ့ရသည်။

ထိုအကြောင်းကို ဦးကံသာ သိသောအခါ များစွာအံ့သြနေဟန်ရှိသည်။





"လူဆိုးဓါးပြတွေက ပစ္စည်းလုဖို့ လာကြပြီးမှ ငွေအိတ်ကို မယူဘဲ ထားခဲ့တာကတော့ အံ့သြစရာပဲ"

ဟု တဖွဖွ ပြောနေလေသည်။

"ငွေမလိုချင်ဘူးဆိုတော့ သူလိုချင်တဲ့ပစ္စည်းတစ်ခုခု ဒီအိမ်မှာ ရှိနေလို့ ဖြစ်မှာပေါ့ဗျာ"

ဟု ပြောလိုက်ရာ ဦးကံသာမှာ မျက်စိမျက်နှာပျက်သွားလေသည်။

ဒေါက်တာမင်းထင်ကျော်က ဘာမှဆက်မပြောတော့ဘဲ ၎င်းပစ္စည်းတွေကို သိမ်းဆည်းနေလေသည်။

"ခင်ဗျားသွားတော့မှာလား"

"ကျွန်တော့်ကို အခုလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ်ဗျာ"

ဟု ပြောကာ အမှောင်ထဲသို့ ထွက်သွားလေသည်။ သူသည် မြို့လယ်တစ်နေရာမှာ ရှိသော တိုက်အိမ်ဟောင်း ရှိရာသို့ သွားလေသည်။

ထိုအိမ်မှာ ၎င်းတို့ တည်းခိုရန်အတွက် နယ်ခံမိတ်ဆွေတစ်ယောက် ငှားရမ်းပေးထားသောအိမ်ဖြစ်ပေသည်။

၎င်းနေရာ၌ ဦးဇန်ကောင်း၊ ငမဲအောင်၊ စောထီး၊ စာရေးဆရာ အောင်မင်းအောင်တို့ ရှိကြလေသည်။

ဒေါက်တာမင်းထင်ကျော် ပြန်ရောက်လာတာ မြင်တော့ အားလုံးက အံ့သြနေကြလေသည်။

"မောင်ထင်ကျော် ပြန်လာပြီလား၊ အခြေအနေကရော



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုရှိသလဲ"

"ပတ္တမြား ယူသွားတဲ့ ဦးလဝီကတော့ သေရှာပြီ၊ သူနဲ့ ပတ်သက်တဲ့ ဦးကံသာဆိုတဲ့လူကလည်း လက်တစ်ဖက် ပြတ်နေတာ တွေ့ခဲ့ရတယ်"

"ဘာကြောင့်တဲ့လဲ"

"အသေအချာတော့ မသိခဲ့ရဘူး၊ ဒါပေမယ့် ဇီဝရက္ခာ ပတ္တမြားနဲ့ ပတ်သက်တာတော့ ဖြစ်နိုင်တယ်"

"ပတ္တမြားက အခု ဘယ်ရောက်သွားပြီလဲ"

"အခုထိတော့ စုံစမ်းလို့ မရသေးဘူး၊ ဒါပေမယ့် ပတ္တမြားနဲ့ ပတ်သက်တဲ့အကြောင်းတွေကိုတော့ ဦးကံသာက သိထားပုံရတယ်"

"ဒါဖြင့် ဘယ်လိုဆက်လုပ်ကြမလဲ"

"ညနေပိုင်းရောက်ရင် စာမရီနဲ့ သွားတွေ့ရမယ်"

"စာမရီဆိုတာ ဘယ်သူလဲ"

"စာမရီဆိုတာ မိန်းကလေးတစ်ယောက်ရဲ့နာမည်ပဲ၊ သူလည်း ဇီဝရက္ခာ ပတ္တမြားနောက်ကို ခြေရာခံ လိုက်နေတဲ့အဖွဲ့ပဲ"

ဒေါက်တာမင်းထင်ကျော်က စာမရီနှင့် ပတ်သက်သော အဖြစ်အပျက်အချို့ကို အားလုံးသိအောင် ပြောပြလိုက်သည်။

နေ့လယ်ပိုင်းအချိန်လောက်တွင် နယ်ခံမိတ်ဆွေရောက်လာပြီး ထူးခြားသောသတင်းတစ်ခုကို လာပြောပြသည်။

"မြို့စွန်ဘက်က အရက်ဆိုင်မှာ လူတစ်ယောက် အရက်မူးလွန်ပြီး ပြောမိပြောရာတွေ ပြောနေတယ်၊ သူပြောနေတဲ့ စကားတွေ ကြားရတာ ကြောက်စရာပဲ"

"ဘာတွေများလဲဗျ"

"သူသာန်က လူသေကောင်ကြီးက လက်ပြတ်ကြီး တစ်ဖက်ကိုင်ပြီး ညတိုင်း သူ့ဆီ လာနေသတဲ့ဗျ"

"ဟင် . . အဲ့ဒီလူက ဘယ်မှာလဲ"

"အခု အရက်ဆိုင်မှာပဲ ရှိသေးတယ်"

"အရက်ဆိုင်ကရော အဝေးကြီးလား"

"မဝေးလှပါဘူး . . ခင်ဗျားသွားရင် လိုက်ပို့ပေးပါ့မယ်"

ဟု ပြောကာ သူကိုယ်တိုင် စက်ဘီးနှင့် လိုက်ပို့ပေးသည်။

အရက်ဆိုင်ရောက်တော့ အရက်မူးလွန်ပြီး ဝူးဝူးဝါးဝါး ပြောနေသော လူတစ်ယောက်ကို တွေ့ရသည်။

"သူ့နာမည်က စိန်မြလို့ ခေါ်တယ်၊ လက်လုပ်လက်စား တစ်ယောက်ပါပဲ၊ တလောက သချိုင်းကုန်းကို အချိန်မတော်ကြီးမှ ဘာသွားလုပ်ကြသလဲ မသိပါဘူး၊ ပြန်လာကတည်းက သရဲစီးသလို ဖြစ်ပြီး အခုလို ပြောချင်တာတွေ ပြောနေတော့တာပါပဲ"

ဆိုင်ရှင်က ပြောပြသည်။

ဒေါက်တာမင်းထင်ကျော်က စိန်မြ ထိုင်နေသောခုံ ရှိရာသို့ သွားပြီး ရှေ့မှာ ဝင်ထိုင်လိုက်သည်။ ထို့နောက် ဆိုင်ရှင်ကို အရက်တစ်ပုလင်း မှာလိုက်သဖြင့် လာချပေးသည်။

အရက်ပုလင်းမြင်တော့ စိန်မြ ခေါင်းထောင်ကြည့်




☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



သည်။

"ထပ်သောက်ဦးမလား"

စိန်မြက ခေါင်းညိတ်ပြသည်။

"ဒါဖြင့် မင်းဘယ်လိုကြောက်စရာကောင်းတဲ့ အဖြစ်အပျက်တွေနဲ့ တွေ့လာရတယ်ဆိုတာ ပြောပြမလား"

စိန်မြက ရီဝေနေသောမျက်လုံးဖြင့် ကြည့်ကာ. . .

"ခင်ဗျားက ပုလိပ်တစ်ယောက်လား"

ဟု အာလေးလျှာလေးဖြင့် မေးလိုက်သည်။

"ငါက ပုလိပ်မဟုတ်ပါဘူး၊ ကြောက်စရာကောင်းတယ်ဆိုတာတွေကို မယုံကြည်လို့ မေးတာပါ"

ထိုအခါ စိန်မြက ခေါင်းကို ခါယမ်းလိုက်သည်။

"ဒီလိုပြောတာ ကြောက်စရာကောင်းတာမျိုးနဲ့ မတွေ့ရသေးလို့ ပြောနိုင်တာပါ။ ကျုပ်တို့ တွေ့သလိုမျိုးသာ တွေ့ခဲ့ရရင် အသက်တောင် ထွက်သွားဦးမယ်"

ဒေါက်တာမင်းထင်ကျော်က တစ်ချက်ပြုံးလိုက်သည်။ ပြီးမှ အရက်ပုလင်းကို စိန်မြရှေ့သို့ တိုးပေးလိုက်သည်။

"ရော့. . . သောက်ပါ။ မင်းကြုံခဲ့ရတဲ့အကြောင်းကို ပြောပြရင် နောက်ထပ်တစ်ပုလင်း ထပ်ဝယ်ပေးခဲ့ဦးမယ်"

ဟု ပြောသည်နှင့် ပုလင်းကို ဖွင့်ပြီး အရက်တစ်ခွက်ငှဲ့ထည့်ပြီး မော့သောက်လိုက်သည်။

ပြီးမှ ဦးကံသာ ခေါ်သဖြင့် သချိုင်းကို လိုက်သွားခဲ့ရသောအကြောင်းများကို ပြောပြလေတော့သည်။

☺ အောင်မြင်စာပေ ☺



စကားဆုံးသောအခါမှ မေးလိုက်သည်။

"ဒါဖြင့် ဦးကံသာလက်တစ်ဖက်က တွင်းထဲမှာ ပြတ်ကျန်ခဲ့တာပေါ့နော်"

"ဟုတ်တယ်. . . သူ့ဓါးနဲ့သူ ပြန်ခုတ်မိတာ၊ နောက်ပြီး မသာကောင်ကြီးကလည်း သူ့လက်ကို အတင်းဆွဲထားတာကိုး ဗျ"

"ဒါထက် ဦးကံသာက အဲဒီမှာ ဘာသွားလုပ်တာလဲ"

"မသိပါဘူးဗျာ. . . မသာကောင်ကြီးကို ဖော်ပြီးတော့ ခေါင်းဘတ်ကို ခွဲပြီးရှာနေတာပဲ တွေ့ရပါတယ်၊ ဘာတွေ ရှာနေသလဲတော့ မသိပါဘူး"

ထိုသို့ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်လည်း ထိုအကြောင်းကို ဆက်မမေးတော့ပေ။

"အဲဒီနောက်ပိုင်း ဘယ်လိုကြောက်စရာကောင်းတာတွေ ဆက်ပြီးတွေ့ရသေးလို့လဲ"

စိန်မြက နောက်ထပ်အရက်တစ်ခွက် မော့သောက်ပြီးမှ ဆက်ပြောပြသည်။

"ညအချိန်ရောက်လာရင် လက်ပြတ်ကြီးတစ်ဖက် ကိုင်ထားတဲ့ မည်းမည်းသဏ္ဌာန်ကြီးက ကျုပ်နောက်ကို တကောက်ကောက် လိုက်နေတော့တာပါပဲဗျာ၊ မဟုတ်ကာမှလွဲရော. . . ဦးကံသာ သွားတူးခဲ့တဲ့အလောင်းကြီးများ ထလာသလား မသိပါဘူး"

ဟု ပြောနေလေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်လည်း သိချင်နေသော အကြောင်းများကို သိရပြီမို့ နောက်ထပ်အရက်တစ်ပုလင်း ထပ်မှာပြီး စိန်မြရှေ့သို့ ချပေးခဲ့ပြီးနောက် အရက်ဆိုင်အတွင်းမှ ပြန်ထွက်ခဲ့လေသည်။

သူထွက်သွားသောအချိန်မှာ အရက်ဆိုင်နှင့် မလှမ်းမကမ်းမှာ ရှိသော သစ်ပင်ကွယ်တစ်နေရာမှ လူတစ်ယောက်က စောင့်ကြည့်နေလေသည်။

ထိုလူမှာ ရုပ်ဖျက်ထားသောကြောင့် မည်သူမည်ဝါမှန်း မသိရပေ။

ဒေါက်တာမင်းထင်ကျော် ထွက်သွားပြီး အတော်ဝေးဝေး ရောက်သွားတော့မှ ပုန်းကွယ်နေသူက သစ်ပင်ကွယ်မှ ထွက်လာပြီး အရက်ဆိုင်အတွင်းသို့ ဝင်သွားလေတော့သည်။





အခန်း[ ၁၀ ]

# ပျူဘုရင်မ စာမရီ၏ကျိန်စာ

ညနေစောင်း နေဝင်စအချိန်မှာပင် ဒေါက်တာမင်းထင်ကျော်သည် သေနတ်တစ်လက်ကို အဆင်သင့် ယူဆောင်ပြီးနောက် စာမရီ ချိန်းထားသည့် လိမ္မော်ခြံ ရှိရာသို့ သွားလေသည်။

လမ်းညွှန်ပေးသွားသောနေရာမှာ မြို့စွန်ဘက်တစ်နေရာတွင် ရှိလေသည်။

ထိုနေရာတပိုက်မှာ ခြံစိုက်ပျိုးသူများသာရှိပြီး လူသွားသူလာ မရှိသလောက် ရှင်းသောနေရာဖြစ်သည်။ ထိုနေရာ



www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့ စာမရီ လိပ်စာပေးသွားသောခြံကို လိုက်ရှာရာ တစ်နေရာ ရောက်သောအခါ ခြံပေါက်ဝမှာ စာမရီရုပ် ရေးကပ်ထားသောခြံတစ်ခြံ တွေ့ရသည်။

လှမ်းကြည့်လိုက်သောအခါ ခြံဝန်းအတွင်းမှာ လိမ္မော်ပင်များအပြင် အခြားသီးပင်စားပင်များပါ အုံ့အုံ့ဆိုင်းဆိုင်း ရှိနေသည်ကို လှမ်းမြင်ရသည်။

ဟိုးအတွင်းပိုင်းမှာတော့ တိုက်ခံအိမ်ဟောင်းတစ်လုံး ရှိလေသည်။

အောက်ဖက်မှ အနီရောင်အုတ်များဖြင့် ဆောက်ထားပြီး အပေါ်ပိုင်းက ရေနံချေးသုတ်ထားသော ပျဉ်ချပ်များ ကာရံထားသည်။

ဒေါက်တာမင်းထင်ကျော် ခြံပေါက်ဝ ရောက်သွားသောအခါ စောစောက လှမ်းကြည့်စဉ်က မမြင်ရဘဲ သူ့အနားရောက်တော့မှ သစ်ပင်များအနောက်ဘက်မှ လူနှစ်ယောက် ဘွားကနဲပေါ်လာသည်။

ဘောင်းဘီအနက်၊ အင်္ကျီရင်စေ့အနက်များ ဝတ်ဆင်ထားကာ ကျောဘက်မှာ ဓါးရှည်များ လွယ်ထားကြသည်။

"ဘာကိစ္စရှိလို့လဲ"

တစ်ယောက်က လေသံပြတ်ပြတ်ဖြင့် မေးသည်။

"စာမရီနဲ့ ချိန်းထားလို့ပါ"

"ခင်ဗျားက ပုလိပ်ဘက်က လူတစ်ယောက်လား"

"မဟုတ်ပါဘူး"





"စာမရီနဲ့ ဘယ်လိုပတ်သက်တာလဲ"

"ဇီဝရက္ခ ပတ္တမြားကိစ္စအတွက်ပါ"

ထိုသို့ပြောလိုက်သောအခါ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြပြီး အတန်ကြာတော့ ခြံတံခါး ဖွင့်ပေးသည်။

"ဟိုအိမ်ထဲကို သွားပါ . . သူရှိပါတယ်"

ဟု ပြောလိုက်သောကြောင့် ခြံအလယ်လောက်မှာ ဆောက်ထားသောအိမ် ရှိရာသို့ လာခဲ့လေသည်။

အိမ်တံခါးပေါက် ရောက်သောအခါ လူတစ်ယောက်က တံခါးလာဖွင့်ပေးပြီး အိမ်ထဲသို့ ခေါ်သွားသည်။

အိမ်အတွင်းဘက်မှာတော့ ပျူအမျိုးသမီးများ ဝတ်ဆင်လေ့ရှိသော အဝတ်အစားများ ဝတ်ဆင်ထားသည့် အမျိုးသမီးတစ်ယောက်ကို တွေ့ရသည်။

လိုက်ပို့ပေးသူက ထိုနေရာရောက်သောအခါ နောက်ဘက်သို့ ပြန်လှည့်သွားလေသည်။

ထိုအမျိုးသမီးမှာ အသက်(၂၅)နှစ်အရွယ်ခန့်ရှိပြီး အသားဖြူဖြူနှင့် ချောမောလှပသူတစ်ဦးဖြစ်လေသည်။

မနေ့ညက အမှောင်ထဲမှာလည်းဖြစ်ပြန်၊ အဝတ်နက်များ ခြုံထားသဖြင့် ယခု သူ့မျက်စေ့ရှေ့မှာ တွေ့နေရသည့် အမျိုးသမီးမှာ စာမရီ ဟုတ်မဟုတ် သူ မသိဘဲ ရှိနေလေသည်။

"ကျွန်တော် စာမရီနဲ့ တွေ့ချင်လို့ လာခဲ့တာပါ"

"ကျွန်မ စာမရီပါပဲ . . ထိုင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



သည်တော့မှ သူ့ရှေ့မှာ ရောက်နေသည့်အမျိုးသမီးမှာ စာမရီဖြစ်ကြောင်း သေချာသွားသဖြင့် အသင့်ချထားသော ကုလားထိုင်မှာ ဝင်ထိုင်လိုက်သည်။

စာမရီကလည်း သူနှင့် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်သည်။ ဒေါက်တာမင်းထင်ကျော်က ခေါင်းပေါ်မှာ ဆောင်းထားသော သက္ကလတ်ဦးထုပ်ကို ချွတ်ကာ စားပွဲပေါ်သို့ အသာချ ထားလိုက်သည်။

"ကျွန်တော့်နာမည်က ဒေါက်တာမင်းထင်ကျော်လို့ ခေါ်ပါတယ်၊ ရန်ကုန်က လာတာပါ"

"ဒါထက် ရှင်ထောင်ကျဖူးသလား"

"မကျဖူးပါဘူး. . . ဒါပေမယ့် ဇီဝရက္ခာပတ္တမြားနဲ့ ပတ် သက်ပြီး လူနှစ်ယောက် သတ်မိလို့ ထောင်ကျသွားတဲ့ လူတစ် ယောက်တော့ ရှိပါတယ်၊

သူက ကျွန်တော်နဲ့ ရုပ်ချင်း ခွဲမရအောင် တူတဲ့အပြင် နာမည်ပါ တူတာပါ"

ထိုသို့ ရှင်းပြလိုက်သောအခါ စာမရီက ပါးစပ်ကလေး အဟောင်းသား ဖြစ်သွားလေသည်။

"ရှင် အမှန်ပြောနေတာလား"

"အမှန်ပြောတာပါ. . . ကျွန်တော်လည်း ဒီအကြောင်း ကို သိကာစတုန်းက အတော်ကလေး အံ့သြသွားမိပါတယ်၊ ကျွန် တော်က လူသတ်သမားတစ်ယောက် မဟုတ်ပါဘူး၊ အခက်အခဲ တွေ့တဲ့လူတွေကို တတ်နိုင်သမျှ အကူအညီပေးနေတဲ့ သူတော်





သနသမားပါ"

ထိုစကားကြားအခါ စာမရီမျက်နှာပေါ်မှာ အပြုံးရိပ် တစ်ချက်သမ်းသွားလေသည်။

"ဒါဖြင့် ရှင်က ဇီဝရက္ခာပတ္တမြားနဲ့ ဘယ်လိုပတ်သက် နေတယ်ဆိုတာလည်း ပြောပြပါဦး"

ဒေါက်တာမင်းထင်ကျော်က အိတ်ထဲမှ စီးကရက်ဘူးကို ဖောက်ပြီး အထဲမှ စီးကရက်တစ်လိပ်ကို ယူ၍ မီးညှိဖွာလိုက်ပြီးမှ ထောင်ထဲမှာ မင်းထင်ကျော်ဆိုသောလူက ဦးဗန်ကောင်းကို အကူအညီတောင်းသဖြင့် ဇီဝရက္ခပတ္တမြားကို တွေ့အောင်ရှာ ဖွေ၍ မူလနေရာရောက်အောင် ပြန်ပို့ပေးရန်အတွက် ယခုကဲ့သို့ ရောက်လာခြင်းဖြစ်ကြောင်း ပြောပြလိုက်သည်။

"ရှင်ပြောနေတာတွေက အမှန်ပဲလား"

"ကျွန်တော်က လိမ်ပြောနေတော့ရော ဘာအကျိုးရှိမှာ လဲ၊ ဘာသာရေးနဲ့ သက်ဆိုင်တဲ့ပစ္စည်းဆိုရင် ပတ္တမြားမပြောနဲ့ အကျိုးကြီးတဲ့ ကျောက်စိမ်းတုံးကို ပေးရင်တောင် မယူပါဘူး"

ထိုကဲ့သို့ ပြောတော့မှ စာမရီက ယုံကြည်သွားဟန် ရှိ သည်။ စကားပြတ်သောအချိန်မှာ နောက်ဘက်မှာ ရှိနေ သောလူများကို ပျူဘာသာစကားဖြင့် လှမ်းပြောလိုက်ရာ ခဏ အကြာတော့ အစားအသောက်များ ရောက်လာသည်။ လက်ဖက် သုပ်ကြမ်း၊ နွားနို့၊ မလိုင်ခဲနှင့် သစ်သီးမျိုးစုံတို့ဖြစ်သည်။

"ရှင်ဟာ ကျွန်မတို့အတွက် မိတ်ဆွေကောင်းတစ် ယောက် ဖြစ်နိုင်တာမို့ ဒီအစားအသောက်တွေနဲ့ ဧည့်ခံပေးတာ



www.burmeseclassic.com

www.burmeseclassic.com



ပါ၊ စားပါ သောက်ပါ”

ဟု အနည်းငယ် ဝဲသော်လေသံဖြင့် ပြောလေသည်။

“ကျွန်တော့်အကြောင်းတွေတော့ ပြောပြီးပြီဆိုတော့ ခင်ဗျားတို့အကြောင်းတွေကိုလည်း ပြောပြပါ”

ထိုအခါ စာမရီက သူမနှင့် ပတ်သက်သောအကြောင်း အရာအချို့ကို အောက်ပါအတိုင်း ပြောပြလေသည်။

ရှေးနှစ်ပေါင်းများစွာက ပလ္လင်သုံးဆင့် ရှိသောနေရာ၌ ပျူမြို့ဟောင်းတစ်ခု ရှိခဲ့ဖူးသည်။

ထိုမြို့ကို အုပ်ချုပ်သောဘုရင်မမှာ စာမရီပင်ဖြစ်သည်။ စာမရီဘုရင်မနှင့် ပတ်သက်သည့် ဆွေတော်မျိုးတော်များကို စာမရီ မျိုးနွယ်များဟုပင် ခေါ်ဝေါ်သုံးစွဲကြလေသည်။

ပျူလူမျိုးတို့သည် မြန်မာနိုင်ငံတွင် အဆင့်အတန်းမြင့် သော ယဉ်ကျေးမှု ရှိသည့် လူမျိုးတစ်မျိုးဖြစ်ကြောင်း မှတ်တမ်း များ၌ ဖော်ပြထားကြသည်။

ပျူတို့နှင့် သက်ဆိုင်သောအမှတ်အသားများကို ရွှေဘို နယ်၊ ဟန်လင်းကြီးမှ တောင်ဖက်ပြည်မြို့နယ်အထိ ဒေသတို့တွင် အနှံ့အပြား တွေ့ရှိနိုင်သည်။

နောင်ခေတ် တရုတ်မှတ်တမ်းတို့၌မူ. . .

ပျူနိုင်ငံသည် အရှေ့မှအနောက်သို့ တရုတ်အတိုင်း အတာ လီ(၃,၅၀၀)၊ တောင်မှမြောက်သို့ လီ(၃,၅၀၀)သော် လည်းကောင်း၊ (၅,၀၀၀)သော်လည်းကောင်း ကျယ်၍. . .

အရှေ့ဘက်တွင် ချင်လာ၊





တောင်ဖက်တွင် ပင်လယ်၊

အရှေ့တောင်ဖက်တွင် ယိုးဒယားပြည် မွန်နိုင်ငံဟောင်း ဖြစ်သော ဒွါရဝတီ၊

အနောက်ဖက်တွင် အိန္ဒိယအရှေ့ပိုင်းနှင့် မြောက်ဖက် တွင် နန်ချောင်နိုင်ငံတို့နှင့် အစပ်အထိ ရှိလေသည်။

ပျူနိုင်ငံတွင် လက်အောက်ခံပြည်နယ်(၁၈)နယ် ပါဝင် ပြီး ခံတပ်မြို့(၉)မြို့ ရှိလေသည်။

ပျူနိုင်ငံတွင် အမြဲနေထိုင်သော လူမျိုးပေါင်း(၂၉၈)မျိုး အထိ ရှိလေသည်။

ပလ္လင်သုံးဆင့် ရှိသောဒေသမှာ ပျူနိုင်ငံတော်၏လက် အောက်ခံ ဒေသတစ်ခုဖြစ်ပေသည်။

ပျူနိုင်ငံ ဇာတ်သိမ်းရသော အကြောင်းအရင်းမှာ နန် ချောင်နိုင်ငံမှ ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခြင်းကြောင့် ဖြစ်ပေ သည်။

ခရစ်(၈၃၂)ခုနှစ်တွင် နန်ချောင်တို့သည် ရွှေဘိုနယ် အတွင်းရှိ ပျူမြို့တော်ကို တိုက်ခိုက်သိမ်းယူ လုယက်ပြီးနောက် (၃၀၀၀)ကျော်သော ပျူသုံ့ပန်းတို့ကို ဖမ်းဆီးခေါ်ဆောင်သွားပြီး ယခု ယူနန်ဖူမြို့၌ ထားလေသည်။

ပျူလူမျိုးတို့ အဓိက ယုံကြည်ကိုးကွယ်မှုမှာ ဟိနာယန အယူဝါဒ ဖြစ်သော်လည်း အခြားယုံကြည်ကိုးကွယ်မှုများ လည်း ရှိခဲ့လေသည်။

ပိဿနိုးနတ် ယုံကြည်ကိုးကွယ်မှုများလည်း ရှိခဲ့လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ခရစ်(၈၃၂)ခုနှစ်တွင် နန်ချောင်တို့ ဝင်ရောက်ကျူးကျော်တိုက်ခိုက်သဖြင့် ပျူနိုင်ငံအပါအဝင် ပြည်နယ်မြို့နယ်များလည်း ပါဝင်လေရာ ထိုအထဲတွင် ပလ္လင်သုံးဆင့်မြို့ဟောင်းလည်း ပါဝင်ခဲ့ပေသည်။

ထိုအချိန်က ပလ္လင်သုံးဆင့်မြို့ဟောင်း၌ အုပ်ချုပ်နေသူမှာ စာမရီဘုရင်မဖြစ်သည်။

စာမရီသည် ရုပ်ဆင်းအင်္ဂါ ချောမောလှပရုံမကဘဲ ဘာသာရေးကို လေးစားယုံကြည်မှု ရှိသည့် ပျူမင်းသမီးတစ်ပါးလည်း ဖြစ်ပေသည်။

နောက်ပိုင်း ပျူနိုင်ငံများကို နန်ချောင်တို့ ဝင်ရောက်တိုက်ခိုက်သဖြင့် အတော်များများ ပျက်စီးဆုံးရှုံးမှုများနှင့် ကြုံရသောအခါ ပျူဘုရင်မ စာမရီသည် ၎င်းပိုင်ဆိုင်သော နန်းစဉ်ရတနာများကို လျှို့ဝှက်သောနေရာ၌ ပလ္လင်သုံးဆင့်ခံသော စေတီတစ်ဆူ တည်လေတော့သည်။

ထိုသို့တည်ရာမှာ ဦးစွာ မြေကျင်းကို နက်စွာ တူးပြီးနောက် ရတနာပစ္စည်း အတော်များများကို မြှုပ်နှံလိုက်လေသည်။

ထိုအပေါ်မှ အုပ်ကာ ပလ္လင်တစ်ဆင့်ကို အရင်တည်သည်။ အောက်ခံပလ္လင်၏အကျယ်အဝန်းမှာ (၁၈)တောင် ပတ်လည်ဖြစ်သည်။

ထိုပလ္လင်အပေါ်မှာ (၁၆)တောင်ပတ်လည်ရှိသော ဒုတိယ ပလ္လင်ကို ထပ်တင်သည်။





ပလ္လင်တစ်ဆင့်၏အမြင့်မှာ (၉)ပေရှိသည်။

ဒုတိယပလ္လင်ပေါ်မှာ (၁၄)ပေခန့် ကျယ်ဝန်းသော တတိယ ပလ္လင်ကို ထပ်တင်သည်။

ပလ္လင်သုံးဆင့် တည်ပြီးသောအခါ (၂၇)ပေအမြင့် ရှိပေသည်။ ပလ္လင်သုံးဆင့်ပေါ်မှာ (၉)တောင်ပြည့်စေတီတစ်ဆူ တည်လေသည်။

ဘုရားဌာပနာ ထည့်ရာမှာတော့ ရတနာပစ္စည်းများနှင့်အတူ နန်းစဉ်သုံး 'ဇီဝရက္ခပတ္တမြား' ကိုပါ ထည့်သွင်းလှူဒါန်းခဲ့လေသည်။

ထိုသို့လှူဒါန်းပြီးနောက် ရေစက်ချ အမျှအတန်းဝေပြီး သောစောင့်နတ်၊ တောင်စောင့်နတ်များကို တိုင်တည်၍ ကျိန်စာချခဲ့လေသည်။

"ကျွန်ုပ်လှူဒါန်းခဲ့သော ဇီဝရက္ခာပတ္တမြားကို ယူငင်ဖျက်ဆီးသူတို့မှာ လူ့ပြည်၌ နေရစဉ်မှာ ဘေးအန္တရာယ်ဆိုးများနှင့် တွေ့ကြုံရပြီး နောက်ဆုံး အသက်သေကြေပျက်စီးပါစေသား၊

သေပြီးသောဘဝမှာလည်း ငရဲ၌ မကျွတ်သောဘဝနှင့် နေပါစေသား၊

နောင်နှစ်ပေါင်းများစွာကြာသောအခါ ကျွန်ုပ်၏ ဆွေမျိုးဆက်များသည် ကျွန်ုပ်မြှုပ်နှံထားခဲ့သော ရတနာများဖြင့် စေတီတော်အား ပြန်လည်တည်ထားကိုးကွယ်နိုင်ကြပါစေ၊

အကယ်၍ ဇီဝရက္ခ ပတ္တမြားမှာ မသမာသူများထံ ရောက်နေပါက အသက်ကို စွန့်လျက် ပြန်လည်ရယူကာ ပလ္လင်



www.burmeseclassic.com

www.burmeseclassic.com



သုံးဆင့်သို့ ရောက်အောင်ပို့ပေးနိုင်ကြပါစေ၊

ကျွန်ုပ်၏သစ္စာအဓိဋ္ဌာန် မှန်ကန်ပါက နိဗ္ဗာန်သို့ ရောက်ရပါစေသား”

ဟု ကျိန်စာဆိုထားခဲ့သည်။

ဒေါက်တာမင်းထင်ကျော်မှာ စာမရီပြောပြသော ဖျ မင်းသမီး၏ကျိန်စာကို ကြားသောအခါ ကျောထဲမှာ စိမ့်တက်လာသလို ခံစားလိုက်ရသည်။

ထိုကဲ့သို့ ပြောပြသောအခါမှာလည်း သူမတို့အဖွဲ့မှာ ဇီဝရက္ခာပတ္တမြားနောက်သို့ သဲကြီးမဲကြီး လိုက်နေကြသည့် အဖြစ်မှန်ကို သိသွားလေသည်။

“ဒါထက် စာမရီဆိုတာ ခင်ဗျားရဲ့နာမည်ပဲလား”

“မဟုတ်ပါဘူး. . . ကျွန်မနာမည် မြဝင်းသူပါ၊ စာမရီ ဆိုတာ ကျွန်မတို့မျိုးရိုးနာမည်ကို အနွယ်သုံးပြုထားတဲ့နာမည်ပါ”

“ဒါပေမယ့် မြဝင်းသူဆိုတဲ့နာမည်ထက် စာမရီဆိုတဲ့ နာမည်က ပိုကောင်းပါတယ်၊ ခင်ဗျားနဲ့လည်း ပိုပြီးလိုက်ပါတယ်”

ထိုစကားကြားသောအခါ စာမရီက ပါးချိုင့်လေး ပေါ် အောင် ပြုံးလိုက်လေသည်။

ဒေါက်တာမင်းထင်ကျော်က စီးကရက်ကို ပြာခွက်ထဲသို့ ထိုးချေလိုက်ပြီး အသင့်မွှာပေးထားသော လိမ္မော်သီးတစ်စိပ်ကို ယူ၍စားလိုက်လေသည်။

“ဒါထက် ခုနက ခင်ဗျားပြောတဲ့အကြောင်းက စိတ်ဝင် စားဖို့ကောင်းပါတယ်၊ စာမရီမင်းသမီးက ပလ္လင်သုံးဆင့် တည်ပြီး





တော့ ဘယ်ရောက်သွားသလဲဟင်”

“နန်းစဉ်ရတနာတွေနဲ့ ဇီဝရက္ခပတ္တမြားကို ဘုရားဌာပနာထဲ ထည့်တည်ပြီးတဲ့နောက်မှာ ပလ္လင်သုံးဆင့်မြို့ကို မြေလှန်ပြီး ဖျက်ဆီးပစ်လိုက်တယ်၊ ရန်သူတွေ ရောက်လာတဲ့အခါ ဘာတစ်ခုမှ ရမသွားကြဘူး၊ မြို့ပျက်ကြီးကိုပဲ တွေ့ကြရတယ်”

“ဒါထက် ပျူဘုရင်မ စာမရီကရော ဘယ်ရောက်သွားသလဲဟင်”

“ဘုရင်မက ဘုရားတည်ပြီးတာနဲ့ ပလ္လင်သုံးဆင့်နေရာ က မြို့ကို ဖျက်ဆီးပစ်ပြီးနောက်မှာ အခြွေအရံအချို့ကို ခေါ် ဆောင်ပြီး ထွက်သွားခဲ့တယ်၊ ဘယ်နေရာကို ထွက်သွားပြီး ဘယ်နေရာ ရောက်သွားတယ်ဆိုတာတော့ ဘယ်သူမှ မသိခဲ့ကြဘူး”

(ပျောက်သွားသော ပလ္လင်သုံးဆင့် ဘုရင်မ စာမရီနှင့် ပတ်သက်သည့် ဆန်းကြယ်လှသောအကြောင်းအရာများကို နောက်ထပ်ရေးသားဖော်ပြပေးပါမည်)

“စာမရီတို့က မျိုးရိုးစဉ်ဆက် ကျရောက်လာတဲ့တာဝန်ကို အခုလို အသက်စွန့်ပြီးဆောင်ရွက်နိုင်တာကိုတော့ ချီးကျူးပါတယ်”

“ကျွန်မတို့နဲ့စာရင် ကိုမင်းထင်ကျော်က ပိုပြီးချီးကျူးရမှာ ပါ”

“ဘာကြောင့်လဲဟင်”

“ကိုယ့်အတွက် ဘာမှအကျိုးအမြတ် မရနိုင်ပါလျက်နဲ့ ဆေတနာနဲ့ ဝင်ပြီးဆောင်ရွက်ပေးနေလို့လေ”



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်က တစ်ချက်ပြုံးလိုက်သည်။

"စေတနာဆိုတာ အကျိုးပေးလေ့ရှိပါတယ်၊ တချိန်ချိန်မှာတော့ ကျွန်တော့်အတွက် လိုချင်တာ တစ်ခုခု ပြန်ရလာချင်လည်း ရလာမှာပေါ့"

"ကိုမင်းထင်ကျော်က ဘာများ လိုချင်နေလို့လဲ"

"အခုတော့ မပြောသေးပါဘူး၊ နောက်မှ အဆင်ပြေရင် ပြောပါ့မယ်"

စာမရီက လျှို့ဝှက်သောအကြည့်ဖြင့် တစ်ချက်ကြည့်လိုက်သည်။ ထိုအကြည့်မှာ အဓိပ္ပါယ်များစွာ ပါဝင်နေသည်ကိုတော့ ဒေါက်တာမင်းထင်ကျော်အနေနှင့် မရိပ်မိစရာအကြောင်း မရှိပါပေ။

"ကိုမင်းထင်ကျော် စုံစမ်းရသမျှ ဇီဝရက္ခပတ္တမြားက ဘယ်သူ့ဆီမှာလဲဟင်"

စာမရီက စကားလမ်းလွှဲလိုက်သည်။

"ကျွန်တော်စုံစမ်းကြည့်ရသမျှတော့ ဦးလဝီဆီမှာ ပါသွားတဲ့ပတ္တမြားက ဦးလဝီ သေဆုံးသွားပြီးတဲ့နောက်မှာ ဦးကံသာလက်ထဲ ရောက်သွားပြီလို့ ထင်ပါတယ်"

ဒေါက်တာမင်းထင်ကျော်က အရက်ဆိုင်မှာ စိန်မြနှင့် တွေ့စဉ်က သိခဲ့ရသောအကြောင်းများကို ပြောပြလိုက်သည်။

ထိုအခါမှ စာမရီလည်း သဘောပေါက်သွားလေတော့သည်။

"ဒီအဖိုးကြီးဆီမှာ ပတ္တမြားရှိမှန်း သိပါလျက်နဲ့ ကျွန်မတို့





ရှာမရခဲ့တာ ဒါကြောင့်ကိုး၊ ဦးကံသာဆီမှာ ရောက်နေတဲ့ ပတ္တမြားကို ပြန်ယူပေးဖို့ ကိုမင်းထင်ကျော် အကူအညီပေးမယ် မဟုတ်လား"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။

"ကျွန်တော်တတ်နိုင်သမျှ အကူအညီပေးပါ့မယ်"

"ဒီစကားကြားရတာ ဝမ်းသာပါတယ်ရှင်၊ တကယ်လို့ အောင်မြင်ခဲ့ရင် ကိုမင်းထင်ကျော်အတွက် မနစ်နာစေရပါဘူး၊ လိုချင်တာ ရအောင် ကူညီပေးပါ့မယ်"

"စာမရီ ပြောတဲ့ကတိသာ တည်ပါစေ"

ဟု ပြောကာ နေရာမှ ထသည်။


ထို့နောက် စာမရီကို နှုတ်ဆက်ပြီးနောက် လိမ္မော်ခြံအတွင်းမှ ပြန်ထွက်ခဲ့လေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com





## အခန်း[ ၁၁ ]

# ကိုယ်ပွားမိစ္ဆာ

မြို့ပြင်မှာ ရှိသော အရက်ဆိုင်အတွင်းရှိ ချောင်ကျသော စားပွဲ၌ စိန်မြတစ်ယောက်တည်း ထိုင်ကာ အရက်သောက်နေလေသည်။

သူသည် တစ်ယောက်ယောက်နှင့် ချိန်းထားသောကြောင့် အရက်သောက်ရင်း စောင့်နေခြင်းဖြစ်သည်။

ဟိုတလောကတော့ ဘယ်က ရောက်လာမှန်းမသိသော လူတစ်ယောက် ရောက်လာပြီး သိချင်တာများကို မေးတာ



www.burmeseclassic.com

www.burmeseclassic.com



အရက်နှစ်ပုလင်းကို ရက်ရက်ရောရော ဝယ်တိုက်သွားသေးသည်။

ယနေ့လည်း ထိုကဲ့သို့ ဒကာခံမည့်စေတနာရှင် ရောက်လာလျှင် ကောင်းမှာပဲဟု စိတ်ထဲမှာ တွေးနေမိလေသည်။

ထိုအချိန်တွင် ဆိုင်အတွင်းသို့ လူတစ်ယောက် ဝင်လာသည်။ မိုးကာအင်္ကျီအမည်းကြီးကို တစ်ကိုယ်လုံး ခြုံထားသည်။ သက္ကလတ်ဦးထုပ်တစ်လုံးကို မျက်နှာတစ်ဝက်လောက် ဖုံးသည်အထိ ခပ်စိုက်စိုက် ဆောင်းထားသည်။

သူသည် ဆိုင်ထဲမှ အခြေအနေကို တစ်ချက်အကဲခတ်ကြည့်လိုက်ပြီးနောက် စိန်မြရှိနေသောစားပွဲသို့ သွားကာ ရှေ့မှာဝင်ထိုင်လိုက်သည်။

စိန်မြက အရက်သောက်ရင်း မော့ကြည့်သောအခါ ဝင်ထိုင်သူက ဆောင်းထားသောဦးထုပ်ကို အပေါ်သို့ မ,တင်ပြလိုက်သည်။

သူ့မျက်နှာကို မြင်သောအခါ စိန်မြမှာ ဝမ်းသာသွားလေတော့သည်။

"ဟော. . . ဆရာပါလား၊ ကျွန်တော်တော့ ကံကောင်းပြန်ပြီနဲ့တူတယ်၊ မျှော်နေတုန်း ဆရာ ရောက်လာတာကိုး"

ဟု အရက်မူးသံဖြင့် ဗလုံးဗထွေး ပြောလိုက်သည်။

ရှေ့မှာ ဝင်ထိုင်သောသူက ပြုံး၍ ခေါင်းညိတ်ပြပြီး အရက်တစ်ပုလင်း မှာကာ စိန်မြရှေ့သို့ ချပေးလိုက်သည်။

"ကျွန်တော်ကတော့ အရက်သမားပေမယ့် ကံကောင်း





ထောက်မမှုတော့ အမြဲရှိတယ်၊ အရက်ဖိုး ပိုက်ဆံပြတ်နေတဲ့အခါတိုင်း ဆရာရောက်လာတော့တာပဲ"

ရှေ့မှာ ထိုင်နေသူက ပြုံးပြပြီး အရက်တစ်ခွက် ငှဲ့ထည့်ကာ မော့သောက်လိုက်သည်။

"ဒီကနေ့တော့ အတော်ဆန်းနေပါလား၊ အရင်တစ်ခေါက် တွေ့တုန်းက တစ်ခွက်မှ မသောက်ဘဲ ဒီကနေ့မှ အရက်တွေဘာတွေ သောက်လို့ပါလား၊ ဧကန္တ စိတ်ရှုပ်စရာ စိတ်ညစ်စရာ တွေ့လာပြီနဲ့တူတယ်"

"ဒီလိုပေါ့ဗျာ. . . ဒါထက် ဟိုတလောက ခင်ဗျားတို့သုသာန်သွားတဲ့အကြောင်းလေး ပြောပါဦး"

"ဟင်. . . အရင်တစ်ခါတွေ့တုန်းက ပြောပြပြီးပြီလေ"

"နားထောင်တာ ကြာတော့ မေ့သွားပြီလေ. . . ထပ်ပြောပါဦး"

စိန်မြက ငှဲ့ထည့်ထားသောအရက်ခွက်ထဲမှ အရက်အားလုံး မော့သောက်လိုက်သည်။

ပြီးမှ စကားပြန်ဆက်သည်။

"သိပ်တော့ မပြောချင်ပါဘူးဗျာ၊ ဒါပေမယ့် ဆရာသိချင်တယ်ဆိုတော့လည်း ပြောပြပါ့မယ်၊ တစ်နေ့ ဦးကံသာဆိုတဲ့သူကြီးရောက်လာပြီး သူနဲ့ အဖော်လိုက်ပေးဖို့ ခေါ်တယ်"

"ဦးကံသာဆိုတာ ဘယ်သူလဲ"

"မြို့စွန်အဘက်မှာ နေတဲ့ ဦးကံသာလေ၊ အရင်က တော့ ကျောက်အရောင်းအဝယ်တွေဘာတွေ လုပ်သေးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ မလုပ်တော့ဘူး၊ တစ်နေ့တော့ သူ့အိမ်ကို ဘယ်က လာမှန်းမသိတဲ့ ကရင်အဖိုးကြီးတစ်ယောက် ရောက်လာတယ်ဗျ"

ရှေ့မှာ ထိုင်နေသူက စိတ်ဝင်စားလာသောကြောင့် ကိုယ်ကို ရှေ့သို့ ကိုင်းလာသည်။

"ဆက်ပြောပါဦးဗျာ"

"တစ်ညတော့ သူ့အိမ် ဓါးပြဝင်တိုက်တာ ဦးကံသာတော့ ဘာမှမဖြစ်ဘဲ အဲဒီဧည့်သည်အဖိုးကြီး အသတ်ခံလိုက်ရတယ်"

"ဒါထက် အဲသည်အဖိုးကြီးနာမည်က ဘယ်သူတဲ့လဲ"

"ကျွန်တော်လည်း ကောင်းကောင်းမမှတ်မိတော့ပါဘူး သူတို့ပြောသံကြားရတာကတော့ ဦးဝလီဆိုလား ဦးလဝီဆိုလားပဲ"

"ဟုတ်ပြီ. . . ဆက်ပြောပါဦး"

"သူ့အိမ်ပေါ်မှာ အဲ့ဒီအဖိုးကြီး သေသွားတော့ ဦးကံသာကပဲ အကုန်အကျခံပြီး သင်္ဂြိုဟ်ပေးလိုက်ရတယ်၊ နောက်တစ်ပတ်လောက်ကြာတော့မှ ဘယ်လိုစိတ်ကူးပေါက်လာတယ် မသိပါဘူး၊ ကျွန်တော်နဲ့ဟန်ထွန်းကို အဖော်ခေါ်ပြီး သုသာန်ကို သွားကြတယ်"

"ဘာသွားလုပ်ကြတာလဲ"

"ကျွန်တော်လည်း မသိတော့ပါဘူး၊ ဟိုရောက်တော့ မြှုပ်ထားတဲ့အလောင်းကို ပြန်ဖော်ပြီးတော့ ရင်ဘတ်ကို ဓါးနဲ့ခွဲပြီး ရှာတော့တာပါပဲ၊ ပြန်မယ်လုပ်တော့မှ လူသေအလောင်းရဲ့လက်တစ်ဖက်က သူ့ရဲ့လက်တစ်ဖက်ကို ဖမ်းဆုပ်ထားတာ တွေ့ရတော့တာပဲ"

ထိုစကားကြားသောအခါ ရှေ့မှာ ထိုင်နေသူပင် မျက်စိချက်နှာပျက်သွားလေသည်။

"နောက်တော့ ဘာဖြစ်သွားသေးလဲ"

"မပြောပါနဲ့တော့ ဆရာရယ်၊ ဦးကံသာလည်း ကြောက်ကြောက်လန့်လန့်နဲ့ ဓါးနဲ့ ခုတ်ချလိုက်တော့ သူ့လက်သူ ပြန်ခုတ်မိပြီး လက်ကောက်ဝတ်ကနေ တိကနဲ ပြတ်ကျသွားတော့တာပါပဲ"

"အလောင်းကို ပြန်ဖော်ပြီး ရှာတော့ သူ ဘာပစ္စည်းရလာတယ်ဆိုတာ မြင်သေးလား"

"တစ်ခုခုတော့ ရသွားတယ် ထင်တာပဲ၊ ဒါပေမယ့် အရက်ကလည်း မူးနေ၊ မှောင်ကလည်း မှောင်နေတော့ ဘာပစ္စည်းမှန်းတော့ သဲသဲကွဲကွဲ မမြင်လိုက်ရပါဘူး"

"ဒါဖြင့် ဦးကံသာရဲ့လက်တစ်ဖက်က မြေကျင်းထဲမှာ ကျန်ခဲ့တာပေါ့"

"အမှန်ပေါ့ ဆရာရယ်၊ ကျွန်တော်တို့လည်း မြိုးမြိုးမြက်မြက်ကလေးများ ရမလားဆိုပြီး လိုက်သွားမိပါတယ်၊ အဲဒီကတစပြီး ကောင်းကောင်းကို မနေကြရတော့ပါဘူး"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲဗျာ. . . ညအချိန်ရောက်လာရင် လက်





☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ပြတ်ကြီးတစ်ဖက် ကိုင်ထားတဲ့ မည်းမည်းသဏ္ဍာန်ကြီး ရောက်ရောက်လာပြီး 'ငါ့ဟာပြန်ပေး.. ငါ့ဟာပြန်ပေး' နဲ့ လာလာတောင်းနေတော့တာပဲ၊

ဟန်ထွန်းဆိုရင် ဒီမှာ ဆက်မနေဝံ့တော့တာနဲ့ သူ့မိန်းမ အမျိုးတွေ ရှိတဲ့တောကို ထွက်ပြေးသွားတာ ကြာပြီ"

ဟု ပြောပြလေသည်။

ထို့နောက်မှာတော့ စိန်မြရှေ့မှာ ထိုင်နေသူက အရက် ပုလင်း ထပ်မှာ၍ စိန်မြကို ပေးခဲ့ပြီးနောက် အပြင်ဘက်သို့ ထွက်သွားလေတော့သည်။

အချိန်မှာ မှောင်ရီပျိုးစ နေဝင်ရီတရောအချိန်သို့ ရောက်နေချေပြီ။

အရက်ဆိုင်အတွင်းမှ ပြန်ထွက်လာသောသူသည် ဦးထုပ်ကို မျက်နှာတဝက်လောက်အထိ ဆောင်းထားပြီးနောက် ရွှေကူသုသာန် ရှိရာဘက်သို့ ထွက်သွားလေတော့သည်။

နောက်တစ်နေ့မနက်ပိုင်းမှာတော့ ဦးကံသာအိမ်သို့ အထုပ်တစ်ထုပ် ရောက်လာသည်။

ထိုအထုပ်ကို လူကြုံဖြင့် ပို့ပေးလိုက်ခြင်းဖြစ်သည်။ ထို အထုပ်နှင့်အတူ စာတစ်စောင်လည်း ပါလာသည်။

ဦးကံသာက ဖတ်ကြည့်လိုက်သောအခါ အောက်ပါ အတိုင်း တွေ့ရလေသည်။

"ဦးကံသာ

သုသာန်က ရလာတဲ့ပစ္စည်းကို သုသာန်ကိုပဲ





ပြန်လာပို့ပေးပါ။ တကယ်လို့ မပို့ဘဲ ဆက်ထားရင် နောက်ထပ် လက်တစ်ဖက် ဖြတ်ပစ်မယ်၊

ဒါမှ ဆက်ပြီးခေါင်းမာနေဦးမယ်ဆိုရင် ကျုပ်နဲ့ အတူ မြေကျင်းထဲမှာ အတူနေရအောင် ခေါ်သွားမယ်။

သုသာန်မှ ထလာသောသူ"

ဟု ရေးထားလေသည်။

ဦးကံသာမှာ ထိုစာကို ဖတ်ပြီး မျက်လုံးပြူးသွားလေသည်။ ကြောက်စိတ်ကြောင့် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်လာတော့သည်။

ယခုမှ သူ့အဖြစ်က ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေမျိုးဖြစ်သွားလေပြီ။

လက်တစ်ဖက် အဆုံးခံပြီး ယူထားခဲ့သော ပတ္တမြားကိုသည်း ပြန်ပေးရမှာအခက်၊ မပေးပြန်ရင်လည်း အသက်ပေးရသည့် အခြေအနေသို့ ရောက်နေလေတော့သည်။

"ငါ ဘယ်လိုလုပ်ရမလဲ၊ ဒီပတ္တမြားကို ယူထားရင်တော့ ငါ့နောက်ကို ဒီအလောင်းကောင်ကြီးက တကောက်ကောက် လိုက်နေမှာလား...

အို... သေပြီးသားလူတစ်ယောက်ကတော့ ဒီလို ပြန်ထလာတယ်ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး၊ ငါ့စိတ်က ချောက်ချားလန်းပြီး ခြောက်လှန့်နေတာပဲ ဖြစ်မှာပါ"

ဟု ကိုယ့်စိတ်ကို အားတင်းထားလိုက်လေသည်။

ထို့နောက် ရှေ့မှာ ရောက်နေသည့်အထုပ်ကို ဖြေကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

ပတ်ထားသောအစများကို ဖယ်ရှားနေစဉ်မှာ အပုတ်နံ့တထောင်းထောင်း ထွက်လာသည်။

နောက်ဆုံး အနံ့မခံနိုင်သဖြင့် အဝတ်တစ်စနှင့် နှာခေါင်းကို ပိတ်စည်းပြီး အားလုံးဖြေချလိုက်သောအခါ ပုတ်ပွနေပြီဖြစ်သော လက်ပြတ်ကြီးတစ်ဖက် ထွက်လာတော့သည်။

"အမယ်လေး. . ."

ဦးကံသာမှာ များစွာထိတ်လန့်သွားလေတော့သည်။

ထိုလက်ပြတ်မှာ ဓါးဖြင့် ခုတ်မိသဖြင့် ပြတ်သွားခဲ့သည့်သူ့လက်တစ်ဖက်ဖြစ်ကြောင်း ကောင်းစွာမှတ်မိနေသည်။

"ဘုရား. . ဘုရား. . ဒါ. . ဒါ ငါ့ရဲ့လက်ပြတ်ကြီးပါလား၊ ဘယ်လိုကနေဘယ်လို ဒီကိုပြန်ရောက်လာတာလဲ၊

ဘယ်သူကများ တကူးတက ယူလာပြီး ပို့လိုက်တာပါလိမ့်၊ စာထဲမှာ ပါတဲ့အတိုင်း သုသာန်က အလောင်းကြီး ထလာတယ်ဆိုတာ တကယ်များ ဖြစ်နေသလား"

ဟု ကြောက်ကြောက်လန့်လန့်နှင့် တွေးနေမိသည်။

ယခု သူ့ရှေ့မှာ ရောက်နေသည့်လက်ပြတ်ကြီးမှာ သူ့လက်တစ်ဖက်ပင် ဖြစ်သော်လည်း ဘယ်လိုမှ ပြန်ဆက်၍ မရနိုင်တော့ပေ။

ထိုကိစ္စကိုလည်း အခြားသူများ အသိခံ၍မဖြစ်ပေ၊ တစ်ယောက်ယောက် သိသွားပါက တစ်စတစ်စနှင့် သချိုင်းဖော်သည့်ကိစ္စ ပေါ်လာပါက ပြဿနာများက တစ်ခုပြီး





တစ်ခု ဝင်လာပေလိမ့်မည်။

သို့ကြောင့် မည်သူမှ မသိခင် လက်ပြတ်ကြီးကို အထုပ်ဖြင့် ပြန်ထုပ်ပြီး ခြံဝန်းထောင့်တစ်နေရာ၌ မြေကျင်းတူးပြီး မြှုပ်နှံလိုက်သည်။

ထိုသို့မြှုပ်လိုက်သော်လည်း ပြဿနာက ပြီးမသွားသေးဘဲ ညအချိန်ရောက်တော့မှ ပိုဆိုးလာတော့သည်။

အမှောင်ရိပ်သမ်းလာသောအချိန်တွင် ခြံထောင့်၌ ညည်းမည်းသဏ္ဌာန်ကြီး ရောက်လာပြီး အသံနက်ကြီးဖြင့် အော်ပြောနေတော့သည်။

"ငါ့ပစ္စည်းပြန်ပေး. . . ငါ့ပစ္စည်းပြန်ပေး"

ဦးကံသာမှာ တစ်ယောက်တည်း နေသူမို့ ထိုကဲ့သို့ ကြောက်လန့်ဖွယ်ရာများနှင့် တွေ့သောအခါ ဘယ်ပြေးရမှန်း မသိအောင် ဖြစ်နေတော့သည်။

ထိုမည်းမည်းသဏ္ဌာန်ကြီးကလည်း တစ်ညလုံး အသံနက်ကြီးဖြင့် အော်ဟစ်ကာ နည်းအမျိုးမျိုးနှင့် ခြောက်လှန့်လေတော့သည်။

ဦးကံသာအနေနှင့် ထိုနေရာမှာ ဆက်နေရန် မသင့်တော့သဖြင့် တစ်နေရာသို့ ခြေရာဖျောက်သွားရန်သာ စိတ်ကူးမိတော့သည်။

တစ်ညလုံး ခြောက်လှန့်နေသည့် မည်းမည်းသဏ္ဌာန်ကြီးမှာ အရုဏ်တက်ချိန်ရောက်တော့မှ ပြန်ပျောက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မနက်မှာတော့ စိန်မြအပါအဝင် လူသုံးယောက်ကို ပိုက်ဆံပေးပြီး အစောင့်အဖြစ် ခေါ်ထားရလေသည်။

စိန်မြမှာ အရက်ဖိုး မရှိသည်နှင့် အရက်တိုက်မည့်သူ ရှိလျှင် ထိုအကြောင်းများကို အာပေါင်အာရင်းသန်သန်နှင့် ပြောနေသည်ကိုတော့ ဦးကံသာ မသိရှာပေ။

ညနေစောင်းအချိန်တွင် ယခင် ရောက်လာသည့်ပုံစံအတိုင်း အိတ်တစ်လုံးကို လွယ်ထားပြီး သက္ကလတ်ဦးထုပ်ကို ခပ်စိုက်စိုက် ဆောင်းထားသော လူတစ်ယောက် ရောက်လာလေသည်။

ထိုလူကို မြင်တော့ ဦးကံသာက ကောင်းစွာမှတ်မိလေသည်။

"မအော်. . . မောင်ရင် တစ်ခေါက်ပြန်လာပြန်ပြီလား။ ကျောက်ဝယ်တာရော အဆင်ပြေရဲ့လား"

"ပြေသင့်သလောက်တော့ ပြေပါတယ်၊ ဒါပေမယ့် လိုချင်တဲ့ကျောက်မျိုးတော့ မရသေးပါဘူး၊ မနက်ဖြန်တော့ ရန်ကုန်ပြန်တော့မှာပါ"

"အော်. . . ပြန်တော့မှာလား"

"ဒီကနေ့တော့ အချိန်မရှိတော့တာနဲ့ ဒီမှာ တစ်ညလောက်တော့ တည်းပါရစေ၊ ငွေကြေးကလည်း ပါတော့ တခြားမှာ မတည်းချင်လို့ပါ"

"ရပါတယ်. . . တစ်ညတစ်လေတော့ အပန်းမကြီးပါ





ဘူး၊ မောင်ရင်ရှိနေတော့ ကျုပ်အတွက် အဖော်တော့ ရပါသေးတယ်"

ထိုလူက ဦးကံသာ ညွှန်ပြသည့်အခန်းထဲသို့ ၎င်း၏ အိတ်ကြီးကို ဆွဲယူသွားလေသည်။

စိန်မြမှာ ယခုရောက်လာသော ဧည့်သည်ကို ကောင်းစွာမှတ်မိသော်လည်း သူ့အကြောင်းများကို ဦးကံသာ ရိပ်မိသွားမစိုးသဖြင့် နှုတ်မဆက်ဝံ့ဘဲ မသိဟန် မမြင်ဟန် ဆောင်နေရလေသည်။

စိန်မြတို့သုံးယောက်မှာလည်း အစောင့်အနေဖြင့် လာနေရသော်လည်း အိမ်ပေါ် မတက်ဘဲ အိမ်အောက်မှာသာ အရက်သောက်နေကြသည်။

ညဥ့်နက်ပိုင်းအချိန်ရောက်သောအခါ ဦးကံသာမှာ မှေးကနဲ အိပ်ပျော်သွားခိုက် ခြေသံလိုလို ကြားသဖြင့် မျက်စိဖွင့်ကြည့်လိုက်ရာ ကုတင်ဘေးမှာ ရပ်နေသည့် မည်းမည်းသဏ္ဍာန်ကြီးကို တွေ့ရသဖြင့် ထိတ်လန့်သွားလေသည်။

ပထမတော့ ယခင်ညတွေက ခြံထဲမှာ တွေ့ရသည့် မည်းမည်းသဏ္ဍာန်ကြီးလားဟု ထင်လိုက်သည်။

နောက် အသေအချာ ကြည့်တော့မှ သူထင်သလို ကောင်းဆိုးဝါး မဟုတ်ဘဲ ညနေက လာသောဧည့်သည်ပင် ဖြစ်ကြောင်း သိရလေသည်။

"မင်း. . . မင်းထင်ကျော် မဟုတ်လား"

ထိုလူက ဘာမှမပြောဘဲ သေနတ်ဖြင့် ချိန်ကာ နေရာမှ



www.burmeseclassic.com

www.burmeseclassic.com



ထခိုင်းသဖြင့် ကြောက်ကြောက်လန့်လန့်နှင့် ထထိုင်လိုက်သည်။

"မင်း ငါ့ကို ဘာလုပ်မလို့လဲ"

"ကျုပ်ပြောတဲ့စကားကို နားထောင်ရင်တော့ ဘာမှ မလုပ်ပါဘူး၊ ခင်ဗျားဆီမှာ ရှိနေတဲ့ ဇီဝရက္ခာပတ္တမြားကိုသာ ပေးပါ"

"မင်းပြောတာ ငါမသိဘူး၊ အဲ့ဒီပတ္တမြား ငါ့ဆီမှာ မရှိပါဘူး"

"ခင်ဗျား လိမ်နေလည်း အပိုပဲ၊ သချိုင်းမှာ မြှုပ်ထားတဲ့ ဦးလဝီအလောင်းကို ပြန်ဖော်ပြီး ယူလာတဲ့ပတ္တမြား ခင်ဗျားလက်ထဲမှာ ရှိနေတယ်ဆိုတာ ကျုပ်သိပြီးပါပြီ၊ ပတ္တမြားသာ ထုတ်ပေးပါ"

ထိုလူက အေးအေးဆေးဆေးပင် ပြောသည်။

ဦးကံသာလည်း လက်တစ်ဖက် အဆုံးခံပြီး ခက်ခက်ခဲခဲ ယူထားရသည့်ပတ္တမြားကို အလွယ်တကူ မပေးချင်ပေ။

"မရှိပါဘူးကွာ"

ထိုအခါ သေနတ်ကိုင်ထားသူက သေနတ်ကို ခါးကြား ပြန်ထည့်ပြီး နံရံမှာ ထောင်ထားသောဓားကို ယူလိုက်သည်။

ထို့နောက် ဦးကံသာ၏ကျန်နေသောလက်တစ်ဖက်ကို ဆွဲယူပြီး ကုတင်စောင်းပေါ် တင်ကာ ဓားဖြင့် ခုတ်ဖြတ်ရန် ပြင်လိုက်သည်။

ဦးကံသာမှာ ကျန်လက်တစ်ဖက် မရှိသောကြောင့် ဘယ်လိုမှ မခုခံနိုင်ပေ။





"အား . . . မလုပ်ပါနဲ့၊ ပေး . . ပေးပါ့မယ်"

ဟု ပြောတော့မှ ထိုသူက လက်ကို လွှတ်ပေးလိုက်သည်။ ထို့နောက် ဦးကံသာက ကုတင်တိုင်တစ်လုံး၏ထိပ်ပိတ်တစ်ခုကို ဖွင့်ပြီးနောက် အတွင်းမှာ ထည့်ထားသည့် ဇီဝရက္ခာပတ္တမြားကို ယူပြီး မီးရောင်ဖြင့် အသေအချာ ကြည့်နေလေသည်။

ထိုအခိုက်မှာပင် ဦးကံသာက ခေါင်းအုံးအောက်မှာ အဆင်သင့် ထားသော ဓားမြှောင်ဖြင့် နောက်မှ ပြေးထိုးရာ အနားမရောက်မီမှာ မင်းထင်ကျော်က သေနတ်ဖြင့် လှည့်ပစ်ရာ ရင်ဝကို ထိမှန်ပြီး နေရာမှာပင် လဲကျသွားလေတော့သည်။

"ဒိုင်း . . ."

"အား . . ."

မင်းထင်ကျော်လည်း အချိန်မဆွဲတော့ဘဲ ပတ္တမြားကို အိတ်ထဲသို့ ထည့်ပြီး နောက်ဘက်တံခါးပေါက်ကို ဖွင့်ကာ အောက်သို့ ဆင်းသွားလေတော့သည်။

အိမ်ရှေ့မှ စိန်မြတို့ တက်လာသောအခါ အခန်းအလယ်၌ သွေးအိုင်ထဲမှာ အသက်ပျောက်နေပြီဖြစ်သော ဦးကံသာအလောင်းကိုသာ တွေ့ကြရလေတော့သည်။

လူသတ်သမားက ပျောက်သွားခဲ့ချေပြီ . . .။





www.burmeseclassic.com

www.burmeseclassic.com





## အခန်း [ ၁၂ ]

# ထောင်ချောက်မှားသောကျား

အချိန်က နံနက်ပိုင်းအချိန်ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်၊ ဦးဗန်ကောင်း၊ စာရေးဆရာ အောင်မင်းအောင်၊ စောယိီး၊ ငမဲအောင်တို့ ငါးယောက်မှာ ၎င်း ...တို့တည်းခိုနေသောအိမ်တွင် မနက်ပိုင်းအချိန် လက်ဖက်ရည် ...သောက်ရင်း စကားပြောနေကြလေသည်။

"ဒါထက် မောင်ထင်ကျော် စုံစမ်းနေတဲ့ ဇိဝရက္ခ ပဏ္ဍ...ိုးနဲ့ ပတ်သက်ပြီး အခြေအနေရော ဘယ်လောက်သိရပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးဇန်ကောင်းက မေးလိုက်သည်။

"ကျွန်တော်စုံစမ်းသိရသလောက်တော့ ဇီဝရက္ခ ပတ္တမြားက ဦးကံသာဆီမှာ ရောက်နေပြီဆိုတာ သေချာပါတယ်"

"လွယ်လွယ်နဲ့ ရနိုင်ပါ့မလား"

"လွယ်လွယ်တော့ မရနိုင်ဘူး၊ အကြံဉာဏ်ထုတ်ပြီး နည်းအမျိုးမျိုးသုံးမှ ရနိုင်မယ်"

"ဒီလိုဆိုရင်တော့ စာမရီတို့အဖွဲ့က မရရအောင် ကြိုးစားကြလိမ့်မယ် ထင်တယ်"

"အင်း. . . သူတို့နည်းသူတို့ဟန်နဲ့တော့ ကြိုးစားကြလိမ့်မယ်ထင်တယ်၊ ဒါထက် ဇီဝရက္ခပတ္တမြား ရရင် ဘယ်လိုလုပ်မှာလဲ ဦးဇန်ကောင်း"

"မောင်ထင်ကျော် ပြောပြပုံအရဆိုရင် စာမရီတို့က ဇီဝရက္ခ ပတ္တမြားနဲ့ အဓိက သက်ဆိုင်တဲ့လူတွေပဲ၊ သူတို့နဲ့ အသိပေး တိုင်ပင်ပြီးမှ လုပ်သင့်လုပ်ထိုက်တာ ဆက်လုပ်ကြရင် မကောင်းဘူးလား"

"ကောင်းပါတယ်. . . သူပြောလိုက်ပုံအရဆိုရင် ပလ္လင်သုံးဆင့်မှာ ပျူမင်းသမီး မြှုပ်နှံထားခဲ့တဲ့ရတနာတွေ ရှိလိမ့်ဦးမယ်၊ အဲဒီရတနာတွေပါ ဆက်ရှာရမှာပေါ့"

"ဒီလိုဆိုတော့ ကျုပ်တို့အတွက် ဗဟုသုတအသစ်တွေ ထပ်ရပြီး စာရေးဖို့ ကုန်ကြမ်းတွေလည်း အများကြီး ထပ်ရဦးမှာပေါ့ကွာ"

ဟု စာရေးဆရာအောင်မင်းအောင်က ဝမ်းသာသော





အမူအယာဖြင့် ဝင်ပြောလေသည်။

သူတို့တတွေ ရယ်ရယ်မောမောနှင့် စကားပြောနေကြစဉ် အိမ်ရှေ့မှ ဝင်လာသောပုလိပ်များကို မြင်ရသဖြင့် စကားရပ်သွားကြသည်။

ထိုပုလိပ်များနှင့်အတူ စိန်မြလည်း ပါလာသည်။

စိန်မြက လက်ညှိုးထိုးပြသဖြင့် ပုလိပ်များက သေနတ်များကို အဆင်သင့် ကိုင်ကာ အိမ်ထဲသို့ ဝင်လာကြသည်။

၎င်းတို့နှင့်အတူ အမှုလိုက် ရာဇဝတ်အုပ်တစ်ယောက်နှင့် ဆားပုလင်း(ရဲကြပ်)လည်း ပါလာသည်။

အိမ်ပေါ် ရောက်တော့ ပုလိပ်များက သူတို့ကို ပတ်ဝိုင်းပြီး သေနတ်ဖြင့် ချိန်ထားလေသည်။

"ဘာဖြစ်လို့လဲဗျ"

ဒေါက်တာမင်းထင်ကျော်က မေးလိုက်သည်။

ထိုအခါ ပုလိပ်တစ်ယောက်နောက်မှာ ရပ်နေသော စိန်မြက ထွက်လာပြီး ဒေါက်တာမင်းထင်ကျော်ကို လက်ညှိုးထိုးကာ ပြောသည်။

"သူ. . သူပါပဲ၊ ဦးကံသာကို သေနတ်နဲ့ ပစ်သတ်သွားတာ သူပါပဲ၊ သူ့ကို ဖမ်းကြပါဗျာ"

ဒေါက်တာမင်းထင်ကျော်အပါအဝင် အားလုံးမှာ အံ့ဩနေကြလေသည်။

"ခင်ဗျားတို့ တစ်ခုခု မှားနေပြီနဲ့တူတယ်၊ ဘာကြောင့် ကျွန်တော်တို့ကို ဖမ်းမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်သည်။

ထိုအခါ အမှုလိုက် ရာဇဝတ်အုပ်က ပြောပြသည်။

"မနေ့ညက ကျောက်ကုန်သည် ဦးကံသာ အသတ်ခံရပါတယ်၊ သေနတ်နဲ့ ပစ်သတ်သွားတာပါ။ သေနတ်နဲ့ ပစ်သတ်သွားတဲ့ တရားခံကို မြင်တဲ့သက်သေတွေလည်း ရှိပါတယ်၊

ခင်ဗျားနာမည် မင်းထင်ကျော်ဆိုတာ ဟုတ်ပါသလား"

"မှန်ပါတယ်"

"သေဆုံးသွားတဲ့ဦးကံသာက မသေခင်မှာ ကြမ်းပြင်ပေါ်မှာ သွေးနဲ့ စာရေးထားခဲ့တယ်၊

အဲ့ဒီစာကတော့ အခြားမဟုတ်ပါဘူး၊ 'ငါ့ကို သတ်တာ မင်းထင်ကျော်ပဲ' ဆိုတဲ့စာပါပဲ၊

နောက်တစ်ချက်က မနေ့ညနေစောင်းအချိန်က ကိုမင်းထင်ကျော် ဦးကံသာဆီ သွားတာကိုလည်း မြင်တဲ့လူတွေ ရှိပါတယ်၊

ကိုမင်းထင်ကျော် မနေ့ညနေက ဦးကံသာဆီ သွားတယ် မဟုတ်လား"

"မသွားပါဘူး"

ဒေါက်တာမင်းထင်ကျော်ကတော့ အေးအေးဆေးဆေးပင် ပြန်ပြောလိုက်သည်။

"ဒါဖြင့် မနေ့ညနေပိုင်းက ဘယ်မှာရှိနေပါသလဲ"

"ကျွန်တော့်မိတ်ဆွေတစ်ယောက်ရဲ့လိမ္မော်ခြံထဲမှာ သူနဲ့အတူ ရှိနေပါတယ်"





"ခင်ဗျားရဲ့မိတ်ဆွေက ယောက်ျားလား မိန်းမလား"

"အမျိုးသမီးပါပဲ"

"ခင်ဗျား သူနဲ့အတူရှိနေကြောင်း သက်သေအနေနဲ့ ခေါ်ပေးပါဆိုရင်ကော ခေါ်ပေးနိုင်ပါသလား"

ခေါင်းညိတ်ပြလိုက်သည်။

"ဒါထက် ခင်ဗျားမှာ သေနတ်ရှိပါသလား"

"ရှိပါတယ်. . . ကျွန်တော် လိုင်စင်နဲ့ ကိုင်တဲ့ သေနတ်တစ်လက် ရှိပါတယ်"

ဟု ပြောကာ သူကိုင်သောသေနတ်ကို ထုတ်ပေးလိုက်ရာ အမှုလိုက် ရာဇဝတ်အုပ်က ယူပြီး အသေအချာ စစ်ဆေးကြည့်သည်။

အမှုလိုက်အရာရှိက ဒေါက်တာမင်းထင်ကျော်၏ ဥပမိရှုပ် ဟန်အမူအယာကို ကြည့်ပြီး ဟန်ဆောင်နေသည် မဟုတ်မှန်း ရိပ်မိလေသည်။

"ပြစ်မှုတစ်ခုဖြစ်လာရင် ပြစ်မှုနဲ့ ပတ်သက်တဲ့ အရေးကြီးဆုံး သက်သေပစ္စည်း ရှိပါတယ်၊ ပထမဆုံး သက်သေခံပစ္စည်းကတော့ ဦးကံသာရဲ့အလောင်းပါပဲ၊ (A Knowledge of Corpus delicti) သူ့အလောင်းကို စစ်ဆေးကြည့်ရင် သူ ဘယ်ပုံဘယ်နည်း သေရတယ်ဆိုတာ သိနိုင်တာပဲ၊

သူ့အသက်ကို ချွေတဲ့ကျည်ဆန်ဟာ အရေးအကြီးဆုံး သက်သေခံပစ္စည်းပဲပေါ့၊ အဲ့ဒီပစ္စည်းကို စစ်ဆေးကြည့်ရင် တရားခံကို သိနိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်က အိန္ဒြေရစွာဖြင့် ပြောလိုက်ရာ အမှုလိုက်အရာရှိမှာ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

"ကျွန်တော့်နာမည်က မင်းထင်ကျော်ဆိုပေမယ့် အပြည့်အစုံက ဒေါက်တာမင်းထင်ကျော်ဖြစ်ပါတယ်၊ သုတေသနသမားတစ်ယောက်ပါ၊ ဒါက ကျွန်တော်နဲ့ အတူပါလာကြတဲ့ မိတ်ဆွေတွေပါ"

ဒေါက်တာမင်းထင်ကျော်က ကျန်လူများနှင့် မိတ်ဆက်ပေးတော့ အသိအမှတ်ပြုသည့်အနေနှင့် အမှုလိုက်အရာရှိက ခေါင်းညိတ်ပြသည်။

ဒေါက်တာမင်းထင်ကျော်က စိန်မြကို တစ်ချက်ကြည့်လိုက်သည်။

"မင်း ငါ့ကို မှတ်မိတယ်မဟုတ်လား"

ခေါင်းညိတ်ပြသည်။

"အရက်ဆိုင်မှာ အရက်ဝယ်တိုက်ပြီး ဦးကံသာ အကြောင်းတွေ မေးသွားတာရော မှတ်မိသေးလား"

ခေါင်းညိတ်ပြသည်။

စိန်မြက သူတို့တတွေ သချိုင်းမှာ အလောင်းဖော်သည့်ကိစ္စကို ပြောလိုက်မှာ စိုးရိမ်နေဟန်ရှိသည်။

"နောက်တစ်ရက် ရောက်တော့ မင်းအရက်သောက်နေတုန်း ငါနဲ့ ရုပ်ချင်းတူတဲ့ လူတစ်ယောက် ရောက်လာပြီး ဦးကံသာ အကြောင်း မေးသွားသေးတယ် မဟုတ်လား"





"ဟုတ်.. ဟုတ်တယ်"

"ကဲ. . . သေသေချာချာ ကြည့်ပါဦး၊ သူနဲ့ငါနဲ့ ဘာတွေကွာသလဲ"

သည်တော့မှ စိန်မြက ဒေါက်တာမင်းထင်ကျော်ကို အသေအချာကြည့်ပြီး ဇဝေဇဝါဖြစ်သွားလေသည်။

အတန်ကြာတော့မှ. . . .

"ဟုတ်.. ဟုတ်တယ်၊ ဆရာနဲ့ဟိုလူနဲ့က ရုပ်ချင်းသာတူပေမယ့် စကားပြောတဲ့အသံလည်း မတူဘူး၊ အသားလည်း မတူဘူး၊ ဆရာက အသားဖြူပြီး ဟိုလူက မည်းတယ်၊ နောက်ပြီး ဟိုလူရဲ့မေးစေ့မှာ မှဲ့နက်တစ်လုံး ပါတယ်"

ဟု ပြောလေရာ အမှုလိုက်ရာဇဝတ်အုပ်ပင် နားမလည်နိုင်အောင်ဖြစ်သွားလေသည်။

"ဦးကံသာကို သတ်တဲ့လူက ကျွန်တော်မဟုတ်ပါဘူး၊ သူနဲ့ကျွန်တော်နဲ့က ရုပ်ချင်း ဆင်သလို နာမည်ချင်းပါ တူပါတယ်၊ သူ့နာမည်ကလည်း မင်းထင်ကျော်ပါပဲ၊ သူက လူနှစ်ယောက်ကို ရက်ရက်စက်စက် သတ်တဲ့ပြစ်မှုနဲ့ ထောင်ကျဖူးပါတယ်၊ (၁၉၄၈)ခုနှစ် လွတ်လပ်ရေးအထိမ်းအမှတ် အကျဉ်းသားတွေကို လွှတ်တဲ့အထဲမှာ လွတ်မြောက်ခဲ့ပုံရတယ်၊

သူ့ဓါတ်ပုံနဲ့ ကိုယ်ရေးအချက်က အင်းစိန်ထောင် ထောင်ပိုင်ကြီးဆီမှာ အကူအညီတောင်းရင် ရနိုင်ပါတယ်"

"ဒါဖြင့် သူက ဦးကံသာကို ဘာကြောင့် သတ်တာလဲ"

"ဦးကံသာဆီက ပစ္စည်းတစ်ခု ယူဖို့ သတ်သွားတာ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပါလိမ့်မယ်၊ တကယ်လို့ တစ်ပတ်လောက် အချိန်ပေးမယ်ဆိုရင် တော့ လူသတ်တရားခံကို ဖမ်းပေးပါ့မယ်"

"ကောင်းပြီလေ. . . ခင်ဗျားပြောတာကို လက်ခံပါ တယ်၊ ဒါပေမယ့် အချက်အလက်တွေ ပြည့်စုံအောင် စုံစမ်းစစ် ဆေးလို့ မပြီးမချင်းတော့ ခင်ဗျားတို့ ဒီနေရာမှာပဲ ရှိနေစေချင် တယ်"

ဟု ပြောဆိုကာ ပုလိပ်အချို့ကို အစောင့်ထားခဲ့ပြီး ဒေါက်တာမင်းထင်ကျော်သေနတ်ကို ယူ၍ ပြန်သွားလေသည်။

"ဘယ်လိုလဲ မောင်ထင်ကျော်၊ ဇီဝရက္ခ ပတ္တမြားက တယ်လည်း ဂြိုဟ်မွှေပါလား၊ ကျုပ်တို့တောင် နေရင်းထိုင်ရင်းနဲ့ အကျယ်ချုပ်ဘ၀နဲ့ နေနေရပါလား"

"အခုကိစ္စက ဇီဝရက္ခပတ္တမြား ဂြိုဟ်မွှေတာ မဟုတ်ပါ ဘူး၊ ကျွန်တော့်မျက်နှာနဲ့ တူတဲ့လူက ဂြိုဟ်မွှေနေလို့ အခုလို ခံနေကြရတာပါ၊

မကြာခင်မှာ အမှန်တရား ပေါ်လာပြီး အားလုံးပြီးသွား မှာပါ"

"ဒါထက် ကျုပ်တို့က ဒီမှာ အကျယ်ချုပ်နဲ့ နေရလေ တော့ တရားခံနောက် ဘယ်လိုလိုက်ကြမလဲ"

"သူတို့ စစ်ဆေးသင့်တာတွေ စစ်ဆေးပြီးရင်တော့ သွား ခွင့်ရမှာပါ၊ ဒါထက် မင်းထင်ကျော် ဘယ်ကိုသွားမယ်လို့ ဦးဗန် ကောင်း ထင်လဲ"

"ကျုပ်အထင်ပြောရရင်တော့ သူ ရွှေပလ္လင်သုံးဆင့်ကို





သွားလိမ့်မယ် ထင်တယ်၊ ဘာကြောင့်လဲဆိုတော့ ရွှေပလ္လင် သုံး ဆင့်မှာ ပျူမင်းသမီးစာမရီ မြှုပ်နှံထားခဲ့တဲ့ ရတနာပစ္စည်းတွေ ရှိသေးတယ်မဟုတ်လား"

"ဒါထက် ထောင်ထဲမှာ ဦးဗန်ကောင်းနဲ့ တွေ့တုန်းက ဇီဝရက္ခပတ္တမြားကိုတောင် မူလနေရာ ပြန်ပို့ပေးဖို့ အကူအညီ တောင်းခဲ့တယ် မဟုတ်လား"

"ဟုတ်တယ်လေ. . . အဲ့ဒီအချိန်တုန်းကတော့ သူ အပြစ်ကျနေတဲ့ ထောင်ဒဏ်က တစ်သက်တစ်ကျွန်းနီးပါး လောက် ဖြစ်နေတော့ ဒီတစ်သက်တော့ အပြင်ပြန်မရောက်နိုင် တော့ဘူးထင်ပြီး အကူအညီတောင်းခဲ့တာ ဖြစ်မှာပေါ့၊

အခုတော့ မမျှော်လင့်ဘဲ ကံကောင်းထောက်မပြီး အပြင်ပြန်ရောက်လာတော့ လောဘစိတ်တွေ ပြန်ဝင်လာပြီး သဘောထား ပြောင်းသွားတာလည်း ဖြစ်မှာပေါ့"

ဟု ဦးဗန်ကောင်းက ပြောပြသည်။

နောက်ထပ်သုံးရက်ကြာတော့ ဒေါက်တာမင်းထင် ကျော် ရှိရာသို့ စာမရီ ရောက်လာသည်။

"ကိုမင်းထင်ကျော်တို့ရဲ့သတင်းကို ကျွန်မကြားပြီးပါပြီ၊ အခုလိုဖြစ်ရတာ စိတ်မကောင်းပါဘူး"

"စိတ်မကောင်းစရာတော့ မရှိပါဘူး၊ အခုလို ဖြစ်လာ တော့ ကျွန်တော်တို့အတွက် သဲလွန်စတစ်ခု ပေါ်လာပြီး ကိစ္စ တစ်ခု အဆုံးသတ်ဖို့အတွက် ဖြစ်လာတယ်လို့ပဲ ယူဆမိပါတယ်"

"ဘာပဲဖြစ်ဖြစ်ပေါ့လေ. . . ကျွန်မတို့နဲ့ အမိက သက်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်တဲ့ကိစ္စကို ကူညီဆောင်ရွက်ပေးနေရင်း အခုလို ဖြစ်ရတော့ ကျွန်မတို့လည်း ဘယ်စိတ်ကောင်းပါ့မလဲ၊ ကျွန်မရဲ့အဘိုးက လည်း ကိုမင်းထင်ကျော်တို့အတွက် တတ်နိုင်သမျှ အကူအညီ ပေးပါ့မယ်လို့ မှာလိုက်ပါတယ်"

ထိုစကားကြားတော့မှ စာမရီတို့အဖွဲ့တွင် စီစဉ်ညွှန် ကြားပေးနေသည့်အဘိုး ရှိနေသေးမှန်း သိရတော့သည်။

"အခုလိုစကား ကြားရတာ ကျေးဇူးတင်ပါတယ်၊ မမျှော် လင့်ဘဲ အမှုအခင်းဖြစ်နေတယ်ဆိုတာကလည်း ခဏပါပဲ ဒါထက် စာမရီတို့ဆီ ပုလိပ်တွေ လာသေးသလား"

"လာတယ်. . . ကိုမင်းထင်ကျော်က ကျွန်မတို့နဲ့ ဘယ် လိုပတ်သက်နေသလဲဆိုတာ လာပြီးစုံစမ်းတာပါ၊

ကျွန်မကတော့ သူတို့ လက်ခံယုံကြည်အောင် ကျွန်မရဲ့ အမိက ပတ်သက်တဲ့လူတစ်ယောက်ပဲလို့ ပြောပြလိုက်တယ်"

ဒေါက်တာမင်းထင်ကျော်မှာ မည်သည့်ကိစ္စမဆို ရဲရဲတင်း ရင်ဆိုင်တတ်သော စာမရီ၏စိတ်ဓါတ်ကို ချီးကျူးမိလေသည်။

"အခုလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ်"

"ခဏခဏ ကျေးဇူးတင်မနေနဲ့လေ ကိုမင်းထင်ကျော် ကျေးဇူးတင်တာတွေက အတော်များနေပြီ"

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်သာမက မလှမ်းမကမ်းမှာ ရှိနေကြသည့် အဖွဲ့သားများပါ သဘောကျ သဖြင့် ပြုံးလိုက်ကြသည်။

"ဒါထက် ဒီက အမှုအခင်းကိစ္စတွေ ပြီးသွားရင် ဘာ





ဆက်လုပ်ကြမလဲဟင်"

"ဇိဝရက္ခပတ္တမြားက ကျွန်တော်နဲ့ ရုပ်ချင်းတူတဲ့ မင်းထင်ကျော်ဆီ ပါသွားပြီ၊ ကျွန်တော့်အထင်ပြောရရင်တော့ သူ ပလ္လင်သုံးဆင့် နေရာဟောင်းကို တစ်ကျော့ပြန်သွားမယ် ထင် တာပဲ၊ သေချာအောင် စုံစမ်းပြီးရင် သူ့နောက်ကို လိုက်သွားပြီး ပတ္တမြား ပြန်ရအောင် လုပ်ရမယ်"

"ဒါဖြင့် ကျွန်မတို့တွေလည်း အဲ့ဒီနေရာကို ပြန်ဖို့ စဉ်ရမယ်၊ ဒါပေမယ့် ကိုမင်းထင်ကျော်တို့နဲ့ ခရီးအတူသွားလို့ ထင့်ဘူး၊ တော်ကြာ အားလုံးက ကျွန်မတို့အစီအစဉ်ကို ရိပ်မိ သွားရင် မကောင်းဘူး၊ ဒီတော့ ကျွန်မတို့က ကိုယ့်အစီအစဉ်နဲ့ သွားကြမယ်"

"စာမရီတို့က လူဘယ်နှစ်ယောက် ရှိသလဲ"

"အားလုံး (၉)ယောက်ရှိတယ်"

"ကောင်းပြီလေ. . . ဒီလိုဆိုရင် ကိုယ့်အစီအစဉ်နဲ့ပဲ လာခဲ့ပါ့မယ်"

"အစစအရာရာ သတိဝီရိယတော့ ထားနော် ကိုမင်း ထင်ကျော်"

ဒေါက်တာမင်းထင်ကျော်က ပြုံး၍ခေါင်းညိတ်ပြလိုက် ၏ စာမရီလည်း နှုတ်ဆက်ပြီး ပြန်သွားလေသည်။

ထိုအခါမှ အဖွဲ့သားများက တစ်ယောက်တစ်မျိုး ပြော ကြလေသည်။

"ငါတို့ဆရာရဲ့မျက်နှာပွင့်ပုံများကတော့ ပြောလို့မဆုံး



www.burmeseclassic.com

www.burmeseclassic.com



အောင်ပါပဲ၊ သွားရင်းလာရင်း အမှုအခင်းနဲ့ ကြုံနေရတဲ့ကြားထဲမှာတောင် ဒီလောက်ချောတဲ့မိန်းကလေးနဲ့မှ တွေ့ရသေးတယ်"

"ဒါတင် ဘယ်ကပါ့မလဲ၊ အခုပဲ ကြည့်လေ၊ ပြန်ကာနီးအချိန်မှာတောင် သံယောဇဉ်စကား အကြင်နာစကားလေးတွေ ပြောသွားသေးတယ်"

"ဒီမှာတင် ဘယ်ပြီးဦးမှာလဲ၊ ရွှေပလ္လင်သုံးဆင့် ရောက်ရင် တွေ့ကြဦးမှာဆိုတော့ ဇာတ်လမ်းသာ နောက်ထပ်ဆက်ဖို့ ရှိနေသေးတယ်"

"ဘာပဲဖြစ်ဖြစ်ပေါ့ . . . အခုလို ချောမောလှပတဲ့ မိန်းကလေးမျိုးနဲ့ ဖူးစာဆုံခွင့် ရတာကိုက ကျွန်တော့်ဆရာရဲ့ ကံကောင်းခြင်းတစ်မျိုးပဲပေါ့ဗျာ"

ထိုသို့ဝိုင်းဝန်းပြောနေကြသော်လည်း ဒေါက်တာမင်းထင်ကျော်က ဘာမှပြန်မပြောဘဲ ပြုံးရုံသာ ပြုံးနေလေသည်။

တစ်ပတ်ခန့်ကြာသောအခါ အမှုလိုက်ရာဇဝတ်အုပ် ရောက်လာသည်။

"ခင်ဗျားတို့ကို အနှောင့်အယှက် ပေးမိသလို ဖြစ်သွားတာ တောင်းပန်ပါတယ်၊ ခင်ဗျားတို့အဖွဲ့နဲ့ ပတ်သက်တဲ့သတင်းရော၊ လူသတ်သမား မင်းထင်ကျော်ရဲ့သတင်းပါ စုံစမ်းပြီးပါပြီ၊ အင်းစိန်ထောင်ပိုင်ကြီးကလည်း သူ့ဓါတ်ပုံနဲ့ ကိုယ်ရေးရာဇဝင်ကို ပို့ပေးလိုက်ပါတယ်"

"ပိုကောင်းတာပေါ့ဗျာ"

"ဒီလူက လွတ်ငြိမ်းချမ်းသာခွင့်နဲ့ လွတ်ခဲ့တာမဟုတ်ဘူး





အပြောင်းအလဲကာလမှာ ထောင်က ထွက်ပြေးသွားတဲ့လူဗျ၊ သူ့ကို ဝရမ်းထုတ်ထားတယ်"

"အော် . . . ဒီလိုကိုး"

"သေဆုံးသူ ဦးကံသာရဲ့ကိုယ်ထဲက ရတဲ့ ကျည်ဆန်နဲ့ ခင်ဗျားသေနတ်က ကျည်ဆန်ကိုလည်း တိုက်ကြည့်ပြီးပါပြီ၊ တူပါဘူး၊

နောက်တစ်ချက်က မြဝင်းသူဆိုတဲ့အမျိုးသမီးကလည်း အဲဒီညက ခင်ဗျားနဲ့သူနဲ့ အတူရှိနေကြောင်း သက်သေခံပေးတယ်"

ဒေါက်တာမင်းထင်ကျော်က စာမရီအတွက် များစွာ အားနာသွားမိလေသည်။

"ဒါထက်ပိုပြီး ခိုင်လုံတာကတော့ ရန်ကုန်အင်းစိန်ထောင်က ထောင်ပိုင်ကြီးရဲ့ထောက်ခံစာအပြင် တိုင်းရဲမင်းကြီးနဲ့ ခရိုင်ရာဇဝတ်ဝန်ကပါ ခင်ဗျားတို့ကို ကောင်းကောင်းထောက်ခံပေးကြတယ်၊ ဒီတော့ အခုအချိန်ကစပြီး ခင်ဗျားတို့အဖွဲ့ သွားချင်တဲ့နေရာကို လွတ်လွတ်လပ်လပ် သွားနိုင်ကြပါပြီ"

ဟု ပြောဆိုကာ သိမ်းထားသော ဒေါက်တာမင်းထင်ကျော် သေနတ်ကို ပြန်ပေးသည်။

ဒေါက်တာမင်းထင်ကျော်က သေနတ်ထဲမှ ကျည်ဆန်များကို အသေအချာ စစ်ဆေးကြည့်ပြီးမှ အိတ်ထဲသို့ ထည့်ထားလိုက်လေသည်။

"တကယ်လို့ ခင်ဗျားတို့ လူသတ်သမားရဲ့သတင်းကို



www.burmeseclassic.com

သဲလွန်စ ရခဲ့ရင်လည်း ကျွန်တော့်ဆီကို အကြောင်းကြားပေးပြ ပါ"

"ကောင်းပါပြီ"

ထို့နောက် အမှုလိုက် ရာဇဝတ်အုပ်က ဒေါက်တာမင်း ထင်ကျော်ကို လက်ဆွဲနှုတ်ဆက်ပြီးနောက် အစောင့်ချထား သည့်ပုလိပ်များကိုပါ ခေါ်၍ ပြန်ထွက်သွားလေတော့သည်။







အခန်း[ ၁၃ ]

# ပလ္လင်သုံးဆင့်တောနက်ထဲမှ မိစ္ဆာများ

ပလ္လင်သုံးဆင့်တောမှာ မင်းထင်ကျော်အတွက် အသစ် အဆန်းတော့ မဟုတ်ပေ။

နှစ်အနည်းငယ်က ထိုတောထဲမှာ ဒုက္ခအမျိုးမျိုး တွေ့ခဲ့ ရသည်။

ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာများနှင့် တွေ့ခဲ့ရသည်။ ယခုတော့ ပလ္လင်သုံးဆင့်သို့ နောက်တစ်ကြိမ် ရောက်ခဲ့ရပြန်လေ သည်။

www.burmeseclassic.com



ဒီတစ်ကြိမ်တော့ သူတစ်ယောက်တည်းတော့ မဟုတ်ပေ။ နောက်ထပ်အဖော်လေးယောက်ပါ ခေါ်လာခဲ့သောကြောင့် စုစုပေါင်း ငါးယောက်ဖြစ်သည်။

မင်းထင်ကျော်မှာ (၁၉၄၈)ခုနှစ် လွတ်လပ်ရေး ရသောအချိန်မှာ တိုင်းပြည်အပြောင်းအလဲဖြစ်ကာ ထောင်တွင်း အုပ်ချုပ်မှုများ လျော့နည်းသောအချိန်မှာ ထောင်မှ ထွက်ပြေးခဲ့ခြင်းဖြစ်ပေသည်။

အပြင်သို့ ရောက်သောအခါ ၎င်းနှင့်အတူ ဘဝတူအချို့နှင့် ပေါင်းမိပြီး လုယက်တိုက်ခိုက်မှုများ ပြုခဲ့သေးသည်။

လက်နက်နှင့်ငွေကြေး စုမိသောအခါမှ အဖော်လေးယောက်ကို ခေါ်ပြီး ပတ္တမြားနောက်သို့ ခြေရာခံကာ လိုက်လေတော့သည်။

နောက်ဆုံး ရွှေကူမှ ကျောက်ပွဲစား ဦးကံသာထံမှာ ရောက်နေမှန်း သိရသောအခါ နည်းအမျိုးမျိုးနှင့် ခြောက်လှန့်ရုံမကဘဲ နောက်ဆုံး ပတ္တမြားကို ယူပြီး ဦးကံသာကိုပါ သတ်ပစ်လိုက်သည်။

ရွှေကူတွင် ပတ္တမြားနောက် လိုက်နေကြသည့် ဒေါက်တာမင်းထင်ကျော်တို့ ရောက်နေမှန်း သိသောကြောင့် ဒေါက်တာမင်းထင်ကျော် ပုလိပ်များနှင့် အခက်တွေ့စေရန် တမင်အကွက်ဆင်ထားခဲ့ခြင်းလည်းဖြစ်ပေသည်။

ဘယ်လိုပဲဖြစ်ဖြစ် ဒေါက်တာမင်းထင်ကျော်နှင့်သူနှင့်က ရုပ်ရည်ရောနာမည်ပါ ထူးထူးခြားခြား တူနေသောကြောင့် ပုလိပ်





များ မျက်စိလည်ကာ ဒေါက်တာမင်းထင်ကျော်ကို ဖမ်းမည်ဆိုပါက သူ့အတွက် အခွင့်အရေး ရနိုင်ပေသည်။

သူထင်ထားသည့်အတိုင်းပါပဲ. . .။

ဒေါက်တာမင်းထင်ကျော်တို့ အဖမ်းခံနေရသောအချိန်မှာ သူက အနှောင့်အယှက်ကင်းစွာဖြင့် ပလ္လင်သုံးဆင့်သို့ ခရီးဆက်နိုင်ခဲ့သည်။

မင်းထင်ကျော်မှာ ပတ္တမြားကြီး ရပြီးသည့်နောက်မှာ ထိုနေရာမှ ပျူဘုရင်မ မြှုပ်နှံထားခဲ့သော ရွှေငွေရတနာများ ရှိနေသေးကြောင်း စုံစမ်းသိရသဖြင့် ရှာဖွေရန် အဖော်များ ခေါ်ပြီး တက်လာခဲ့ခြင်းဖြစ်ပေသည်။

"ဒါထက် ဒီနေရာကို လာတာကတော့ ဟုတ်ပါပြီ၊ မင်းပြောတဲ့ရတနာတွေက ဘယ်နေရာမှာ ရှိတာလဲ"

ရွှေမိုးဆိုသူက မေးသည်။

"ငါသိခဲ့ရသမျှတော့ ပလ္လင်သုံးဆင့်ဆိုတာ ဘုရားတည်ဖို့ အောက်ခံပလ္လင် လုပ်ထားတာ၊ အဲဒီအတွင်းမှာ ဌာပနာထားတယ်လို့ ကြားခဲ့တယ်"

"ဒီလောက်ထုထည်ကြီးတွေကို ဖြိုဖျက်လို့ရပါ့မလား"

ဘခင်က မေးသည်။

"ကျောက်ပလ္လင်တွေကို ဖြိုနေရင် အချိန်ကြာနေမှာပေါ့။ ဒီတော့ နံဘေးကနေ လိုဏ်ခေါင်းတူးဝင်ကြရင် ပိုမကောင်းဘူးလား၊ ဒီအထဲက ရတနာပစ္စည်းတွေပါ ရခဲ့ရင်တော့ ငါတို့ငါးယောက် တစ်သက်မဟုတ်ဘူး၊ ဆယ်သက်စားရင်တောင် မကုန်



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး၊ သူဌေးဖြစ်ပြီ"

"မင်းကတိအတိုင်း အခုရလာတဲ့ပတ္တမြားကြီးကို ထုခွဲရောင်းချပြီးရင်လည်း ငါတို့ကို အချိုးကျ ခွဲဝေပေးရမှာနော်"

"စိတ်ချပါကွာ. . . ငါကတိမပျက်ပါဘူး"

ဟု ပြောဆိုကာ ပလ္လင်သုံးဆင့် ရှိသောနေရာနှင့် မနီးမဝေးတွင် စခန်းချနေကြသည်။

ထိုနေရာနှင့် မနီးမဝေးတွင် စမ်းချောင်းတစ်ခုလည်း ရှိနေသောကြောင့် မင်းထင်ကျော်က ရေချိုးရန် တစ်ယောက်တည်း ဆင်းလာခဲ့သည်။

အချိန်က ညနေပိုင်းအချိန်ဖြစ်သည်။

နေ၏အလင်းရောင် မရှိဘဲ အုံ့မှိုင်းနေသောကြောင့် တောထဲမှာ သာမန်ထက် ပို၍မှောင်နေသည်။

စမ်းချောင်းနား ရောက်တော့ တစ်နေရာဆီမှ လူညည်းသံလိုလို ရယ်သံလိုလို အသံကြားရသည်။

သူ့ထံမှာ သေနတ်တစ်လက် ပါလာသောကြောင့် သေနတ်ကို ဆွဲထုတ်ပြီး လိုက်ကြည့်တော့ ဘာမှမတွေ့ရပေ။

ရှေ့သို့ ဆက်လာတော့မှ သစ်ပင်ကြီးတစ်ပင်ခွကြားမှာ ဆောင့်ကြောင့်ထိုင်နေသည့် မည်းမည်းသဏ္ဍာန်ကို လှမ်းမြင်ရသည်။

ထိုလူမှာ တစ်ကိုယ်လုံး ပိန်ကပ်နေပြီး အသားဟူ၍ မရှိသလောက်ဖြစ်ကာ အရိုးစုသာ ကျန်တော့သည်။ အသားအရေကလည်း မည်းညစ်နေပြီး ဦးခေါင်းက အဆာမတန်ကြီးကာ





ဆံပင်များက ကျိုးတိုးကျဲတဲနှင့် မျက်နှာပေါ် ကျနေသည်။

မျက်စိနှစ်လုံးက ရှေ့သို့ ပြူးထွက်နေကာ နီရဲနေသည်။ သူက သစ်ပင်ခွကြားမှ ဆောင့်ကြောင့်ထိုင်ကာ မင်းထင်ကျော်ကို လှမ်းကြည့်နေသည်။

သူရှိနေသောနေရာမှာ မဝေးလှသောကြောင့် မျက်နှာကို မြင်နေရပေရာ တစ်နေရာမှာ မြင်ဖူးတွေ့ဖူးသည်အထင်ဖြင့် စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်သွားသည်။

"မင်းဘယ်သူလဲ"

"ငါ့ကိုတောင် မမှတ်မိတော့ဘူးလား၊ မင်းသတ်ခဲ့တဲ့ ထွန်းဖုံလေကွာ"

အသံသြသြကြီးဖြင့် ပြန်ပြောသည်။

ဒီတော့မှ သဘောပေါက်သွားသဖြင့် သေနတ်ဖြင့် ပစ်ရန် လှမ်းချိန်သည်။

ထိုအခါ သစ်ပင်ပေါ်မှာ ဆောင့်ကြောင့်ထိုင်နေသူက 'ဟီး' ကနဲ တစ်ချက်ရယ်၍ သွားဖြီးပြကာ သစ်ပင်ပေါ်မှ အောက်သို့ ဖောက်ထိုးဆင်းသွားလေတော့သည်။

ထိုမြင်ကွင်းကို မြင်သောအခါ မင်းထင်ကျော်မှာ စမ်းချောင်းထဲသို့ပင် မဆင်းဝံ့တော့ဘဲ စခန်းချရာသို့ ပြန်ပြေးလာရသည်။

သေနတ်ကြီး ကိုင်ကာ ကသုတ်ကရက် အမူအယာဖြင့် ပြန်လာသော သူ့ကို ကြည့်ပြီး စခန်းမှာ ကျန်နေသူများက ဝိုင်းမေးကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရေမချိုးဘဲနဲ့ သေနတ်ကြီးတကိုင်ကိုင်နဲ့ ဘာကြောင့်ပြန်လာတာလဲ"

"စမ်းချောင်းစပ်နားမှာ တောကောင်ကြီးတစ်ကောင်တွေ့ခဲ့လို့ပါ"

ဟု ပြောလိုက်တော့ ကျန်လူများမှာ ဆက်မမေးတော့ပေ။ ညအချိန်ရောက်တော့ တစ်ယောက်တစ်လှည့်စီ အိပ်ရန်တိုင်ပင်ကြသည်။

သုံးယောက်အိပ်ပြီး နှစ်ယောက်က ကင်းစောင့်ရန် ဖြစ်သည်။ ညဦးပိုင်းမှာ မင်းထင်ကျော်တို့ အိပ်ကြပြီး ကျော်ဌေးနှင့် ဗလကြီးတို့နှစ်ယောက်က ကင်းစောင့်ကြသည်။

သူတို့သည် ထင်းခြောက်များ ကောက်ကာ မီးဖိုထားကြသည်။ မင်းထင်ကျော်မှာလည်း ညဦးပိုင်း အိပ်ခွင့်ရသော်လည်း ညနေက မြင်လိုက်ရသော ထွန်းဇံ၏ပုံပန်းသဏ္ဌာန်ကို မျက်စိထဲမှာ မြင်ယောင်နေသောကြောင့် တော်တော်နှင့် အိပ်မပျော်ပေ။

ရွှေမိုးနှင့်ဘခင်တို့နှစ်ယောက်ကတော့ မောမောပန်းပန်းနှင့် တခူးခူး တခေါခေါနှင့်ပင် ဟောက်ကာ အိပ်ပျော်နေကြလေသည်။

ညဉ့်နက်ပိုင်းရောက်လာတော့ တောခွေးများ အူသံနှင့် အတူ ခေါ်သံများ ပေါ်ထွက်လာသည်။

"အစ်ကိုရေ. . . အစ်ကိုရေ"

"ဟင်. ."

မိန်းမတစ်ယောက်ခေါ်သံကြောင့် ကင်းစောင့်နေသူနှစ်ယောက်မှာ မျက်လုံးပြူးသွားကြသည်။

"အစ်ကိုရေ. . . ကျွန်မလာခဲ့မယ်နော်"

ထိုသို့အော်ပြောနေသောအသံမှာ သူတို့ရှိရာဘက်သို့ တဖြည်းဖြည်းနှင့် နီးလာလေသည်။

"အစ်ကိုရေ. . . ကျွန်မလာခဲ့မယ်နော်"

မင်းထင်ကျော်မှာ ဆက်မအိပ်ဝံ့တော့သဖြင့် နေရာမှ ထပြီး ကင်းစောင့်နေသူနှစ်ယောက်အနားသို့ သွားလေသည်။

"ဘာသံတွေလဲ ဗလကြီး"

"မသိဘူး. . . တောထဲက မိန်းမတစ်ယောက်အော်သံတော့ ကြားရတာပဲ၊ ကျွန်မလာခဲ့မယ်၊ ကျွန်မလာခဲ့မယ်လို့ တကြော်ကြော် အော်နေတာပဲ"

ထိုအခါ ကျော်ဌေးက စိတ်မရှည်သောအမူအယာဖြင့် ပြောလိုက်သည်။

"လာပစေပေါ့ကွာ. . . ဒင်းတောင် မကြောက်လို့ လာမှတော့ ကျော်ဌေးအကြောင်း ကောင်းကောင်းသိရစေမပေါ့"

ဟု လက်ထဲမှ ဓါးကို မြှောက်ပြရင်း ပြောလိုက်လေသည်။ ထိုသို့ပြောနေရင်းမှာပင် တောတိုးလာသောခြေသံကို အတိုင်းသား ကြားလာရသည်။

လရောင်မှုန်ဝါးဝါး ရှိနေသောကြောင့် သစ်ပင်သစ်ကိုင်းများ လှုပ်လာသည်ကိုပင် အတိုင်းသား လှမ်းမြင်နေကြရသည်။ အတန်ကြာတော့ တောစပ်သို့ မိန်းမတစ်ယောက် ထွက်လာသည်။







www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ဖားလျားချကာ မျက်နှာကို ကွယ်ထားသောကြောင့် မည်သူမည်ဝါမှန်းတော့ မသိရသေးပေ။

ထိုမိန်းမက မီးရောင်ရှိသောနေရာသို့ ဆက်မလာဘဲ အမှောင်ရိပ် ရှိသော တောစပ်မှာပင် ရပ်နေလေသည်။

တစ်ကြိမ်မှာတော့ လေတိုက်လိုက်သောကြောင့် ဆံပင်များက လွင့်သွားရာ သူမ၏မျက်နှာ လှစ်ခနဲ ပေါ်သွားလေတော့သည်။

"ဟင်. . . အေးမူ"

မင်းထင်ကျော်ပါးစပ်မှ ယောင်ပြီးအသံထွက်သွားသောကြောင့် ကျန်နှစ်ယောက်က လှည့်ကြည့်သည်။

"မင်းသိလို့လား"

"မသိပါဘူး. . . ယောင်သွားတာပါ"

ထိုအခါ ကျော်ဌေးက ဓါးကိုင်ပြီး ရှေ့သို့ ထွက်သွားသည်။

"နင်ဘယ်သူလဲ. . . လာမယ်လို့ ပြောပြီး လာခဲ့လေ"

သို့သော်လည်း ရပ်နေသောမိန်းမက ဘာမှပြန်မပြောဘဲ ရပ်မြဲရပ်နေလေသည်။

"နင်မလာရင် ငါလာခဲ့မယ်"

ဟု ပြောကာ ရှေ့သို့ ဆက်တိုးသွားသဖြင့် မင်းထင်ကျော်က အလန့်တကြား လှမ်းတားလိုက်သေးသည်။

"ကျော်ဌေး. . မသွားနဲ့. . မသွားနဲ့၊ အဲဒါ လူအစစ်မဟုတ်ဘူး"





သို့သော် အရက်မူးနေသောကျော်ဌေးက သူပြောတာကို မကြားတော့ပေ။

သူ အနားရောက်တော့ ထိုမိန်းမက မျက်နှာပေါ်မှာ အုပ်နေသောဆံပင်ကို လက်ဖြင့် ဖယ်ကာ ပြုံးပြလေသည်။

ထိုသို့ ဆံပင်များကို ဖယ်လိုက်တော့မှ သူသတ်ခဲ့သော အေးမူဖြစ်မှန်း သေချာသွားပေရာ မင်းထင်ကျော်မှာ မျက်လုံးပြူးသွားလေတော့သည်။

ကျော်ဌေး အနားရောက်လာသောအခါ ထိုမိန်းမက တောထဲ ပြန်လှည့်ဝင်သွားရာ ကျော်ဌေးလည်း နောက်မှ ဝင်လိုက်သွားလေတော့သည်။

"ကျော်ဌေး. . . မလိုက်နဲ့. . . လိုက်မသွားနဲ့"

သူ့အော်သံမှာ အတော်ကျယ်သွားလေရာ အိပ်မောကျနေသူနှစ်ယောက်ပင် ပြန်နိုးလာကြသည်။

"ဘာဖြစ်တာလဲ မင်းထင်ကျော်"

"ကျော်ဌေး မိန်းမတစ်ယောက်နောက်ကို လိုက်သွားတယ်၊ ပြန်ခေါ်နေတာ မရတော့ဘူး"

"ဘယ်က မိန်းမလဲ"

"ဒီတောထဲမှာ အချိန်မတော်ကြီး တစ်ယောက်တည်းလာမှတော့ နာနာဘာဝပဲ ဖြစ်မှာပေါ့ကွာ၊ ငါတို့လေးယောက်အမြန်လိုက်သွားမှဖြစ်မယ်၊ ကြာရင် ကျော်ဌေးတော့ ဒုက္ခရောက်တော့မှာပဲ"

ဟု ပြောကာ လက်နှိပ်မီးနှင့်လက်နက်များ ယူ၍ ကျော်



www.burmeseclassic.com

www.burmeseclassic.com



ငှေး ဝင်သွားရာနောက်သို့ လိုက်သွားရာ အစအနမျှပင် မတွေ့ရ တော့ပေ။

"ကျော်ငှေးရေ. . . ကျော်ငှေး"

တောအကြောင်းကို ကောင်းစွာမသိသေးသော ရွှေမိုး က အသံကျယ်ကျယ်ဖြင့် အော်ခေါ်လိုက်ရာ တိတ်ဆိတ်နေ သောအချိန်မို့ တောနက်ထဲမှာ ပဲ့တင်ထပ်သွားလေတော့သည်။

မရှေးမနှောင်းမှာပင် အရပ်လေးမျက်နှာမှ ခေါ်သံများ ထွက်လာလေတော့သည်။

"ကျော်ငှေးရေ. . . ကျော်ငှေး"

"ကျော်ငှေးရေ. . . ကျော်ငှေး"

ထိုသို့ခေါ်သံများ ကြားရတော့မှ လေးယောက်သား မျက်လုံးပြူးသွားကြပြီး ဆက်မခေါ်ဝံ့ကြတော့ပေ။

ထိုသို့ဖြစ်နေသော်လည်း နောက်ကြောင်းသို့ မပြန်ကြ ဘဲ နေရာအနှံ့ကို မီးရောင်များဖြင့် ထိုးကာ လိုက်ရှာကြသည်။

အတန်ကြာတော့ ခေါ်သံများက တဖြည်းဖြည်းနှ ပျောက်သွားပြီး တစ်နေရာနှစ်နေရာမှသာ ကြားရတော့သည်။

တစ်ကြိမ်မှာတော့ သူတို့ရောက်နေသောနေရာနှ အနီးဆုံးနေရာမှ ခေါ်သံထွက်လာသည်။

"ကျော်ငှေးရေ. . . ကျော်ငှေး"

"ကျော်ငှေးရေ. . . ကျော်ငှေး"

မင်းထင်ကျော်က အသံကြားသောနေရာသို့ မီးရော ဖြင့် လှမ်းထိုးကြည့်လိုက်သည်။





အသံထွက်နေသောအရာမှာ အခြားမဟုတ်ပေ။

သစ်တုံးနံဘေးမှာ ကပ်နေသော သင်းခွေချပ်တစ် ကောင်ပင်ဖြစ်တော့သည်။

ခေါ်သံများက ဂုဏ်ထံမှ ထွက်နေခြင်းဖြစ်သည်။ မီး ရောင်ဖြင့် လှမ်းထိုးလိုက်တော့ တစ်ကိုယ်လုံး ဖျာလိပ်သလို လိပ် သွားပြီး ခေါ်သံလည်း တိတ်သွားလေတော့သည်။

ဤသို့ဖြင့် မခေါ်ဝံ့တော့ဘဲ တစ်နေရာပြီးတစ်နေရာ လိုက်ရှာနေကြစဉ် တောထဲမှ ခေါ်သံကြားရပြန်သည်။

"ကျော်ငှေးရေ. . . ကျော်ငှေး"

"ကျော်ငှေးရေ. . . ကျော်ငှေး"

ပထမတော့ သင်းခွေချပ် ခေါ်သံဖြစ်မည်ဟု ထင်လိုက် ကြသေးသည်။

နောက်တော့မှ မဟုတ်ဘဲ ခေါ်သံက တဖြည်းဖြည်းနှင့် နီးလာပြီး ခြေသံပါ ကြားလာရတော့သည်။

လေးယောက်သား လက်နက်များကို အဆင်သင့် ကိုင် ပြီး ရပ်ကြည့်နေကြသည်။

ခဏကြာတော့ တောထဲမှ မည်းမည်းသဏ္ဌာန်ကြီး ထွက်လာလေသည်။

ခေါ်သံမှာ ဂုဏ်ထံမှ ထွက်နေခြင်းဖြစ်သည်။

"ကျော်ငှေးရေ. . . ကျော်ငှေး"

"ကျော်ငှေးရေ. . . ကျော်ငှေး"

မင်းထင်ကျော်က လက်နှိပ်မီးရောင်ဖြင့် ထိုးကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သောအခါ တောစပ်၌ ရပ်နေသူမှာ ကျော်ငွေးပင် ဖြစ်နေတော့သည်။

"ဟိုမှာ ကျော်ငွေး"

ကျော်ငွေးက သူတို့လေးယောက်ကို မြင်သော်လည်း ရှေ့ဆက်တိုးမလာဘဲ တောစပ်မှာပင် ရပ်တန့်ကာ ပါးစပ်မှ အသံနက်ကြီးဖြင့် ခေါ်မြဲခေါ်နေလေသည်။

မင်းထင်ကျော်တို့ လေးယောက်က တအံ့တဩနှင့် ကြည့်နေကြစဉ် ကျော်ငွေးကလည်း သူတို့လေးယောက်ကို မျက်ထောင့်နီကြီးဖြင့် လှမ်းကြည့်နေသည်။

"ကျော်ငွေး. . . ငါတို့လေကွာ၊ ဘာကြည့်နေတာလဲ ဒီကိုလာလေ"

မင်းထင်ကျော်က လှမ်းခေါ်လိုက်သည်။

သို့သော် ကျော်ငွေး မလာသေးပေ။

ထိုအခါမှ ဂရုပြုပြီး လှမ်းကြည့်သောအခါ ကျော်ငွေး ဝတ်ဆင်ထားသော အဝတ်အစားများမှာ စုတ်ပြဲလျက်ရှိနေပြီး ပါးစပ်အတွင်းမှလည်း သွေးများ စီးကျနေသည်။

"ဟေ့. . . ကျော်ငွေး. ဘာဖြစ်နေတာလဲ၊ လာလေကွာ"

ဟု နောက်တစ်ကြိမ်ခေါ်တော့မှ လှုပ်ရှားလာလေသည်။ သို့သော် ပုံမှန်လှုပ်ရှားလာခြင်းမျိုး မဟုတ်ဘဲ လက်ကြီးနှစ်ဖက်ကို ရှေ့သို့ တန်းပြီး တောင့်တောင့်ကြီး လျှောက်လာခြင်း ဖြစ်သေသည်။





"ဟေ့. . . ကျော်ငွေးအမူအယာကြည့်ရတာ သိပ်ဟန်ပုံ မပေါ်ဘူး"

"ဟုတ်တယ်. . . ပုံမှန်စိတ် မရှိတော့ဘဲ လူစိတ်ပျောက်နေသလိုပဲ"

"ဧကန္တ တောထဲ ဝင်သွားပြီး အပမှီလာပြီနဲ့တူတယ်"

ပြောနေကြရင်းနှင့်ပင် ကျော်ငွေးက မနီးမဝေးနေရာ ရောက်လာလေတော့သည်။

ဒီတော့မှ တစ်ကိုယ်လုံး အဝတ်အစားများ စုတ်ပြဲနေပြီး မျက်နှာတစ်ခုလုံး သွေးများ စွန်းပေနေလေသည်။

ထို့ထက် သူ၏လည်ပင်းမှာ ပုံမှန်ထက် ပိုရှည်ထွက်နေပြီး ဦးခေါင်းက ယိမ်းယိုင်လှုပ်ရှားလျက် ရှိနေလေသည်။ ထိုအခါမှ မင်းထင်ကျော်တို့လေးယောက်မှာ အခြေအနေကို သဘောပေါက်သွားကြလေတော့သည်။

"ဟေ့. . . ကျော်ငွေး အပမှီနေပြီ၊ အနားကပ်မခံကြနဲ့"

ဟု ပြောနေရင်းမှာပင် ကျော်ငွေးက အနားရောက်လာပြီး ပါးစပ်ဖြဲပြကာ နီးစပ်ရာလူများကို လိုက်ဆွဲလေရာ မင်းထင်ကျော်တို့လေးယောက်မှာ ကြောက်လန့်တကြားနှင့် ထွက်ပြေးရသတော့သည်။

အမှောင်ထဲမှာ ဖြစ်သောကြောင့် သစ်ပင်များနှင့်တိုက်၊ နှယ်များဖြင့် ငြိကာ လဲသူလဲကြလေသည်။

နောက်ဆုံး မင်းထင်ကျော်ကိုယ်တိုင်ပင် သစ်တုံးတစ်တုံး တိုက်မိပြီး ပစ်လဲကျသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကျော်ဌေးက တခြားလူဆီ မသွားတော့ဘဲ သူရှိရာသို့ လက်ကြီးနှစ်ဖက် ဆန့်တန်းကာ ဝင်လာသဖြင့် မင်းထင်ကျော်မှာ လက်ထဲမှာ ကိုင်ထားသောသေနတ်ဖြင့် နှစ်ချက်သုံးချက်ဆင့်ကာ ပစ်ချလိုက်လေတော့သည်။

"ဒိုင်း. . ဒိုင်း. . ဒိုင်း"

ရင်ဝကို သေနတ်ကျည်ဆန် ထိမှန်သောကြောင့် သွေးများ ပန်းထွက်လာသည်။

သို့တိုင်အောင် မလဲသေးဘဲ ရင်ဘတ်မှ ဒဏ်ရာများကို ငုံ့ကြည့်နေသေးသည်။

မင်းထင်ကျော်က တလှုပ်လှုပ် ဖြစ်နေသော လည်ပင်းနေရာကို ချိန်ပြီးပစ်တော့မှ ဇက်လည်ကျသွားပြီး ပုံလဲကျသွားတော့သည်။

ဒီတော့မှ လေးယောက်သား အနားကပ်ကြည့်သောအခါ ကျော်ဌေးမှာ အသက်မရှိတော့ပေ။

ပလ္လင်သုံးဆင့်တောမှာ အထိကရနေရာတစ်ခု ဖြစ်ကြောင်း လူတစ်ယောက် အသက်ဆုံးရှုံးသွားတော့မှ သတိပြုမိကြလေသည်။







**အခန်း( ၁၄ )**

# သေမင်းတောင်ချောက်သို့ ဆင်းမိခြင်း

ထိုညတစ်ညလုံးမှာတော့ ဘယ်သူမှ မအိပ်ဝံ့ကြတော့။ ကျော်ဌေးအလောင်းကိုလည်း တောထဲမှာ ဒီအတိုင်း ထားခဲ့ကြရသည်။

နောက်ထပ်အနှောင့်အယှက် တစ်စုံတစ်ရာ မတွေ့ကြသော်လည်း တစ်ညလုံး တောနက်ထဲမှ ခေါ်သံများကို ကြားနေရသည်။

"မင်းထင်ကျော်. . . ဒီနေရာက ,အတော်ကြမ်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



နေရာပဲ၊ မင်းရှာမယ့်ရတနာတွေကို မြန်မြန်ရှာဖွေပြီး ဒီနေရာက မြန်မြန်ပြန်ကြတာ ကောင်းမယ်ထင်တယ်"

"ဟုတ်တယ်. . . အခုတောင် ငါတို့အထဲက တစ်ယောက်သေသွားပြီ၊ ငါတို့အလှည့် ဘယ်တော့ ရောက်မလဲ မသိဘူး"

ကျန်လူများကလည်း ထိုနေရာတွင် ဆက်မနေချင်ကြတော့သဖြင့် ထိုသို့ပြောလာကြသည်။

နောက်တစ်နေ့ နံနက်လင်းသောအခါ ကျော်ဌေး အလောင်းကို သင်္ဂြိုဟ်ရန်အတွက် ထိုနေရာသို့ သွားကြသောအခါ မတွေ့ကြရတော့ပေ။

ပထမတော့ သူတို့ နေရာအမှတ်မှားသည်အထင်နှင့် အခြားနေရာများပါ လိုက်ကြည့်ကြတော့လည်း ကျော်ဌေး၏ အလောင်းမှာ ပျောက်ခြင်းမလှ ပျောက်နေတော့သည်။

နောက် ပထမနေရာ ပြန်လာကြည့်တော့မှ သူတို့ခြေရာများနှင့် သွေးကွက်များကို တွေ့ကြရလေသည်။

"ကျော်ဌေးအလောင်း ဘယ်ရောက်သွားပြီလဲ၊ ငါတို့ နေရာများ အမှတ်မှားနေတာလား"

"မမှားနိုင်ဘူး. . . ညက ငါ သေနတ်နဲ့ ပစ်လို့ လဲကျသွားတာ ဒီနေရာပဲ၊ ဟိုမှာ သွေးကွက်ကြီးတောင် ကျန်နေသေးတာပဲ"

မင်းထင်ကျော်က မြေပေါ်နှင့်သစ်ရွက်များအပေါ်၌ စွန်းပေနေသည့် သွေးကွက်များကို လက်ညှိုးထိုးပြသည်။





ကျန်သုံးယောက်မှာ သတ္တိကောင်းလှသည့် လူဆိုးလူမိုက်များ ဖြစ်ကြစေကာမူ ထိုကဲ့သို့ ကြောက်မက်ဖွယ်ကောင်းသော အဖြစ်အပျက်များကို ဆက်တိုက်ကြုံတွေ့ရသောအခါ မျက်စိမျက်နှာပျက်နေကြသည်။

ထိုသို့ ဇဝေဇဝါဖြင့် ရပ်နေကြစဉ်မှာ တောထဲမှ နင်းလျှောက်လာသောခြေသံကို ကြားရပြန်သည်။ ညကကဲ့သို့ အဖြစ်မျိုး ဖြစ်မည်စိုးသောကြောင့် ထိတ်လန့်တကြား လှည့်ကြည့်လိုက်ကြသည်။

ဒီတစ်ကြိမ်တော့ တောစပ်မှ ထွက်လာသူမှာ ကျော်ဌေး မဟုတ်ပေ။

အဘိုးအိုတစ်ယောက်ဖြစ်သည်။

ထိုအဘိုးအိုကို မြင်တော့ ကျန်သုံးယောက်က မသိသော်လည်း မင်းထင်ကျော်ကတော့ ကောင်းစွာမှတ်မိလေသည်။

ယခင် တောထဲမှာ တွေ့ခဲ့ဖူးသော အဘိုးအိုပင်ဖြစ်ပေသည်။

သူ အသက်ဘေးနှင့် ကြုံနေစဉ် အဘိုးအို ဆေးကုပေးခဲ့သဖြင့် အသက်ဘေးမှ ချမ်းသာရာရခဲ့ပုံကိုလည်း ပြန်လည်အမှတ်ရနေသည်။

"မင်းပြန်ရောက်လာပြန်ပြီလား"

အဘိုးအိုက တခြားသုံးယောက်ကို မကြည့်ဘဲ မင်းထင်ကျော်ကို ကြည့်၍မေးသဖြင့် ခေါင်းညိတ်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



“ငါပြောခဲ့တဲ့အတိုင်း မင်း ဘေးဒုက္ခတွေနဲ့ တွေ့ခဲ့ရပြီ မဟုတ်လား၊ အခုထိ အသိမရသေးဘူးလား”

မင်းထင်ကျော်က တွေတွေထူးထူး ဘာမှပြန်မပြောပေ။

“မင်းဆီမှာ ဇီဝရက္ခပတ္တမြား ပါလာပြီမဟုတ်လား၊ သူ့ရဲ့ မူလနေရာမှာ ပြန်ထားတော့မလား”

အဘိုးကြီးက ထိုသို့မေးလိုက်သဖြင့် အခြေအနေမှန်ကို မသိသေးသော ကျန်သုံးယောက်မှာ တအံ့တသြဖြစ်နေကြသည်။

“ဒီလောက်ဒုက္ခအမျိုးမျိုးနဲ့ ကြုံတွေ့ပြီးမှတော့ နောက်ထပ် တွေ့ရရင်လည်း ဂရုစိုက်စရာအကြောင်း မရှိတော့ဘူး။ ပတ္တမြားကိုတော့ ဘယ်နည်းနဲ့မှ ပြန်မပေးတော့ဘူး”

“ဒါကတော့ မင်းသဘောအတိုင်းပဲပေါ့ကွာ၊ အခုရော ဒီနေရာကို ရတနာပစ္စည်းတွေ ရှာဖို့ ပြန်လာတာ မဟုတ်လား”

“ဟုတ်တယ်. . . အဲ့ဒီနေရာကို ခင်ဗျားသိသလား”

“သိတာပေါ့ကွာ. . . ပလ္လင်သုံးဆင့်ရဲ့ အောက်တည့်တည့်မှာ ဌာပနာတိုက်ကြီး ရှိတယ်၊ အဲဒီထဲမှာ ပျူဘုရင်မ လှူဒါန်းထားခဲ့တဲ့ရတနာတွေ ရှိတာပေါ့၊ ဒါပေမယ့် လွယ်လွယ်နဲ့တော့ ဝင်လို့ရမှာ မဟုတ်ဘူး”

“ဘာကြောင့်လဲ”

“မြေအောက်ဌာပနာတိုက်ရဲ့ဝင်ပေါက်ကို မသိတဲ့လူတွေ ဖွင့်လို့မရဘူး၊ ဒီနေရာအကြောင်းကို သိတဲ့လူတွေ ရောက်လာမှသာ ဖွင့်လို့ရလိမ့်မယ်၊ ဒီတော့ ဌာပနာတိုက်ထဲ ဝင်ချင်ရင်တော့ သူတို့ ရောက်လာတဲ့အထိ စောင့်ပေါ့”





ဟု ပြောကာ တောထဲ ပြန်ဝင်သွားလေသည်။

ထိုအခါ ဘခင်က မေးသည်။

“အဲဒီအဘိုးကြီးက ဘယ်က လာတာလဲ”

“ငါလည်း မသိဘူး၊ တောထဲက ထွက်ထွက်လာတာပဲ တွေ့ရတယ်”

“လူရော ဟုတ်ရဲ့လား၊ မင်းနဲ့ ဘယ်တုန်းက သိနေတာလဲ”

“အရင်တစ်ခေါက် တောထဲ ရောက်တုန်းက တွေ့ဖူးတာ၊ လူမို့လို့သာ ငါတို့ကို အကျိုးအကြောင်း လာပြောပြတာ ဖြစ်မှာပေါ့”

“သူပြောတဲ့အတိုင်းရော ဟုတ်ပါ့မလား”

“ဟုတ်မဟုတ် တစ်ရက်နှစ်ရက်တော့ စောင့်ကြည့်ကြတာပေါ့. . . မကောင်းဘူးလား”

“မင်းပြောလို့သာ နေသာ နေရတယ်၊ ငါတို့တော့ ခပ်ကြောက်ကြောက်ပဲ”

ဟု ပြောဆိုကာ မင်းထင်ကျော်တို့လေးယောက်မှာ ပလ္လင်သုံးဆင့် နေရာတဝိုက်မှာပင် စခန်းချနေကြလေသည်။

ညဘက်မှာတော့ မည်သူမှ မအိပ်ဝံ့ဘဲ မီးဖိုတစ်ဖို ဖိုထားပြီး စကားပြောရင်း စောင့်ကြလေသည်။

ထိုညကတော့ မည်သည့်အနှောင့်အယှက်မှ မတွေ့ရပေ။

နောက်တစ်နေ့ နေ့လယ်ပိုင်းအချိန်ရောက်တော့ တော



www.burmeseclassic.com

www.burmeseclassic.com



တိုးလာသောအသံများနှင့် စကားပြောလာသောအသံများကို ကြားရသည်။

"သူတို့ လာကြပြီနဲ့တူတယ်၊ ငါတို့ တစ်နေရာမှာ ပုန်းပြီး စောင့်ကြရအောင်"

ဟု ပြောပြီး မီးဖိုကို လက်စဖျောက်လိုက်ပြီး လေးယောက်သား မနီးမဝေးရှိ သစ်တောများအတွင်းသို့ ဝင်ပြီး ခြေရာဖျောက်နေလိုက်ကြလေသည်။

အတန်ကြာသောအခါ သစ်တောအတွင်းမှ လူတစ်စု ထွက်လာကြလေသည်။

အခြားမဟုတ်ပေ. . .။

ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့ပင်ဖြစ်သည်။

၎င်းတို့သည် တစ်ယောက်နှင့်တစ်ယောက် စကားပြောရင်း အေးအေးဆေးဆေး အမူအယာဖြင့် လျှောက်လာကြသည်။

သူတို့လက်ထဲမှာ အခြားပစ္စည်းများ မပါဘဲ တူရွင်း၊ ပေါက်ပြားများသာ ပါလာကြသည်။

ရှေ့မှ ဦးဆောင်ပြီး ထွက်လာသော ဒေါက်တာမင်းထင်ကျော်မျက်နှာကို မြင်သောအခါ သစ်ချုံများအတွင်းမှာ ပုန်းနေသော မင်းထင်ကျော်မှာ များစွာအံ့သြသွားလေသည်။

ထို့ပြင် သူနှင့် ထောင်ထဲမှာ ဆုံတွေ့ခဲ့သော ဦးဇန်ကောင်းကိုပါ တွေ့ရသဖြင့် ပို၍အံ့သြရလေသည်။

"ထောင်ထဲမှာတုန်းက ဦးဇန်ကောင်း ပြောခဲ့သလိုပါပဲ





လား၊ ဟိုလူ့ရဲ့မျက်နှာက ငါ့မျက်နှာနဲ့ တထေရာတည်းပါလား"

ဟု တွေးမိလေသည်။

ထို့အတူ သူ့နောက်မှာ ပါလာသော ကျန်သုံးယောက်ကလည်း ဒေါက်တာမင်းထင်ကျော်ကိုတစ်လှည့်၊ မင်းထင်ကျော်ကိုတစ်လှည့် ကြည့်ပြီး အံ့သြနေကြသည်။

ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့က သူတို့ရှိနေသည်ကို ဂရုစိုက်မိဟန် မတူဘဲ ပလ္လင်သုံးဆင့် ရှိရာသို့ သွားကြလေသည်။

ထို့နောက်တွင် တူးရမည့်နေရာကို လိုက်လံရှာဖွေပြီး အရှေ့ဘက်မျက်နှာ ရှိသောဘက်ကို တူရွင်းပေါက်ပြားများဖြင့် တူးဆွနေလေသည်။

"သူတို့ တူးနေကြပြီ. . . ဘယ်လိုလုပ်မလဲ"

"အေးအေးကြည့်နေပါ. . . သူတို့ တူးပြီး လိုဏ်ခေါင်းထဲ ရောက်တော့မှ နောက်က ဝင်လိုက်သွားပြီး ပစ္စည်းတွေ ယူကြတာပေါ့၊ ငါတို့မှာ သေနတ်တွေ ပါတာပဲ၊ ဘာမှပူစရာမရှိပါဘူး"

ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့ အချိန်အတော်ကြာအောင် ပလ္လင်သုံးဆင့်နံဘေးနားမှာ ရှိသော တောင်ပို့မြေများကို ဖယ်ရှားလိုက်သောအခါ ပိတ်ထားသော ကျောက်တံခါးတစ်ချပ် ပေါ်လာလေသည်။

ထိုကျောက်တံခါးကို လူအင်အားဖြင့် ဖယ်ရှားလိုက်သောအခါ အတွင်းသို့ ဝင်သောအပေါက်ဝ ပေါ်လာသည်။ ထို အပေါက်မှ ကြည့်လျှင် အောက်ဖက်သို့ ဆင်းသွားသော



www.burmeseclassic.com

www.burmeseclassic.com



ကျောက်လှေခါးများကို တွေ့ရသဖြင့် တစ်ယောက်ပြီးတစ်ယောက် အောက်သို့ ဆင်းသွားကြသည်ကို လှမ်းမြင်နေရသည်။

အတန်ကြာအောင် စောင့်ကြည့်တော့လည်း အခြေအနေ မထူးတော့မှ မင်းထင်ကျော်တို့လေးယောက်မှာ သေနတ်များကို အဆင်သင့် ကိုင်ကာ ထိုနေရာသို့ သွားကြလေသည်။ အပေါက်ဝနား ရောက်ပြီး အတွင်းမှ အခြေအနေကို ငုံ့ကြည့်လိုက်တော့ လှေခါးထစ်များကိုသာ တွေ့ရပြီး လူတစ်ယောက်မှ မတွေ့ရတော့ပေ။

"ဟိုလူတွေ ဘယ်ရောက်သွားပြီလဲ"

"အောက်ဆင်းသွားလို့ဖြစ်မှာပေါ့"

"ဒီအပေါ်ကပဲ သူတို့ပြန်တက်လာတာကို စောင့်မလား။ ဒါမှမဟုတ် အထဲကို ဆင်းလိုက်သွားမလား"

"အပေါ်က စောင့်တော့ သူတို့ ယူလာတာပဲ ရမှာပေါ့။ ရတနာသိုက် တွေ့နေမှတော့ ကိုယ်လိုချင်တာ ဆင်းယူတာ ပိုမကောင်းဘူးလား"

"သူတို့တွေနဲ့ တွေ့လို့ ရန်မူလာရင် ဘယ်လိုလုပ်မလဲ"

"သေနတ်တွေ ပါတာပဲ၊ ကိုယ်က လက်ဦးအောင် ပစ်သတ်လိုက်ကြရုံပဲ ရှိတာပေါ့"

ဟု ပြောဆိုတိုင်ပင်ကာ ကျောက်လှေခါးများမှ တစ်ယောက်ပြီးတစ်ယောက် အောက်သို့ ဆင်းကြလေသည်။ လှေခါးထစ် တစ်ခုလျှင် တစ်တောင်ခန့်ရှိပြီး လှေခါးထစ်ပေါင်း(၁၈)ထစ် ရှိသောကြောင့် (၁၈)တောင်ခန့် အနက်ရှိလေသည်။





လေးယောက်သား မြေအောက်သို့ ရောက်သောအခါ နံရံလေးဘက် ပိတ်နေသည့် အခန်းကျယ်တစ်ခုအတွင်းသို့ ရောက်သွားကြလေသည်။

ထိုနေရာရောက်တော့ ရှေ့ဆက်သွားစရာလည်း မရှိ၊ ထွက်ပေါက်လည်း မတွေ့တော့ပေ။

အခန်းထဲမှာ ဖုန်နံ့များဖြင့် မွန်းကျပ်နေသည်။

"ဟိုလူတွေ ဘယ်ရောက်သွားပြီလဲ"

"ထွက်ပေါက်တစ်ခုခုကများ - ထွက်သွားကြလေရော့သလား"

"ဒီမြေတိုက်ထဲမှာ ထွက်ပေါက်မှ မရှိတာ၊ ဘယ်က ထွက်နိုင်မှာလဲ"

မြေတိုက်ခန်းမှာ (၁၈)ပေ ပတ်လည်ခန့် ကျယ်ဝန်းပြီး နံရံအမြင့်မှာလည်း (၁၈)ပေခန့်ပင်ရှိသည်။

ကျောက်သားနံရံများဖြင့် ထုထည်ခိုင်ခံ့စွာ ပြုလုပ်ထားခြင်းဖြစ်ပေသည်။

မင်းထင်ကျော်နှင့်အတူ ဆင်းလာသူများက နံရံများမှာ လျှို့ဝှက်တံခါးပေါက် ရှိသည်အထင်နှင့် လက်နှိပ်မီးဖြင့် ထိုးကာ လိုက်လံရှာဖွေနေကြသည်။

လျှို့ဝှက်တံခါးပေါက် မဆိုထားနှင့်၊ ဓားဖျား ဝင်လောက်စရာပင် အပေါက်မရှိပေ။

လေးဖက်လေးတန် ကျောက်နံရံများ ကာရံထားသော လိုက်ခေါင်းအတွင်းမှာ သူတို့ရှေ့မှ ဆင်းသွားသောသူများ



www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းစွာ ပျောက်နေလေသည်။

ထို့ထက် ထိုအထဲတွင် ရတနာပစ္စည်းဆို၍ အပ်တိုတစ်ချောင်းမျှပင် မရှိချေ။

မင်းထင်ကျော်တို့တတွေမှာ သေနတ်များကို နံဘေးမှာချထားပြီး အခြားထွက်ပေါက်နှင့် ရတနာများကို တွေ့လိုတွေ့ငြားလိုက်လံရှာဖွေနေကြစဉ် အသက်ရှူကြပ်လာသလိုဖြစ်လာသည်။

အခန်းထဲမှာလည်း တဖြည်းဖြည်း မှောင်လာသည်။

ထိုအခြေအနေကို သတိပြုမိသည်နှင့် ချက်ချင်း အပေါ်သို့ ပြန်တက်ရန် ဆုံးဖြတ်လိုက်သော်လည်း နောက်ကျသွားခဲ့ကြပြီ။

"ဝုန်း"

လှေခါးထိပ်မှာ ရှိသည့် တစ်ခုတည်းသော ဝင်ပေါက်မှာကျောက်ပြားချပ်ကြီးဖြင့် ပြန်ပိတ်သွားခဲ့ချေပြီ။ ထိုအခါမှ လေးယောက်သား ကျောက်လှေခါးထစ်များမှ အပေါ်သို့ အလျင်အမြန် ပြန်တက်ကြလေသည်။

ကျောက်တံခါးအနီးသို့ ပြန်ရောက်သည်နှင့် ခွန်အားကိုသုံးပြီး တံခါးဖွင့်ရန် ကြိုးစားကြလေသည်။

သို့စေကာမူ တံခါးက တုတ်တုတ်မျှ မလှုပ်တော့ပေ။

"ကျောက်တံခါးကို ဘယ်သူလာပိတ်သွားတာလဲ"

"ငါလည်း ဘယ်သိပါ့မလဲ၊ တစ်ယောက်ယောက်ကပိတ်သွားတာ ဖြစ်မှာပေါ့"

"တွန်းလို့လည်း မရဘူး၊ ငါတို့ဘယ်လိုထွက်ကြမလဲ"





ဟု ပြောပြီး နောက်ထပ်တစ်ကြိမ် လေးယောက်ပြိုင်တူအားစိုက်တွန်းကြသော်လည်း ကျောက်တံခါးချပ်က နည်းနည်းမှ မလှုပ်တော့ပေ။

သို့ကြောင့် မြေတိုက်အခန်းတွင်းသို့ တစ်ကျော့ပြန်ဆင်းပြီး ထွက်ပေါက်လိုက်ရှာကြသည်။

တံခါးပေါက် ပိတ်သွားသည်မှာ အချိန်အနည်းငယ်ကြာသွားခဲ့ပြီဖြစ်သောကြောင့် အသက်ရှူကြပ်လာသည်။

မြေတိုက်ခန်းတစ်ခုလုံးမှာလည်း အမှောင်ထုများကြောင့် မည်းမှောင်နေသည်။

ထိုအချိန်မှာ အမှောင်ထဲမှ အရိပ်သဏ္ဌာန်များ ပေါ်လာသည်။ သေဆုံးသွားကြပြီဖြစ်သော ဦးလဝီ၊ ထွန်းဇံ၊ အေးမူ၊ ကျော်ငွေး၊ ဦးကံသာတို့၏ပုံရိပ်သဏ္ဌာန်များပင် ဖြစ်တော့သည်။

၎င်းတို့ ပုံသဏ္ဌာန်များမှာလည်း မူလပုံရိပ်မျိုး မဟုတ်တော့ဘဲ ကြောက်မက်ဖွယ်ရာကောင်းသော အဆင်းသဏ္ဌာန်များ ဖြစ်နေတော့သည်။

ထိုမကောင်းဆိုးဝါးများက သူတို့လေးယောက်ကို ရန်ပြုရန် ချဉ်းကပ်လာကြသည်။

လက်ကြီးများ ဆန့်တန်းကာ ကိုးရိုးကားရားပုံသဏ္ဌာန်နှင့် တိုးဝင်လာရာ ချထားသော သေနတ်များကို ပြန်လည်ရှာဖွေကာ ကောက်ယူပြီး အနားကပ်လာသော မိစ္ဆာများကို သေနတ်ဖြင့် ပစ်ခတ်ကြလေတော့သည်။

"ဒိုင်း. . ဒိုင်း. . ဒိုင်း. . ဒိုင်း"



www.burmeseclassic.com

www.burmeseclassic.com



သေနတ်သံများက အလုံပိတ်နေသော မြေတိုက်ခန်းထဲမှာ နားကွဲလုမတတ် ဆူညံသွားတော့သည်။

ထိုသို့ပစ်သော်လည်း မကောင်းဆိုးဝါးများကို မထိဘဲ တစ်နေရာမှတစ်နေရာ ရွေ့လျားနေလေသည်။

"နှစ်ခါပြန်ပြီး သေချင်တဲ့ မိစ္ဆာကောင်တွေ သေကြဟာ သေကြဟာ. . ."

"ဒိုင်း. . ဒိုင်း. . ဒိုင်း. . ဒိုင်း"

မင်းထင်ကျော်တို့တတွေမှာ ဘာမှမမြင်ရဘဲ သေနတ်ဖြင့် မည်းမည်းမြင်ရာ ပစ်ခတ်ကြရာ နောက်ဆုံးမှာ အချင်းချင်း ထိမှန်ကာ လဲကျသွားလေတော့သည်။

တကယ်တော့ သူတို့အားလုံးမှာ လောဘစိတ်ကြောင့် သေမင်းထောင်ချောက်သို့ သက်ဆင်းမိကြခြင်းသာဖြစ်ပေတော့သည်။





## အခန်း [ ၁၅ ]

# လောက၏အလှဆုံးသောအရာ

နောက်တစ်နေ့မနက်ပိုင်းမှာတော့ ထိုနေရာသို့ စာမရီတို့အဖွဲ့ ရောက်လာကြသည်။

အဘိုးဦးဒီပက ခေါင်းဆောင်လာခြင်းဖြစ်ပြီး အားလုံး [illegible]ယောက်ခန့်ရှိသည်။

သူတို့ရောက်လာတော့ ပလ္လင်သုံးဆင့်ကို စောင့်ရှောက်[illegible]နေသောအဘိုးအိုက ထိုနေရာအနီးမှပင် ရပ်ပြီး ကြိုနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မြင်တော့ စာမရီတို့ တစ်ဖွဲ့လုံးက လက်အုပ်ချီ၍ ဦးညွှတ်ကာ အရိုအသေပေးလိုက်ကြသည်။

"အားလုံးဘေးကင်းကြရဲ့လား"

"ဘေးကင်းပါတယ် အဘိုး၊ ဒီမှာရော အနှောင့်အယှက် ပေးတဲ့လူတွေ ရှိပါသလား"

"ရှိတော့ရှိတယ်. . . ဒါပေမယ့် သူတို့ရဲ့လောဘစိတ်က သူတို့ကို ပြန်သတ်လို့ သေကုန်ကြပါပြီ"

စာမရီက ဦးကံသာကို သတ်၍ ပတ္တမြားယူသွားခဲ့သည့် မင်းထင်ကျော်တို့အဖွဲ့ဖြစ်မှန်း သိလိုက်လေ၏။

"သူတို့ဆီက ပတ္တမြားရော ပြန်ရပါပြီလား"

"ဂူထဲမှာ ရှိပါတယ်"

"ဒါဖြင့် သမီးတို့ ဘယ်လိုလုပ်ရမှာပါလဲ. . . အမိန့်ရှိပါ"

"သမီးတို့နဲ့ ပဋ္ဌာန်းဆက် ရှိတဲ့သူတွေ ရောက်လာကြဦးမှာ မဟုတ်လား၊ သူတို့ရောက်လာတော့မှ ပတ္တမြားနဲ့ ရတနာပစ္စည်းအချို့ကို ယူပြီး ဒီနေရာမှာ ပလ္လင်သုံးဆင့်စေတီတော် ပြန်တည်ကြရမှာပေါ့"

"ကောင်းပါပြီ. . . အဘိုးအမိန့်ရှိတဲ့အတိုင်း ဆောင်ရွက်ပေးပါ့မယ်"

ဟု ပြောဆိုကာ ထိုနေရာမှာပင် စခန်းချရင်း စောင့်ကြလေသည်။

နေ့လည်ပိုင်းအချိန်လောက်မှ ဒေါက်တာမင်းထင်ကျော်တို့ငါးယောက် ပလ္လင်သုံးဆင့်သို့ ရောက်လာကြသည်။





ဒေါက်တာမင်းထင်ကျော်က စာမရီနှင့် ပြန်တွေ့ရသဖြင့် ကျေနပ်ပျော်ရွှင်သွားဟန်ရှိလေသည်။ ထို့နောက်မှာတော့ ပလ္လင်သုံးဆင့်အဘိုးအို၏ လမ်းညွှန်ပေးမှုဖြင့် ပိတ်နေသော မြေတိုက်ခန်းတံခါး ကျောက်ပြားကို ခက်ခက်ခဲခဲ ဖွင့်၍ မီးတိုင်များ၊ လက်နှိပ်မီးများ ယူ၍ မြေတိုက်ခန်းအတွင်းသို့ ဆင်းကြလေသည်။

မြေပေါ်မှာတော့ အားလုံးအသက်ပျောက်နေပြီဖြစ်သော မင်းထင်ကျော်၊ ရွှေမိုး၊ ဘခင်နှင့် ဗလကြီးတို့အလောင်းများကို တွေ့ကြရသည်။

ဆံပင်ပုံစံ၊ အသားအရောင်နှင့် မေးစေ့၌ မှဲ့နက်တစ်လုံးရှိသည်သာ ကွဲပြားပြီး မိမိနှင့် ရုပ်ချင်း ခွဲမရအောင် တူသော မင်းထင်ကျော်မျက်နှာကို မြင်သောအခါ ဒေါက်တာမင်းထင်ကျော်မှာ များစွာအံ့ဩသွားလေတော့သည်။

ထို့နောက်မှာတော့ မင်းထင်ကျော်ထံမှ ဇီဝရက္ခပတ္တမြားကို ယူပြီး ၎င်းတို့၏အလောင်းများကို အပေါ်သို့ ခက်ခက်ခဲခဲ သယ်တင်ပြီးနောက် သစ်တောအတွင်းမှာ မြေမြှုပ်သင်္ဂြိုဟ်လိုက်သည်။

ဇီဝရက္ခ ပတ္တမြား ရပြီးသောအခါ အဘိုးအို ရောက်လာပြီး ဤသို့ပြောသည်။

"မြေတိုက်ထဲမှာ ပျူဘုရင်မ သိမ်းထားခဲ့တဲ့ ရတနာပစ္စည်းတွေ ရှိပါတယ်၊ အချို့ကို ဒီအတိုင်း ထားခဲ့ပါ၊ အချို့ကိုတော့ ယူပြီး စေတီတည်တဲ့အတွက် အသုံးပြုပါ၊ ငါးမြားတို့



www.burmeseclassic.com

www.burmeseclassic.com



အတွက်လည်း ထိုက်သင့်သလောက် ယူဆောင်ခွင့်ပြုပါတယ်၊ စေတီတည်ပြီးတဲ့အခါမှာ ဒီမြို့ဟောင်းနေရာမှာ ရှိကြတဲ့ ဘဝဆက်က ဆွေတော်မျိုးတော်တွေကို အမျှအတန်း ဝေပေးပါ"

"ကောင်းပါပြီ. . . ရတနာပစ္စည်းတွေက ဘယ်နေရာမှာပါလဲ"

"မြေတိုက်ခန်းထဲမှာပဲ ရှိပါတယ်"

"စောစောက ကျွန်တော်တို့ ဝင်သွားတော့ ဘာမှမရှိတော့ဘူး"

"မမြင်သင့်တဲ့အချိန်မို့ မမြင်ရတာပါ၊ မြင်သင့်တဲ့အချိန်ရောက်တော့ မြင်ရပါလိမ့်မယ်၊ ဒီတစ်ခေါက် ဆင်းကြည့်ရင်တွေ့ပါလိမ့်မယ်"

ဟု ပြောသဖြင့် နောက်တစ်ခေါက် ဆင်းကြည့်သောအခါ မြေတိုက်ခန်းထဲမှာ စုပုံထားသော ရတနာပစ္စည်းများကို ပြန်တွေ့ရသဖြင့် များစွာအံ့သြသွားကြလေသည်။

ထို့နောက်မှာ ရတနာပစ္စည်းအချို့လောက်ကိုသာ ယူဆောင်ပြီး ပြန်တက်လာကြသည်။

သူတို့ အပေါ်သို့ ပြန်ရောက်လာသည်နှင့် ရတနာသိုက်ကျောက်တံခါးချပ်ကြီးက သူ့အလိုအလျောက် ပြန်ပိတ်သွားရာ နောက်ထပ်ဖွင့်မရတော့ပေ။

ဒေါက်တာမင်းထင်ကျော်တို့လည်း ကတိပေးထားသည့်အတိုင်း ပြိုပျက်နေသော ပလ္လင်သုံးဆင့်ပေါ်မှာ မူလအရွယ်





အစားအတိုင်း စေတီတစ်ဆူ ပြန်လည်တည်ရန် ဆောင်ရွက်ကြလေသည်။

ထိုကိစ္စကိုတော့ ဦးဒီပနှင့်ဦးဇန်ကောင်းတို့နှစ်ယောက်ကပင် ဦးဆောင်ပြီး လုပ်ကိုင်ကြလေသည်။ စေတီတော် တည်နေသောအချိန်မှာ ပျူအဝတ်အစားများ ဝတ်ဆင်ထားသောယောကျ်ားမိန်းမများ ရောက်လာပြီး ရတနာပစ္စည်းများ လာရောက်လှူဒါန်းကြခြင်း၊ တောချို့ သစ်ပင်များ ဝိုင်းဝန်းရှင်းလင်းပေးခြင်း၊ ဘုရားတည်ရာမှာ အကူအညီပေးခြင်းများအပြင် ညအချိန်ရောက်လာ၍ ၎င်းတို့ နားနေသောအချိန်မှာ ဘုရားတည်ပေးမည့်သူများ ရောက်လာပြီး သူ့အဖွဲ့နှင့်သူ လုပ်ကိုင်ကြသဖြင့် စေတီတော်တည်ခြင်းကိစ္စမှာ လျင်မြန်စွာဖြင့် ပြီးစီးအောင်မြင်ခဲ့ပေသည်။

ဒေါက်တာမင်းထင်ကျော်အနေနှင့်ကတော့ တာဝန်ယူထားခဲ့သောကိစ္စတစ်ခု အောင်မြင်ပြီးမြောက်ခဲ့သည့်အပြင် ရှေးဟောင်း ဘုရားတစ်ဆူကို ပြန်လည်ပြုပြင်ရသဖြင့် ဝမ်းသာကျေနပ်နေမိလေသည်။

ထို့ထက်. . .

ထိုရက်များအတွင်းမှာပင် စာမရီနှင့် အတူတကွနေထိုင်လုပ်ကိုင်ရသဖြင့် စိတ်ထဲမှာ ပျော်ရွှင်နေမိလေသည်။

အလုပ်နားသောအချိန်ရောက်လျှင် ပလ္လင်သုံးဆင့်နှင့်နီးမဝေးမှာ ရှိသော စမ်းချောင်းနံ့ဘေးသို့ နှစ်ယောက်အတူသွားကာ စကားပြောဖြစ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါထက် ဘုရားတည်ပြီးသွားလို့ အားလုံးကိစ္စတွေ ပြီးသွားရင် ဘယ်ကို ခရီးဆက်ကြမှာလဲဟင်"

"ကျွန်မတို့ကတော့ ကိုယ့်ဒေသဖြစ်တဲ့ မြောက်ပိုင်းဘက်ကိုပဲ ပြန်ရမှာပါ"

"ကျွန်တော်တို့နှစ်ယောက် ဆုံတွေ့ရပုံကတော့ အတော်ကလေး ဆန်းကြယ်တယ်နော်၊ ကျွန်တော့်စိတ်ထဲမှာတော့ အိပ်မက်တစ်ခုလိုပဲလို့တောင် ထင်နေမိတယ်"

စာမရီက အားနည်းစွာ တစ်ချက်ပြုံးလိုက်သည်။

"ကိုယ့်နေရာပြန်ရောက်သွားရင် ဒီအကြောင်းတွေ အိပ်မက်လိုပဲ တဖြည်းဖြည်းနဲ့ ဝေဝါးပျောက်ကွယ်သွားမှာ မဟုတ်လား"

"စာမရီနဲ့ ဆုံတွေ့ခဲ့တဲ့အကြောင်းတွေကိုတော့ ဘယ်တော့မှ မမေ့ပါဘူး၊ အထူးသဖြင့် ဦးကံသာအိမ်မှာ စပြီးတွေ့တဲ့ညက အဖြစ်အပျက်ကိုပေါ့"

စာမရီမျက်နှာပေါ်မှာ ပန်းနုရောင်သမ်းသွားလေသည်။

"ကိုမင်းထင်ကျော်တို့ပြန်ရင် ရွှေ၊ ငွေ၊ ရတနာတွေကို ယူသွားခွင့်ရမှာဆိုတော့ ဝမ်းမသာဘူးလားဟင်"

"ကျွန်တော်တို့ မယူပါဘူး"

"ဟင်. . . ဘာဖြစ်လို့လဲဟင်"

"ဒီရတနာပစ္စည်းတွေရဲ့ မူလပိုင်ရှင်တွေက ဘုရားအတွက် ရည်စူးပြီး ထားခဲ့တာဆိုတော့ မယူထိုက်ပါဘူး"

"ဒါပေမယ့် စောင့်ရှောက်နေတဲ့ သက်ဆိုင်ရာ အဘိုးကိုယ်တိုင်က ခွင့်ပေးနေမှတော့ သုံးစွဲခွင့် မရှိဘူးလား"

"ကျွန်တော်က ရတနာပစ္စည်းတွေ မလိုချင်ပါဘူး"

"ဘာများ လိုချင်နေလို့လဲ"

"ပွင့်ပွင့်လင်းလင်းပြောရရင်တော့ စာမရီရဲ့မေတ္တာကိုပဲ ဆိုချင်တာပါ၊ တစ်ခါက စာမရီ မေးတော့ ကျွန်တော်လိုချင်တဲ့ အရာ ရှိတယ်ဆိုတာ စာမရီရဲ့မေတ္တာပါပဲ"

စာမရီက ခေါင်းကလေး ငုံ့ကာ သက်ပြင်းရှည်တစ်ချက် ချလိုက်လေသည်။

"ဘယ်လိုလဲ စာမရီ အခုလိုပြောတော့ အခွင့်အရေး ယူသလို ဖြစ်ပြီး ကျွန်တော့်အပေါ် စိတ်ဆိုးသွားပြီလားဟင်"

"ကျွန်မ ကိုမင်းထင်ကျော်ကို စိတ်မဆိုးပါဘူး၊ ဒါပေမယ့်. . ."

"ဒါပေမယ့် ကိုယ့်ထက်ဦးသူ ရှိနေလို့လား၊ ဒီလိုဆိုရင်တော့ တောင်းပန်ပါတယ်"

"ကျွန်မမှာ ချစ်သူလည်း မရှိသေးပါဘူး၊ ရည်စူးထားသူလည်း မရှိပါဘူး၊ ဒါပေမယ့် ကိုမင်းထင်ကျော်မေတ္တာကို လက်ခံခံစားပေးဖို့တော့ ကျွန်မအတွက် အချိန်မပေးတော့ဘူးလား"

"စာမရီ ပြောတာ မှန်ပါတယ်၊ အချိန်ပေးသင့်ပါတယ်၊ ဒါပေမယ့် ကိစ္စတွေ ပြီးတာနဲ့ ကိုယ့်နေရာကိုယ် ပြန်ကြတော့မှာဆိုတော့ နောက်တစ်ကြိမ် ဘယ်လိုတွေ့ကြမလဲ၊ စာမရီ ကိုယ့်ကို အမှန်အတိုင်း ပြောပါ၊ ကိုယ်က စာမရီအပေါ် မေတ္တာရှိနေသလို စာမရီကရော မတုံ့ပြန်နိုင်ဘူးလား၊







www.burmeseclassic.com

www.burmeseclassic.com



ဒီလိုသိရမှလည်း ရှေ့ဆက်ရမယ့်လမ်းကို ရွေးလို့ရမှာပါ"

"ကျွန်မ ကိုယ့်ကိုယ်ကိုလည်း မလှည့်စားချင်တော့ပါဘူး ကိုမင်းထင်ကျော်ရဲ့မေတ္တာကို လက်ခံပေးဖို့ စဉ်းစားနေတာပါ ဒါပေမယ့် မေတ္တာကို ယုံကြည်လို့သာ ပုံပေးရတယ်၊ စိတ်ထဲကတော့ တစ်ခုခု ဖြစ်လာမှာကို စိုးရွံ့နေမိတယ်"

"ဒီအတွက် ဘာမှ စိတ်သောက မဖြစ်ပါနဲ့၊ ကိုယ့်ဘဝမှာလည်း စာမရီက အချစ်ဦးပါပဲ၊ ဒုနှောင့်အယှက်ပေးမယ့်သူလည်း မရှိပါဘူး"

"ဒီလိုဆိုရင် ဘယ်လိုလုပ်မှာလဲဟင်"

"တခြားရွေးစရာ ဘာမှမရှိတော့ဘူး၊ ဒီက ကိစ္စတွေပြီးတာနဲ့ လူကြီးတွေဆီမှာ ခွင့်တောင်းပြီးတော့ စာမရီကို ရန်ကုန်ခေါ်သွားမယ်၊ ဟိုရောက်တော့မှ လက်ထပ်ကြမယ်. . မကောင်းဘူးလား"

"မောင်သဘောကျသလိုသာ စီစဉ်ပါတော့ မောင်ရယ် ကျွန်မကတော့ ဘဝတစ်ခုလုံး မောင့်ရဲ့လက်ထဲကို အပြီးအပ်လိုက်ပါပြီ၊ ကျန်တာတွေလည်း ဘာမှမတွေးချင်တော့ပါဘူး"

ဟု ပြောပြီး ဒေါက်တာမင်းထင်ကျော်ရင်ခွင်ထဲသို့ တိုးဝင်လာရာ စာမရီကိုယ်ကလေးကို တင်းနေအောင် ဖက်ထားလိုက်လေတော့သည်။

စမ်းချောင်းကလေးဆီမှ ရေစီးသံများက သံစဉ်မညီသော ဂီတသံများသဖွယ် ကြားနေရသည်။



BURMESE CLASSIC .com



ကျေးငှက်များ၏အော်မြည်သံများကလည်း သာယာနာပျော်ဖွယ်ရာရှိသည်။

ပတ်ဝန်းကျင်မှာ ရှိသမျှအရာအားလုံးတို့မှာ အချစ်စိတ်ဖြင့် ကြည့်သောအခါ သာယာလှပလျက်ပင်ရှိနေကြသည်။

သို့သော် သူတို့နှစ်ဦး၏ ရင်တွင်းခံစားချက်ကတော့ အရာအားလုံးထက် လှပလျက်ပင်ရှိနေချေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (ပလ္လင်သုံးဆင့် မြိုင်သေလာ) အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်မှာလည်း ဤနေရာ၌ပင် နိဂုံးကမ္ပတ် အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။

အနိစ္စယာဟောတု သုခိအတ္တာနံ ပရိဟရန္တု။

# ကြိုစက္ခ

စာပြီးချိန်။ ။ (၂၀၁၀)ခုနှစ်၊ ဇူလိုင်လ(၁)ရက်၊ ကြာသပတေးနေ့ နံနက်(၉)နာရီအချိန်။



www.burmeseclassic.com